မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၁)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၇

Yangon Innovation Centre (ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာန) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့် ကျန်းမာရေးဆိပ်ကမ်းဝင်းရှိ အဆိုပါစင်တာ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Yangon Innovation Centre ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Yangon Innovation Centre (ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာန) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

(၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ မြဝတီ (MWD)၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MRTV Webportal Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အာဇာနည်နေ့အကြိုဆောင်းပါး

အာဇာနည်နေ့သန္နိဋ္ဌာန်

စာမျက်နှာ - ၆

စေတနာသေး မေတ္တာသေး သစ္စာသေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

တီထွင်ဆန်းသစ်မှုများအတွက် ရေခံမြေခံကောင်း

တီထွင်ဆန်းသစ်ဖန်တီးမှုများကြောင့် လူသားကမ္ဘာကြီး ပြောင်းလဲတိုးတက်လာခဲ့ရသည်။ ၁၈၈၀ မတိုင်မီက ညဆိုလျှင် အမှောင်ထုအောက်မှာ အိပ်စက်ကြရသည့် လူနေမြို့ရွာများသည် သောမတ်စ်အက်ဒီဆင် တီထွင်သော မီးလုံးများကြောင့် ၁၈၈၀ ပြည့်လွန်နှစ်များတွင် လျှပ်စစ်မီးရောင်များဖြင့် နေ့အလား ထိန်ထိန်ညီးခဲ့ရသည်။

မိမိတို့၏ နေ့စဉ်လူနေမှုဘဝ၏ အရာရာအားလုံးတို့မှာ တီထွင်ဆန်းသစ်မှုများ၏ ရလဒ်များဖြစ်ကြသည်။ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အနုပညာ စသည် စသည်ဖြင့် လူသားတို့နှင့် ဆက်စပ်ပတ်သက်သမျှ နယ်ပယ်တိုင်းမှာ တီထွင်ဖန်တီးဆန်းသစ်မှုများကြောင့် ပြောင်းလဲတိုးတက်နေရခြင်းဖြစ်သည်။ တီထွင်ဖန်တီးမှုများသည် လူသားတို့၏ လိုအပ်ချက်များအရဖြစ်စေ၊ ဉာဏ်အလင်းပွင့်မှုများမှဖြစ်စေ ပေါ်ထွက်လာကြရသည်။ တီထွင်ဆန်းသစ်မှုတိုင်းတွင် အချိန်၊ ငွေကြေး စသည့် အရင်းအနှီးများကို သုံးစွဲကြရသလို စွန့်စားရသည့် သဘောလည်း ရှိသည်။ အောင်မြင်မှုပန်းတိုင် မရောက်မချင်း ရှုံးနိမ့်ခြင်း အကြိမ်ကြိမ်တို့ကို ရင်ဆိုင်ကျော်ဖြတ်ကြရသည်။ မည်သို့ပင်ဖြစ်စေ တီထွင်ဖန်တီးသူများ၊ သုတေသနပြုသူများအတွက် ရေခံမြေခံကောင်းများရှိနေပါက လူသားတို့၏ လိုအပ်ချက်များအရ တီထွင်ဆန်းသစ်မှုများက မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပြောင်းလဲတိုးတက်နေမည်သာဖြစ်သည်။ မိမိတို့ ယနေ့သုံးစွဲနေသည့် ဖုန်းများနှင့် အလက်ဇန္ဒြားဂရေဟမ်ဘဲလ် တီထွင်ခဲ့သည့် တယ်လီဖုန်းတို့ အကွာကြီးကွာခဲ့ပြီဖြစ်သည်မှာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် တီထွင်ဆန်းသစ်မှုများကြောင့်ပင် ဖြစ်သည်။

ယနေ့ကမ္ဘာသည် စတုတ္ထမြောက် စက်မှုခေတ်ဆီသို့ဝင်ရောက်ရန် တာစူနေပြီ။ မှတ်ဉာဏ်တုနည်းပညာ၊ နာနိုနည်းပညာများနှင့်အတူ လူသားကမ္ဘာသည် နောက်တစ်ဆင့်အပြောင်းအလဲဆီသို့ ဦးတည်လျက်ရှိနေပြီဖြစ်သည်။ လယ်ယာစီးပွားအခြေခံနိုင်ငံဘဝမှာ ရှိနေဆဲဖြစ်သည့် မိမိတို့နိုင်ငံသည် စတုတ္ထစက်မှုတော်လှန်ရေးနှင့်ကမ္ဘာ့အပြောင်းအလဲတွင် မည်သည့်အခန်းကဏ္ဍ ရပ်တည်နိုင်မည်လဲဟု ဆင်ခြင်တွေးဆစရာပင်ဖြစ်သည်။ "ကျွန်မတို့နိုင်ငံရဲ့ပထဝီအနေအထား အားသာချက်ကနေ သန့်ရှင်းတဲ့ စွမ်းအင်တွေ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အော်ဂဲနစ်သီးနှံတွေ အမြောက်အမြား ထုတ်လုပ်ပေးနိုင်တဲ့ အခြေအနေကောင်းတွေလည်း ရှိနေပါတယ်။ စိုက်ပျိုးမြေလက်ကျန် အများအပြား ကျန်ရှိနေတဲ့ အခြေအနေတွေကလည်း နည်းပညာ၊ တီထွင်ဆန်းသစ်မှုတွေနဲ့ ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် လယ်ယာအင်အားကြီးတဲ့ **Agri-Power** နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိလာနိုင်မယ့် အခွင့်အလမ်းတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်"ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပါ ပြောကြားချက်များမှာ နိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် ကမ္ဘာကြီး၏ အပြောင်းအလဲတွင် လိုက်ပါနိုင်မည့် အခန်းကဏ္ဍတို့ကို ရှင်းလင်းစွာ သိနားလည်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းကျော်တို့ နေထိုင်ရာ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဂိတ်တံခါးဖြစ်သည့် ရန်ကုန်မြို့၏ အချက်အချာနေရာ၊ ရန်ကုန်မြစ်ကမ်းပေါ်တွင် **Yangon Innovation Centre** (ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာန)ကို ဇူလိုင် ၁၇ ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ယင်းဗဟိုဌာနသည် တီထွင်ဖန်တီးလိုသူ လူငယ်များ၏ အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ရေခံမြေခံကောင်းများတည်ရှိရာနေရာလည်း ဖြစ်သည်။ လူငယ်တို့၏ စိတ်ကူးအသစ်၊ တီထွင်ဆန်းသစ်မှုများဖြင့် နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး စသည့် ကဏ္ဍများကို မဝေးတော့သည့် အနာဂတ်တွင် အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင့်တင်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဒေါက်တာဘဟန် ဒုတိယပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၂)	ဒေါက်တာဝင်းနိုင် ဒုတိယပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၃)	ဒေါက်တာအောင်ကျော် ဒုတိယပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

Uncle Boonmee Who Can Recall His Past Lives အမည်ရှိ ထိုင်းရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ဒါရိုက်တာ Apichatpong Weerasethakul ၏ "Uncle Boonmee Who Can Recall His Past Lives" ဇာတ်ကားအား ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၁)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

ထိုင်းရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော "Uncle Boonmee Who Can Recall His Past Lives" ရုပ်ရှင်ဇာတ်ကားသည် ထိုင်းဒါရိုက်တာ Apichatpong Weerasethakul ၏ လက်ရာကောင်းတစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ပြင်သစ်နိုင်ငံ Cannes Film Festival တွင် Palmed'Or ဆုကို ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

UK's National Accreditation Body မှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ် (QMS) လက်မှတ်ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

UK's National Accreditation Body မှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ် (QMS) လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ Bureau veritas မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းထွဋ်က ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ် (QMS) လက်မှတ်ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုရရှိသော ISO အမျိုးအစားသည် United Kingdom Accreditation Service (UKAS) London မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအတွက် အသိအမှတ်ပြုပေးအပ်သည့် ISO 9001:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ် (QMS) လက်မှတ်ဖြစ်ပြီး ယခုကဲ့သို့ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလတွင် ISO အရည်အသွေးစီမံခန့်ခွဲမှုစနစ်များအား စွန့်စားစွန့်လွှတ်ရမှုများအပေါ် အခြေခံသော တွေးခေါ်မှုဖြင့် ISO 9001:2008 မှ ISO 9001:2015 ကိုပြောင်းလဲသတ်မှတ် လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါ ISO 9001:2015 QMS လက်မှတ်ရရှိခဲ့ခြင်းကြောင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဓာတ်ခွဲခန်းသုတေသန လုပ်ငန်းများမှ သုတေသီပညာရှင်များ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်တွေးခေါ်လုပ်ဆောင်မှုများ သိရှိခံယူနားလည်လာခြင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဓာတ်ခွဲခန်းသုတေသနလုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လာနိုင်ခြင်း၊ ISO 9001:2015 လက်မှတ်ရရှိပြီး နှစ်စဉ်စစ်ဆေးမှုများ ရှိလာမည်ဖြစ်ခြင်းကြောင့် မိမိတို့သုတေသနဓာတ်ခွဲခန်းများအား အဆင့်မီဆက်လက်ထိန်းသိမ်းလာနိုင်ခြင်း၊ မသိသေးသော ဓာတ်ခွဲနည်းပညာစနစ်များ အချင်းချင်းဖလှယ်ရယူနိုင်ခြင်းနှင့် ဓာတ်ခွဲခန်းသုတေသနလုပ်ငန်းများ၏အရည်အသွေးများ ပိုမိုတောက်ပြောင်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

သုတေသန ဓာတ်ခွဲခန်းများ၏ အရည်အသွေးကို မြှင့်တင်လျက် တိကျမှန်ကန်သည့် ဓာတ်ခွဲတွေ့ရှိချက်များအား ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးနှင့် ခိုင်မာမှန်ကန်သည့် သုတေသနဓာတ်ခွဲတွေ့ရှိချက် ရလဒ်ကောင်းများ ရရှိလာစေရန် ရည်ရွယ်လျက် ISO 9001:2015 လက်မှတ်ရရှိရေးကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၈ ရက်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦး၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ သုတေသနပညာရှင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်၊ Bureau veritas မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းထွဋ်၊ Myanmar Access International Co.,Ltd. မှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းလွင်နှင့် ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်တွင်းမှ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လို တိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

❊ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကား ပြောကြားရာတွင် "တီထွင်ဆန်းသစ်မှုဟာ ဒီကနေ့ ကမ္ဘာတစ်ဝန်းမှာ စတုတ္ထမြောက် စက်မှုတော်လှန်ရေး ကူးပြောင်းမှုကာလရဲ့ထိပ်တန်းဦးစားပေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာခဲ့ပါပြီ။ ဖွံ့ဖြိုးပြီးတိုးတက်တဲ့ နိုင်ငံတွေမှာတော့ စတုတ္ထမြောက်စက်မှုခေတ်ကိုဦးတည်ပြီး လယ်ယာကဏ္ဍကစလို့ ပညာရေးကဏ္ဍအထိ၊ ကဏ္ဍတိုင်း၊ နယ်ပယ်တိုင်းမှာ မှတ်ဉာဏ်တုနည်းပညာ (Artificial Intelligence-AI) နဲ့ အရာရာအင်တာနက် (the Internet of Things-IOT) ဆိုတဲ့ အခြေအနေတွေကို ရောက်ရှိလာနေခဲ့ပါပြီ။ ကုန်ထုတ်လုပ်မှု ကဏ္ဍမှာလည်း လူသား-စက်ယန္တရား ထိတွေ့လုပ်ကိုင်နေရာကနေ စက်ယန္တရားနဲ့ပဲ အလိုအလျောက်စနစ်ကို ပြောင်းလဲဆောင်ရွက်လာနေကြပါပြီ။ ခြုံပြီးပြောရရင် ကမ္ဘာ့နိုင်ငံအများအပြားဟာ စတုတ္ထမြောက် စက်မှုခေတ် (Industry 4.0)၊ တစ်နည်းပြောရရင် စတုတ္ထမြောက် စက်မှုတော်လှန်ရေး(Fourth Industrial Revolution) အတွက် အဆင်သင့်ပြင်ဆင်နေကြပြီလို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံရဲ့ အားသာချက်

"ကျွန်မတို့နိုင်ငံရဲ့ပထဝီအနေအထား အားသာချက်ကနေ သန့်ရှင်းတဲ့စွမ်းအင်တွေ၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အော်ဂဲနစ်သီးနှံတွေ အမြောက်အမြားထုတ်လုပ်ပေးနိုင်တဲ့ အခြေအနေကောင်းတွေလည်း ရှိနေပါတယ်။ စိုက်ပျိုးမြေလက်ကျန် အများအပြားကျန်ရှိနေတဲ့ အခြေအနေတွေကလည်း နည်းပညာ၊ တီထွင်ဆန်းသစ်မှုတွေနဲ့ ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် လယ်ယာအင်အားကြီးတဲ့ Agri-Power နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိလာနိုင်မယ့် အခွင့်အလမ်းတွေလည်း ရှိနေပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်။

"ကျွန်မအနေနဲ့ အစဉ်တစိုက် စွဲစွဲမြဲမြဲယုံကြည်ထားတာ ရှိပါတယ်။ မကြာခဏလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ စတုတ္ထမြောက် စက်မှုခေတ် (Industry 4.0) ပဲ ဖြစ်ဖြစ်၊ ဘယ်ခေတ်ဘယ်ကာလမှာပဲဖြစ်ဖြစ် အဓိကအရေးအကြီးဆုံးက ကျွန်မတို့ရဲ့လူသားအရင်းအမြစ်ဖြစ်တဲ့ ကျွန်မတို့ ပြည်သူလူထုတွေပဲဖြစ်ပါတယ်။ လူကြီး၊ လူငယ်မရွေး နိုင်ငံသားတိုင်း တန်ဖိုးရှိပါတယ်။ လူသာအဓိကဖြစ်တဲ့အတွက် ကျွန်မတို့ ကြိုးစားကြဖို့ အရေးကြီးပါတယ်။ စတုတ္ထမြောက် စက်မှုခေတ်အပြင် နောင်လာမယ့် ပဥ္စမမြောက်၊ ဆဋ္ဌမမြောက်ခေတ်တွေကို ကူးပြောင်းရာမှာတော့ ကျွန်မတို့ရဲ့ လူငယ်တွေရဲ့အင်အားက အဓိကဖြစ်ပါတယ်။

"လက်ရှိ ကျွန်မတို့ မြန်မာနိုင်ငံမှာဆိုရင် မိုဘိုင်းဖုန်းဆင်းကတ်သုံးစွဲမှု နှုန်းထားဟာ ၁၂၆ ရာခိုင်နှုန်းအထိ ရောက်ရှိလာနေပါပြီ။ အော်တိုတယ်လီဖုန်းလွှမ်းခြုံနိုင်ဖို့ ခက်ခဲတဲ့ဒေသတွေမှာ ထပ်ဆင့်လွှင့်စက်တွေ ဖြန့်ကြက်ချထားပြီး မိုဘိုင်းတယ်လီဖုန်းလွှမ်းခြုံလာနိုင်တဲ့ အခြေအနေသစ်ကိုကြည့်မယ်ဆိုရင် နည်းပညာတွေ၊ တီထွင်ဆန်းသစ်မှုတွေနဲ့ ကျွန်မတို့ရဲ့ တိုးတက်မှုကို အချိန်တိုတိုအတွင်း ခုန်ပျံကျော်လွှားနိုင်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုမှာ နောက်ကျခဲ့ရတဲ့အတွက် ကိုယ့်ရှေ့က နိုင်ငံတွေကိုလေ့လာပြီး နောက်ကျသူရဲ့အားသာချက်အဖြစ် ရှောင်ရာ၊ ဆောင်ရာကို သတိပြုကာ ဦးနှောက်နဲ့နည်းပညာကို ဟန်ချက်ညီ အသုံးချနိုင်မယ်ဆိုရင် အချိန်နဲ့အရင်းအနှီးတွေကို ချုံ့ပစ်နိုင်စွမ်းရှိလာမှာ ဖြစ်ပါတယ်။

မြန်မာလူငယ်များမည့်ပါ

"ကျွန်မတို့လူငယ်တွေဟာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ စွမ်းအားတွေရှိကြပါတယ်။ မကြာမီနှစ်တွေအတွင်း University of Information Technology က ကျောင်းသားကျောင်းသူတစ်စုဟာ မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ ASEAN Makerthon မှာ ဗိုလ်စွဲသွားတဲ့ တရုတ်ကျောင်းသားတွေနဲ့ အပြိုင် ဒုတိယဆုရရှိခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသားအဖွဲ့ဟာ (၂၀၁၇) ခုနှစ်၊ ကမ္ဘာ့စက်ရုပ်စိန်ခေါ်မှုပြိုင်ပွဲမှာ အဆင့် (၆) ရရှိခဲ့တာလည်း အားလုံးသိကြပါလိမ့်မယ်။ ကျွန်မအနေနဲ့ အဓိက မီးမောင်းထိုးပြီး ပြောကြားလိုတာကတော့ ကျွန်မတို့ရဲ့လူငယ်တွေကို မှန်ကန်တဲ့ ထောက်ပံ့မှုတွေ၊ ကောင်းမွန်တဲ့လမ်းပြမှုတွေ ဖန်တီးဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အိပ်မက်တွေ ဖော်ဆောင်တဲ့နေရာမှာ လူငယ်များ တက်တက်ကြွကြွ ထိထိရောက်ရောက် ပါဝင်နိုင်ကြမှာပါ။

နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်(၃)ရပ်

"တိုးတက်ပြောင်းလဲဆန်းသစ်နေတဲ့ ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေ ရပ်တည်နိုင်စွမ်းရှိဖို့အတွက် ပထမဆုံးအချက်အနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပညာရေးစနစ်ကို အဆင့်မြှင့်တင်ဖို့လိုပါတယ်။ ဒါကို ကျွန်မတို့အစိုးရ နိုင်ငံ့တာဝန် စတင်လွှဲပြောင်းယူစဉ် အချိန်ကတည်းက အလေးပေးဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်မတို့နိုင်ငံမှာရှိတဲ့ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးစနစ်ကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲဖို့လိုပါတယ်။ ဒီလုပ်ငန်းစဉ်ကိုလည်း ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တတိယအချက်ကတော့ နည်းပညာနဲ့ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်ဖို့ဖြစ်ပါတယ်။ ဒီကနေ့ ဖွင့်လှစ်လိုက်တဲ့ ရန်ကုန်ဆန်းသစ်တီထွင်မှုဗဟိုဌာနဟာ ကျွန်မတို့ရဲ့ လူငယ်တွေအတွက် နည်းပညာနဲ့ တီထွင်ဆန်းသစ်မှုကို အားပေးမြှင့်တင်နိုင်ဖို့ စတင်လိုက်တဲ့ ကနဦးခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

"ကျွန်မတို့ဒေသတွင်းက အိမ်နီးချင်းနိုင်ငံတွေမှာရှိတဲ့ အလားတူ ဆန်းသစ်တီထွင်မှု ဗဟိုဌာနတွေလိုပါပဲ၊ ဒီဌာနမှာ စွန့်ဦးမှု၊ ဆန်းသစ်မှု ဂေဟစနစ်တွေနဲ့ ထိတွေ့မှုနည်းတဲ့၊ အတွေ့အကြုံနည်းတဲ့ နိုင်ငံတစ်ဝန်းက လူငယ်တွေ၊ အစွမ်းအစရှိတဲ့၊ အလားလာရှိတဲ့ လူငယ်တွေကို အကျိုးပြုပေးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဗဟိုဌာနမှာပဲ ပညာရှင်တွေ၊ ဒီဇိုင်နာတွေ၊ ကွန်ပျူတာ ပရိုဂရမ်မာတွေ၊ စာရင်းကိုင်ပညာရှင်တွေ၊ စီးပွားရေးကျွမ်းကျင်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ အတတ်ပညာရှင်တွေ၊ သုတေသနပညာရှင်တွေ၊ အရင်းအနှီးရှင်တွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အပြန်အလှန်ကူညီပေးမှုများ၊ ဆက်ဆံမှုများကို ဖြစ်ပေါ်လာဖို့မျှော်လင့်ပါတယ်။ ဒီဗဟိုဌာနမှာပဲ ကျွန်မတို့ရဲ့ လူငယ်တွေဟာ နည်းပညာအခြေပြုတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်ထူကိုယ်ထ ထူထောင်လာနိုင်ကြမယ်၊ ဆန်းသစ်တဲ့တီထွင်မှုတွေ ထွက်ပေါ်လာကြမယ်ဆိုရင် ဒစ်ဂျစ်တယ်ဈေးကွက်ဝင်ထုတ်လုပ်မှုတွေ ထုတ်လုပ်လာနိုင်ကြမယ်၊ စီးပွားရေးလုပ်ငန်းတစ်ခုအစပြုဖို့ ကြိုးပမ်းနိုင်လာကြမယ်၊ ကျွန်မတို့နိုင်ငံရဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ ထွက်ပေါ်လာကြလိမ့်မယ်ဆိုတာကိုလည်း ယုံကြည်ထားပါတယ်"ဟု ပြောကြားသည်။

ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ချက်

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဆန်းသစ်ဖန်တီးမှုကဏ္ဍမှာ ပါဝင်ကြသူတွေကို များနိုင်သမျှ များများအားပေးဖို့လိုပါတယ်။ နိုင်ငံအတွက် ဆန်းသစ်တီထွင် ဖန်တီးမှုအသစ်တွေ တရိပ်ရိပ်တက်လာအောင် ဒီကနေ့ဖွင့်လှစ်လိုက်တဲ့ ရန်ကုန်ဆန်းသစ်တီထွင်မှုဗဟိုဌာနက လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ကျွန်မအနေနဲ့ မျှော်လင့်ထားပါတယ်။ ကျွန်မတို့အနေနဲ့ မူဝါဒအပိုင်းနဲ့ လိုအပ်တဲ့လုပ်ငန်းစဉ်တွေကို စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပြီး ကျွန်မတို့ရဲ့လူငယ်တွေ စွန့်ဦးတီထွင်၊ ဆန်းသစ်ဖန်တီးနိုင်ဖို့အတွက် ပူးပေါင်းပါဝင်ကူညီပေးကြဖို့ ပြည်တွင်းပြည်ပတက္ကသိုလ်တွေ၊ လေ့လာဆန်းသစ်မှုဗဟိုဌာနတွေ၊ အခြား မိတ်ဖက်အဖွဲ့အစည်းတွေ၊ စေတနာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကို အလေးအနက် ဖိတ်ခေါ်ပါတယ်။

"လိုအပ်တဲ့ ပူးပေါင်းပါဝင်မှုတွေ ရရှိမယ်ဆိုရင် လာမယ့်နှစ် အနည်းငယ်အတွင်းမှာပဲ ကျွန်မတို့ လူငယ်တွေရဲ့စိတ်ကူးသစ်တွေ၊ အကြံဉာဏ်သစ်တွေ ပွင့်ထွက်လာပြီး ဈေးကွက်တင်နိုင်တဲ့ ထုတ်ကုန်အသစ်တွေ၊ ဝန်ဆောင်မှုအသစ်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ဖန်တီးနိုင်ကြမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးကို နည်းပညာအရ၊ ပါဝင်မှုအရ အထောက်အကူဖြစ်လာစေမှာပါ။ ဒါပေမယ့် နည်းမှန်လမ်းမှန် စိတ်ဓာတ်မှန်နဲ့ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။

"အခုက စတုတ္ထစက်မှုတော်လှန်ရေးလို့ ဆိုကြပါတယ်။ ဒီစတုတ္ထတော်လှန်ရေးကို ကြည့်တဲ့အခါ ရုပ်ပိုင်းဆိုင်ရာကိုပဲ ကြည့်လို့မရပါဘူး၊ စိတ်ပိုင်းဆိုင်ရာအရ ကြည့်ရမှာဖြစ်ပါတယ်။ တော်လှန်ရေးတွေ၊ စက်မှုတော်လှန်ရေးကနေ စတုတ္ထစက်မှုတော်လှန်ရေးအထိ ရောက်လာတဲ့အခါမှာ လူသားတွေအနေနဲ့ ကျွန်မတို့ ဘယ်လောက်အထိ တိုးတက်မှုရှိတယ်ဆိုတာ ပြန်ကြည့်ဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံဟာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရုံတင်မက စိတ်ပိုင်းဆိုင်ရာတိုးတက်မှ ကျွန်မတို့ ကမ္ဘာမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ လူထုအနေအထား ပတ်ဝန်းကျင်တစ်ခုကို တီထွင်သွားနိုင်မှာ ဖြစ်ပါတယ်။

"ကျွန်မအနေနဲ့ လူတိုင်းလူတိုင်းဟာ လူကြီးလူငယ်မရွေး ကိုယ့်ကိုယ်ကိုယ် တိုးတက်ပြီလို့ ထင်တဲ့အခါမှာ တကယ်ပဲ ဘယ်လိုအနေအထားနဲ့ တိုးတက်လာသလဲဆိုတာ စဉ်းစားစေချင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာအရ ပိုပြီးတိုးတက်လာတာလား၊ ဒေါသ မောဟကြောင့် ကျဆင်းသွားအောင် လုပ်ပေးနိုင်တဲ့ အစွမ်းတွေ တိုးတက်လာတာလားဆိုတာ စဉ်းစားစေချင်ပါတယ်။ အခုခေတ်မှာဆိုရင် လူတွေက အမုန်းစိတ်၊ အာဃာတစိတ်တွေ အင်မတန်မှ ပွားနေပြီးတော့ ဒီဟာတွေကို လှည့်မကြည့်တာ သတိပြုမိပါတယ်။ လူသားတွေအနေနဲ့ ဒီလိုအပြုသဘော မဆောင်ဘဲနဲ့ အပျက်သဘောဆောင်တဲ့ စိတ်ဓာတ်တွေကို ဘယ်လောက်ကျဆင်းအောင် လုပ်နိုင်သလဲဆိုတာ အများကြီးရှိစေချင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဆန်းသစ်တီထွင်တယ်ဆိုတဲ့အခါမှာ ပိုပြီးကောင်းမွန်တဲ့ စိတ်ဓာတ်တွေ၊ ဘယ်လို တီထွင်နိုင်မလဲဆိုတာ ထည့်ပြီးစဉ်းစားစေချင်ပါတယ်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ဒီလိုစဉ်းစားမှသာ ကျွန်မတို့နိုင်ငံက ကမ္ဘာ့အလယ်မှာ တကယ့်ကို စိတ်ရောကိုယ်ရောချမ်းသာတဲ့ လူမှုအသိုက်အဝန်း ဖြစ်လာမှာပါ။

"နိဂုံးချုပ်အနေနဲ့ ဒီကနေ့ ဖွင့်လှစ်လိုက်တဲ့ ဗဟိုဌာနကနေ စွန့်ဦးတီထွင် ဆန်းသစ်ဖန်တီးသူ လူငယ်တွေ အမြောက်အမြား ထွက်ပေါ်လာနိုင်ကြပါစေ၊ ကျွန်မတို့ရဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဖက်များအနေနဲ့လည်း တတ်နိုင်တဲ့ဘက်က ပူးပေါင်းပါဝင်နိုင်ကြပါစေ၊ ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့ပြည်သူတွေ အားလုံးအတွက် အောင်မြင်မှုခရီးလမ်းမှတစ်ဆင့် ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ အေးချမ်းတိုးတက်ရာသို့ ပို့ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် Yangon Innovation Centre အမှုဆောင်အရာရှိချုပ် ဦးရာဝီးက Yangon Innovation Centre ၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Seed Stars အဖွဲ့မှ Head of Programmes Ms. Atriana Collini က Seed Star အဖွဲ့၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် Yangon Innovation Centre ဝင်းအတွင်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးက တည်ဆောက်လှူဒါန်းသည့် Digital Museum နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြင်သစ်သံအမတ်ကြီး Mr. Christian Lechervy က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Seed Stars အဖွဲ့၊ Yangon Innovation Centre မှ တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌတို့နှင့်လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Yangon Innovation Centre အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

Yangon Innovation Centre ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်အခြေစိုက် Seed Stars ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး အဆိုပါစင်တာမှ ဦးစားပေးကဏ္ဍများအဖြစ် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ခေတ်မီနည်းပညာများဖြင့် တီထွင်ဖန်တီးနိုင်စေခြင်း၊ ဆန်းသစ်ဖန်တီးခြင်း အလေ့အကျင့်များကို အားပေးမြှင့်တင်ခြင်း၊ စီးပွား၊ စီမံ၊ စွန့်ဦးတတ်သိပညာများကို ပို့ချခြင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်ပံ့ပိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့ပထဝီအနေအထား အားသာချက်များအလိုက် အကျိုးသက်ရောက်မှုအထူးရှိစေမည့် စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများအတွက် နည်းပညာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ယင်းစင်တာတွင် နည်းပညာကုမ္ပဏီကြီး ၂၀ ကျော်မှ နည်းပညာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စီးပွားရေးကဏ္ဍများအပါအဝင် အခြေခံပညာအထက်တန်းအဆင့်မှစ၍ တက္ကသိုလ်များအထိ လူငယ်များနှင့်ချိတ်ဆက်ပြီး သင်တန်းများ၊ Work Shop များ၊ Training များကို လူငယ်များလေ့လာသင်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာတွင် စုပေါင်းအလုပ်ရုံ၊ စိတ်တူကိုယ်တူရှိသူများနှင့် ပူးပေါင်းအလုပ်လုပ်နိုင်ရန် ဈေးနှုန်းသင့်တင့်သည့် ခေတ်မီခံ့ညားသော လုပ်ငန်းခွင်နေရာ၊ ရင်းနှီးမြှုပ်နှံမှုရရှိနိုင်ရန် အဆင်သင့်ဖြစ်စေသော သုံးလတာ အဟုန်မြှင့်တင်ပေးမှုအစီအစဉ်၊ စီးပွားရေးတည်ထောင်မှုအထူးသင်တန်း၊ စွန့်ဦးတီထွင်လုပ်ငန်းတစ်ခု တည်ထောင်ရန်အတွက် လိုအပ်သည့် ဆန်းသစ်တီထွင်ခြင်း၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာပညာရပ်များကို လက်တွေ့သင်ကြားပေးသည့် ခြောက်လတာ အထူးသင်တန်းများရှိပြီး တီထွင်ဖန်တီးမှု၊ ဆန်းသစ်ဖန်တီးမှုနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ စီးပွား၊ စီမံ၊ နည်းပညာနှင့် သက်ဆိုင်သည့် အပတ်စဉ်ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲနှင့် နှီးနှောဆွေးနွေးပွဲများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ Yangon Innovation Centre အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ Seed Stars အဖွဲ့မှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

"စတုတ္ထမြောက် စက်မှုခေတ် (Industry 4.0) ပဲ ဖြစ်ဖြစ်၊ ဘယ်ခေတ်ဘယ်ကာလမှာပဲဖြစ်ဖြစ် အဓိကအရေးအကြီးဆုံးက ကျွန်မတို့ရဲ့ လူသားအရင်းအမြစ်ဖြစ်တဲ့ ကျွန်မတို့ ပြည်သူလူထုတွေပဲ ဖြစ်ပါတယ်။ လူကြီး၊ လူငယ်မရွေး နိုင်ငံသားတိုင်း တန်ဖိုးရှိပါတယ်။ လူသာအဓိကဖြစ်တဲ့အတွက် ကျွန်မတို့ ကြိုးစားကြဖို့ အရေးကြီးပါတယ်။ စတုတ္ထမြောက် စက်မှုခေတ်အပြင် နောင်လာမယ့် ပဉ္စမမြောက်၊ ဆဋ္ဌမမြောက်ခေတ်တွေကို ကူးပြောင်းရာမှာတော့ ကျွန်မတို့ရဲ့ လူငယ်တွေရဲ့အင်အားက အဓိကဖြစ်ပါတယ်"

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှာ စိစစ်အတည်ပြုပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ယခုဆိုလျှင် စီမံကိန်း၊ ဘတ်ဂျက်စိစစ်မှုသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း လေးကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့်အတွက် ထိုက်သင့်သည့် လုပ်ငန်းအတွေ့အကြုံများလည်း ရရှိပြီးဖြစ်ကြောင်း၊ စိစစ်ရာတွင် အားသာချက်များကို ထိန်းသိမ်းပြီး အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များကိုလည်း ကြိုတင်ဖွဲ့စည်းထားပြီးဖြစ်၍ အစီရင်ခံစာများကို သတ်မှတ်ရက်အတိုင်း ပေးပို့ကြရန်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှလည်း သတ်မှတ်ရက်အတိုင်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်မင်းက ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စာရေးဆရာများ မိတ်ဆုံညစာစားပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စာရေးဆရာများ မိတ်ဆုံညစာစားပွဲကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသည်။

မိတ်ဆုံညစာစားပွဲ မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာရေးဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စာပေနှင့် နှီးနွှယ်သည့် အကြောင်းအရာများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာရေးဆရာများနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နေပြည်တော်တွင်စာနယ်ဇင်းလောကမှပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့်အခါ အားလုံးမပါဝင်သည်ကို သတိပြုမိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စာနယ်ဇင်းလောကမှာ ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂုဏ်သိက္ခာမှာ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာအရည်အချင်းပေါ်တွင် မူတည်ပါကြောင်း၊ ပညာဆိုသည်မှာ မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်းဟု ယုံကြည်ယူဆပါကြောင်း၊ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်ရန်ဆိုလျှင် ဘဝအတွေ့အကြုံနှင့် စာပေအတွေ့အကြုံများမှာ အရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူ၊ ပြည်သားများ အမြင်ကျယ်ပြန့်လာစေရန် ဆောင်ရွက်ပေးသည့်အတွက် စာပေလောကမှ ပုဂ္ဂိုလ်များကို လေးစားကျေးဇူးတင်ပါကြောင်း၊ မိမိတို့နိုင်ငံမှ စာနယ်ဇင်းပုဂ္ဂိုလ်များ အနေဖြင့် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများ အမြင်ကျယ်ခြင်း၏ ကောင်းကျိုးများနှင့် အမြင်ကျယ်ခြင်းသည် မိမိတို့လူ့အသိုင်းအဝိုင်းကို မည်သို့ဆောင်ရွက်ပေးနိုင်သည်ကို ပညာပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိရန်၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု တိုးတက်လာစေရန် စာနယ်ဇင်းပုဂ္ဂိုလ်များက ဝိုင်းဝန်းကူညီပေးကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိတ်ဆုံညစာစားပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ၊ ဆရာမများကိုယ်စား စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ) က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာရေးဆရာ၊ ဆရာမများနှင့်အတူ ညစာအတူတကွ သုံးဆောင်သည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ စာရေးဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ စာရေးဆရာ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဖရူဆိုမဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဖရူဆိုမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ဖရူဆိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးကာ ရုံးဝင်းအတွင်း တည်ဆောက်လျက်ရှိသော နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖရူဆို-လောထောတနော-ဒိုးပရယ်လမ်း (၂/၃) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဟိုယာ-ရီခီးဘူးလမ်း (၁/၆) မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် (၂/၂) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းများသို့ ရောက်ရှိပြီး သက်ဆိုင်ရာကုမ္ပဏီများ၏ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အရည်အသွေး စံချိန်စံညွှန်းကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းရန်အတွက် ရေနုတ်မြောင်းများနှင့် လမ်းပခုံးများ စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရီခီးဘူးကျေးရွာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေသည့် တန်ဖိုးနည်းအိမ်ရာ အလုံး ၂၀ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရီခီးဘူးဒေသအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ မူလတန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် မီးလိုင်းတပ်ဆင်ခြင်းနှင့် အခြားသော လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘောလခဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဘောလခဲခရိုင်အတွင်း ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံကာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆင့်ကဲတာဝန်ယူတာဝန်ခံမှုဖြင့် ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၏ ခွင့်ပြုတန်ဖိုးဖြင့် သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘောလခဲ) သို့ ရောက်ရှိပြီး ကျောင်းဝင်း အတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စားဖိုဆောင်များနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး၏ တင်ပြချက်အပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာဇာနည်နေ့သန္နိဋ္ဌာန်

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း၌ သမိုင်းဝင် နေ့ထူး နေ့မြတ်များ များစွာရှိသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့ စသည်ဖြင့် ဂုဏ်ယူဖွယ် အမှတ်တရနေ့ရက်များ ရှိကြသည်။ သို့သော်လည်း အာဇာနည်နေ့သည်ကား ဝမ်းနည်းတသ ယူကျုံးမရဖြစ်ရသော၊ တစ်တိုင်းပြည်လုံးအတွက် ကံဆိုးမိုးမှောင်ကျသော အမင်္ဂလာ နေ့ရက်ဆိုးကြီးဖြစ်သည်။ သို့သော်လည်း အာဇာနည်များကို ဂုဏ်ပြုပြီး အာဇာနည်များ ချမှတ်ထားသော လမ်းစဉ်သို့ ယခုအခါ ပြည်သူ့အစိုးရသည် လျှောက်လှမ်းနေပြီဖြစ်သည်။

အာဇာနည်ပုဂ္ဂိုလ်ဟူသည်

အာဇာနည်သည် ပါဠိဝေါဟာရ အာဇာနေယျမှ ဆင်းသက်လာခြင်းဖြစ်ပြီး မြန်မာတို့က အာဇာနည်ဟု မြန်မာမှုပြု၍ ခေါ်ဝေါ်နေခြင်းဖြစ်သည်။ မြန်မာအဘိဓာန်၌ အာဇာနည်၏ အဓိပ္ပာယ်ကို 'အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ' ဟု ဖော်ပြထားပါသည်။

အာဇာနည်ပုဂ္ဂိုလ်တို့သည် ကိုယ်ကျိုးမဖက် အနစ်နာခံခြင်း၊ အမျိုး ဘာသာ သာသနာအတွက် စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ အရည်ခန်းခန်း အသက်ကိုပင် ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့သို့ထွက်၍ မားမားမတ်မတ် ရပ်တည်ပေးခြင်း၊ တာဝန်ခံပေးခြင်း၊ အရာရာကိုလမ်းညွှန်ပြသ ဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တနှင့် ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံပေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် မြန်မာသက္ကရာဇ် ၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နယ်ချဲ့အလိုတော်ရိ သစ္စာဖောက် မသမာသူတို့၏ လုပ်ကြံမှုကြောင့် ကျဆုံးသွားသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အာဇာနည် ကိုးဦးတို့သည် ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသော အာဇာနည်ပုဂ္ဂိုလ်ကြီးများပင်ဖြစ်သည်။

(၇၂)နှစ်မြောက် အာဇာနည်နေ့

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်ကြသူများ၊ အများအကျိုး သယ်ပိုးကြသူများသည် လူပင်သေသော်လည်း နာမည်မသေသူများဖြစ်ကြသည်။ ထိုသို့သော သူများကို အချိန်ကာလ မည်မျှပင်ကြာမြင့်သည့်တိုင်အောင် တိုင်းပြည်နှင့် ပြည်သူလူထုက မေ့နိုင်ကြမည်မဟုတ်ပေ။ အမြဲသတိရလျက် လွမ်းဆွတ် တမ်းတနေကြမည်သာဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်လွတ်လပ်ရေးအတွက် အသက်ပေးဆပ်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများကိုဆိုလျှင် သာ၍ပင် အမှတ်တရရှိနေကြမည်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင် ၁၉ ရက်တွင် (၇၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကိုအောင်ဆန်းနှင့် ဒို့ဗမာအစည်းအရုံး

ဗိုလ်ချုပ်အောင်ဆန်း၏တိုင်းပြည်အကျိုး သယ်ပိုးထမ်းရွက်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကို အကျဉ်းချုံးဖော်ပြရသော် ဗိုလ်ချုပ်အောင်ဆန်းမဖြစ်မီ ကိုအောင်ဆန်းသည် ၁၉၃၅ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂအမှုဆောင်နှင့် သမဂ္ဂမှ ထုတ်ဝေသော အိုးဝေစာစောင်တွင် စာတည်းအဖြစ် ဆောင်ရွက်သည်။ ၁၉၃၆-၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် ၁၉၃၇-၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရပြန်လေသည်။ ဤသို့ ကျောင်းသားအရေးအရာများကို မဆုတ်မနစ် ဦးဆောင်ဦးရွက်ပြုပြီးနောက် ၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်၍ ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီးလျှင် အတွင်းရေးမှူးအဖြစ် နေ့ညမနား တာဝန်ခံ ဆောင်ရွက်လေသည်။

ရဲဘော်သုံးကျိပ်

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နယ်ချဲ့တို့လက်အောက်မှ လုံးဝလွတ်မြောက်ရမည်ဟူသော အဓိဋ္ဌာန်ဖြင့် ကိုအောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် ပြည်ပသို့ စစ်ပညာသင်ယူရန် ထွက်ခွာခဲ့သည်။ ထို့နောက် မြန်မာပြည်လွတ်လပ်ရေးရစေမည်ဟူသော ဂျပန်အစိုးရ၏ကတိကိုယူ၍ ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာ သင်ကြားပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းလေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့ လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့်အတူ ပူးတွဲချီတက်လာပြီး နယ်ချဲ့များလက်မှ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်သိမ်းပိုက်လိုက်လေသည်။ သို့သော် ဂျပန်စစ်တပ်သည် ကတိဖောက်ဖျက်ရုံသာမက ပြည်သူလူထုအား ညှဉ်းပန်းနှိပ်စက်မှုများ ပြုကျင့်လာခဲ့လေသည်။

ဖက်ဆစ်တော်လှန်ရေး

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်ကြီးနှင့် တကွ တစ်ပြည်လုံးကို ခေါင်းဆောင်လျက် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့အား အတိအလင်း စစ်ကြေညာကာ တော်လှန်ခဲ့သည်။ ထို့နောက် ဖက်ဆစ်ဂျပန်တို့အား သုတ်သင်ရှင်းလင်းပြီး ပြည်သူလူထုတစ်ရပ်လုံးအား ဖက်ဆစ်တို့၏ ကြမ်းကြုတ်ရက်စက်မှုဘေးမှ ကယ်တင်လိုက်ပြန်လေသည်။

ဗြိတိသျှတို့နှင့် လွတ်လပ်ရေးတိုက်ပွဲ

ဖက်ဆစ်ဂျပန်များ ဆုတ်ခွာထွက်ပြေးကြရပြီးနောက် ဗြိတိသျှတပ်များ ပြန်လည်ဝင်ရောက်လာပြန်ရာတွင်လည်း ဗြိတိသျှတို့သည် မြန်မာပြည်ကို လွတ်လပ်ရေးမပေးလိုဘဲ ကျွန်သက်ရှည်စေမည့် စက္ကူဖြူစာတမ်းကို ယူလာကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သော 'ဖဆပလ'ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို အမျိုးသားတပ်ပေါင်းစုကြီး အဖြစ် ပြန်လည်ဖွဲ့စည်းလိုက်သည်။

ထို့နောက် လွတ်လပ်ရေးအောင်လံကြီးကို လွှင့်ထူ၍ လွတ်လပ်ရေးတိုက်ပွဲကြီး ဆင်နွှဲပြီး ယာယီကြားဖြတ်အစိုးရအဖွဲ့၌ အဖွဲ့ဝင်များအဖြစ် ဝင်ရောက်ဆောင်ရွက်လေသည်။ ထိုသို့ ဆောင်ရွက်စဉ်အတွင်း ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကို အဆက်မပြတ် တောင်းဆိုနေခဲ့ရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် လန်ဒန်သို့ ဖိတ်ကြားခြင်းခံရပြီး ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် လန်ဒန်သို့ သွားရောက်လေသည်။

တစ်နှစ်အတွင်း လွတ်လပ်ရေး

ဤသို့ဖြင့် ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ လန်ဒန်သို့ သွားတော့မည့်ဆဲဆဲတွင် ပြည်သူလူထုအား အသင့်ရှိစေရန် 'ခါးတောင်းကျိုက်မဖြုတ်ကြနှင့်' ဟု မှာကြားခဲ့သည်။ ပြီးနောက် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ရောက်ရှိကာ လွတ်လပ်ရေးအတွက် အရေးဆို၍ 'အောင်ဆန်း-အက်တလီ' စာချုပ်ကို ချုပ်ဆိုခဲ့ပြီး 'တစ်နှစ်အတွင်း လွတ်လပ်ရေး ရ ရမည်' ဟူသော ရဲရဲတောက်ကတိကြီးကို ပြည်သူလူထုအား ပေးနိုင်ခဲ့လေသည်။

တိုင်းပြုပြည်ပြုလွှတ်တော်

ထို့နောက် ရှမ်းပြည်နယ် ပင်လုံ၌ ပင်လုံညီလာခံဖြင့် တစ်ပြည်ထောင်စုလုံး ညီညွတ်ရေးကို ခိုင်မြဲစွာ အုတ်မြစ်ချပြီးနောက် တစ်နိုင်ငံလုံးကိုယ်စားလှယ်များ ပါဝင်သော တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို ရွေးကောက်ဖွဲ့စည်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့လေသည်။

လုပ်ကြံခံရခြင်း

ထိုနေ့သည် ဇူလိုင်လ ၁၉ ရက်နေ့ဖြစ်သည်။ ဗမာပြည်လူထုနှင့် ကမ္ဘာ့နိုင်ငံရေးသမားများ၊ ခေါင်းဆောင်များအတွက်ပါ ထိတ်လန့်စရာ ဖြစ်ခဲ့ရသည်။ ထိုနေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဝန်ကြီးများအစည်းအဝေး ကျင်းပနေသည်။ ကျင်းပသည့် နေရာသည် ရန်ကုန်မြို့ ဝန်ကြီးများရုံးအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းအတွင်း၌ ဖြစ်သည်။ ရုံးခန်းအတွင်းရှိ စားပွဲသည် 'ဂငယ်'ပုံ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိပ်စားပွဲ၏အလယ်တွင် ထိုင်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ဝဲဘက်၌ ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်၊ လက် ယာ စားပွဲ၌ သခင်မြ၊ ဦးရာဇတ်၊ ဒီးဒုတ် ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ အစဉ်အတိုင်း ထိုင်ကြသည်။ လက်ဝဲ ဘက်စားပွဲတွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ် ဦးမြနှင့် မိုင်းပွန်စော်ဘွားကြီးတို့ ထိုင်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများသည် ဗမာနိုင်ငံအရေး၊ တာဝန်များနှင့် လုပ်ဆောင်ချက်များ၊ လုပ်လက်စများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ တင်ပြဆွေးနွေးနေကြသည်။ ၁၀ နာရီခွဲခန့်တွင် အလုည့်ကျ အစိုးရအတွင်းဝန် ဦးအုန်းမောင် ရောက်ရှိလာသည်။ အစိုးရအတွင်းဝန် ဦးအုန်းမောင် ရောက်လာပြီး သုံး၊ လေး မိနစ်ခန့် အကြာမှာပင် စစ်ယူနီဖောင်းဝတ်ထားသော သေနတ်ကိုင်လူသုံးယောက် ဝင်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းကို စတင်ပစ်ခတ်သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက ထိုင်ရာကထပြီး လက်ကာ၍ တစ်စုံတစ်ခု ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်း ပြောလိုက်သည်ကို မည်သူမှ သဲသဲကွဲကွဲ ကြားရခြင်းမရှိအောင် ဖြစ်နေခဲ့သည်။ သေနတ်သမားများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြကို ဦးတည်ပစ်နေချိန်တွင် ဦးရွှေဘော်နှင့် ပျော်ဘွယ်ဦးမြတို့မှာ အနောက်ဘက် ပြတင်းပေါက်မှတစ်ဆင့် တစ်ဖက်အခန်းသို့ ကူးပြေးကြသည်။ ထို့အတူ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့က ကြမ်းပြင်ပေါ် မှောက်လျက် လှဲချလိုက်ကြလေသည်။ ရန်သူ၏ ကျည်တောင့်များသည် ကြမ်းပေါ်၌ ပြန့်ကျဲနေသလို အခန်းတစ်ခုလုံး မီးခိုးများနှင့် လွှမ်းမိုးနေတော့သည်။

လုပ်ကြံသူကို ဖမ်းဆီးနိုင်

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဝန်ကြီး ရှစ်ဦးနှင့် ကိုယ်ရံတော် ကိုထွေးတို့ လုပ်ကြံခံရသည့်သတင်းသည် လျှပ်တစ်ပြက်အတွင်း မြန်မာနိုင်ငံသာမက အခြား အာရှ၊ ဥရောပနိုင်ငံများသို့ လွှမ်းမိုးသွားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးပြီး ပြည်သူ့လက်သို့အပ်ကြရန် တောင်းဆိုကြသည်။ အစပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများအား လုပ်ကြံသူ မည်သူဖြစ်ကြောင်း မသိဘဲ အထင်မှားမှုအချို့ရှိခဲ့သော်လည်း အချိန်တိုအတွင်းမှာပင် လုပ်ကြံသူ ဦးစောနှင့် အပေါင်းပါများကို ဖော်ထုတ်ကာ ထိုနေ့ ညနေပိုင်းတွင် ဖမ်းဆီးနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လူ့လောကသို့ စတင်ရောက်ရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် လူ့လောကမှ ပြန်လည်ထွက်ခွာသွားသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားချိန်တွင် သူ၏ အသက်မှာ ၃၂ နှစ်နှင့် ၅ လကျော် လူလတ်ပိုင်းအရွယ်မျှသာ ရှိသေးသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ချိန်တွင် သားတစ်ဦး၊ သမီး တစ်ဦးနှင့် ဇနီးတို့သာ လူ့လောကတွင် ကျန်ရစ်ခဲ့လေသည်။

ဤသို့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို လမ်းပြခေါင်းဆောင်လျက် မိမိ၏အသက်စည်းစိမ်ကို မြူတစ်ခြမ်းမျှ ပမာဏမပြုဘဲ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုကြီး၏ အကျိုးကိုသာ ရှေးရှုပြီး အပြင်းအထန် ကြိုးပမ်းဆောင်ရွက်နေဆဲမှာပင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နယ်ချဲ့လက်ပါးစေ မသမာသူ လူတစ်စု၏ လက်ချက်ဖြင့် ပြည်သူလူထု၏ကျေးဇူးရှင် မြန်မာ့တပ်မတော်၏ဖခင် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ကြံခံရပြီး ကျဆုံးသွားသည်။ ဗိုလ်ချုပ်နှင့်အတူ အခြား အာဇာနည်များလည်း လွတ်လပ်ရေးအတွက် အသက်ပေးသွားကြရသည်။

မမေ့လျော့သော အာဇာနည်နေ့

မြန်မာ့ အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားသော ဇူလိုင် ၁၉ ရက်ကို မြန်မာတစ်နိုင်ငံလုံးက မေ့လျော့ခြင်းမရှိဘဲ ထိုနေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်တသ အောက်မေ့သတိရလျက် ရှိနေသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်များအားလွမ်းဆွတ်ရင်း ယနေ့ ပြည်သူ့အစိုးရသည် ဗိုလ်ချုပ် ချမှတ်ထားသော လမ်းစဉ်သို့ ဦးတည်လျှောက်လှမ်းနေသည်မှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအဖို့ ဝမ်းသာအားရ ကျေနပ်ဖွယ်ရာ အချက်တစ်ခုပင် ဖြစ်သည်။

ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား ဦးညွှတ်ဂုဏ်ပြုလျက် ဗိုလ်ချုပ်တို့ လိုလားခဲ့သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီသို့ အားမာန်အပြည့်ဖြင့် ချီတက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပေသည်။ ။

> "အစိုးရအတွင်းဝန် ဦးအုန်းမောင် ရောက်လာပြီး သုံး၊ လေး မိနစ်ခန့် အကြာမှာပင် စစ်ယူနီဖောင်းဝတ်ထားသော သေနတ်ကိုင်လူသုံးယောက် ဝင်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းကို စတင်ပစ်ခတ်သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက ထိုင်ရာကထပြီး လက်ကာ၍ တစ်စုံတစ်ခုပြောသည်။ ဗိုလ်ချုပ်အောင်ဆန်း ပြောလိုက်သည်ကို မည်သူမှ သဲသဲကွဲကွဲ ကြားရခြင်းမရှိအောင် ဖြစ်နေခဲ့သည်။ သေနတ်သမားများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြကို ဦးတည်ပစ်နေချိန်တွင် ဦးရွှေဘော်နှင့် ပျော်ဘွယ်ဦးမြတို့မှာ အနောက်ဘက် ပြတင်းပေါက်မှတစ်ဆင့် တစ်ဖက်အခန်းသို့ ကူးပြေးကြသည်။ ထို့အတူ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့က ကြမ်းပြင်ပေါ် မှောက်လျက်လှဲချလိုက်ကြလေသည်"

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်း

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရှင်းလင်းပြောကြားစဉ်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရှင်းလင်းပြောကြားစဉ်။

ဒုတိယဝန်ကြီး ဦးခင်မောင်တင် ရှင်းလင်းပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့တွင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် သတ်မှတ်ထားသည့် အကျဉ်းသား အရေအတွက်ထက် ၅၀ ရာခိုင်နှုန်း ကျော်လွန်နေသည့် အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေ လျှော့ချနိုင်ရေး နည်းလမ်းရှာဖွေသင့်ပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများကို ဖမ်းဆီးအကျဉ်းချခြင်းထက် အသိပညာပေးဟောပြောခြင်း၊ လူမှုရေးနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်ပြီး မူးယစ်ဆေးဝါး ဖြန့်ဝေရောင်းချနေသူကိုသာ ဖမ်းဆီးနိုင်ရေး အဓိကထားဆောင်ရွက်သင့်ပါကြောင်း။

အကျဉ်းသားများ၏ ကျန်းမာရေးအတွက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးသင့်

ကျောက်ထုတ်လုပ်သည့် ကုန်ထုတ်စခန်းများတွင် လေးလံသည့်ဝန်များကို ထမ်းပိုး၊ ထုရိုက်ရသည့်အလုပ်များကို နေ့စဉ်နှစ်ရှည်လုပ်ကိုင်နေရမည်ဆိုပါက အမျိုးသမီးများအတွက် သားအိမ်ဆိုင်ရာ ထိခိုက်မှုများဖြစ်လာနိုင်သည့်အတွက် အမျိုးသမီးကုန်ထုတ်စခန်းများကို ပိတ်ပင်ရန် စဉ်းစားသင့်ပါကြောင်း၊ အကျဉ်းသားဦးရေအလိုက် သောက်ရေလိုအပ်ချက်နှင့်ကိုက်ညီသည့် ရေသန့်စက်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ် စီမံချက်ချမှတ်တပ်ဆင်ပေးရန် လိုအပ်ပါကြောင်း၊ အကျဉ်းသားများ၏ ကျန်းမာရေး အတွက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးသင့်ပါကြောင်း။

သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းကို အင်းစိန်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင် ပီပြင်စွာဆောင်ရွက်နေသည်ကို တွေ့ရှိရသကဲ့သို့ ကျန် အကျဉ်းထောင်များတွင်လည်း သက်မွေးပညာသင်တန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိက သက်မွေးပညာသင်တန်းကျောင်းများနှင့်လည်းကောင်း ဆက်သွယ်၍ ဖွင့်လှစ်ပေးသင့်ပါကြောင်း၊ လူငယ်အကျဉ်းသားများ၏ ပညာသင်ကြားမှု အဆက်မပြတ်စေရေးကိုလည်း အင်းစိန်၊ မန္တလေး၊ အိုးဘိုဗဟိုအကျဉ်းထောင်များတွင် ကြိုးစားဆောင်ရွက်မှုများ တွေ့ရှိရသကဲ့သို့ ကျန်အကျဉ်းထောင်များတွင်လည်း ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဂုဏ်ထူးများဖြင့် အောင်မြင်ကြသည့် အကျဉ်းသားလူငယ်များကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များ ပေးသကဲ့သို့ သင်ကြားပေးသည့် အကျဉ်းသား ဆရာများကိုလည်း အလားတူ လျှော့ပေါ့သက်သာခွင့်များ ပေးသင့်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများ အထူးလိုအပ်လျက်ရှိ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသည် လူ့အခွင့်အရေးအသိပညာပေးခြင်း၊ လူ့အခွင့်အရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရသို့ ဥပဒေရေးရာအကြံပြုချက်များပေးပို့ခြင်း၊ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီထောက်ပံ့မှု၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများ အထူးလိုအပ်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ယခင်နှစ်များကထက် ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်လာမှုများ ရရှိလာသည်ကို တွေ့မြင်ရသည့်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်သမ္မတရုံးအတွက် အသုံးစရိတ်ကို ရသုံးမှန်ခြေငွေစာရင်း ဦးစီးဌာနက သတ်မှတ်ထားသော အသုံးစရိတ်ဘောင်အတွင်း ရေးဆွဲထားပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြား

သာမန်အသုံးစရိတ်သည် ငွေကျပ် ၉၁၉၈ ဒသမ ၇၂၆ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်သည် ငွေကျပ် ၈၆၁၉ ဒသမ ၉၃၅ သန်းဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်တွင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာနရုံးတည်ဆောက်ခြင်းအတွက် ငွေကျပ် ၈၆၀၆ ဒသမ ၂၇၉ သန်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် ငွေကျပ် ၁၃ ဒသမ ၆၈၆ သန်းဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်းသည် ငွေကျပ် ၁၇၈၁၈ ဒသမ ၆၆၁ သန်းဖြစ်ပါကြောင်း၊ ယခုတင်ပြထားသည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါဝင်သည့် နိုင်ငံတော် သမ္မတရုံး၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက ဝန်ထမ်းများအတွက် လစာစရိတ်ငွေကျပ် ၉၀၁ ဒသမ ၉၂၉ သန်း အပါအဝင်၊ လွှတ်တော်အစည်းအဝေးကျင်းပရေးဆိုင်ရာနှင့် ရုံးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုအသုံးစရိတ်များအတွက် ငွေကျပ် ၁၂၉၀ ဒသမ ၃၃၁ သန်း၊ အတိုးပေး ငွေကျပ် ၁၈ ဒသမ ၂၃၉ သန်းနှင့် အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုထားငွေကျပ်သန်း ၄၀ စုစု ပေါင်းငွေကျပ် ၁၃၄၈ ဒသမ ၅၇၀ သန်း လျာထားတင်ပြထားပါကြောင်း။

အသုံးစရိတ်တင်ပြချက်များအပေါ် ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုခဲ့ပြီးဖြစ်

ငွေလုံးငွေရင်းအသုံးစရိတ်တွင်လည်း သုံးစွဲရန် လိုအပ်သည့် ကိစ္စရပ်များအတွက် ငွေကျပ် ၂၆ ဒသမ ၁၂၅ သန်းကိုသာ သတ်မှတ်မှုဘောင်အတွင်းမှ လျာထားတင်ပြထားပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်ရုံးသုံးရပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ရုံးများအတွက် ICT Infrastructure လုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၃၈၀၀၀ နှင့် ညီမျှသည့် ငွေကျပ် ၂၁၀ ဒသမ ၄၅၀ သန်းကို ငွေလုံးငွေရင်းအသုံးစရိတ်၊ ချေးငွေနှင့် အကူအညီရငွေခေါင်းစဉ်တွင် ထည့်သွင်းလျာထားခြင်းဖြစ်ပါကြောင်း၊ အသုံးစရိတ်တင်ပြချက်များအပေါ် ဘဏ္ဍာရေးကော်မရှင်ကလည်း ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ရုံးက တင်ပြထားသည့် သာမန်အသုံးစရိတ်ငွေကျပ် ၁၃၄၈ ဒသမ ၅၇၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် ၂၃၆ ဒသမ ၅၇၅ သန်း၊ စုစုပေါင်း ငွေကျပ် ၁၅၈၅ ဒသမ ၁၄၅ သန်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ရှင်းလင်းပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်သည့်အတွက် ယနေ့ ပြည်ထောင်စုလွှတ်တော် တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၇၂၁၅၁ ဒသမ ၂၉၉ နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအခြေအနေအပေါ်ချင့်ချိန်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဆောင်ရွက်ရန် လိုအပ်သည့် ဝန်ကြီးဌာန၏ နှစ်အလိုက် စီမံကိန်းလုပ်ငန်းများနှင့် အကြီးအကဲခရီးစဉ်၊ လွှတ်တော်ကတိကဝတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တင်ပြချက်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ငြိမ်းချမ်းရေးနှင့် (IDP) ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စားဝတ်နေရေးကိစ္စရပ်များနှင့် စပ်လျဉ်းသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရန်ပုံငွေအနည်းဆုံးဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လျာထားတောင်းခံထားခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ တင်ပြလျာထားချက်များအပေါ် အကြံပြုပေးနိုင်ပါရန်နှင့် အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

တာဝန်ရှိသူများက အသီးသီးရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ စောသန်းထွဋ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်ရုံးတရားသူကြီး ဦးမြင့်အောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းရန်ကျန်ရှိသည့် ဌာနများအနေဖြင့် ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကမ္ဘာ့ဘဏ်မှ ဒါရိုက်တာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းမှ Director for Myanmar, Cambodia and Lao PDR Ms.Ellen Goldstein နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းအကြား ပူးပေါင်းဆောင်ရွက်နေမှုနှင့် သုံးသပ်ချက်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း အစီအစဉ် (MCCT) အတွက် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသော ချေးငွေနှင့် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ပူးပေါင်းကျခံ၍ ဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာကိစ္စ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် UEHRD တို့မှ ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ နေထိုင်ရာစခန်းများ ပိတ်သိမ်းရေး၊ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲ အတည်ပြုနိုင်ရေး နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

◆ **KNPP အပါအဝင် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA အောက်တွင် ငြိမ်းချမ်းရေးခရီးကို အတူလျှောက်လှမ်း၍ ဒေသအကျိုးစီးပွားများကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် အားလုံးရည်မှန်းထားသည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို အတူတကွဖော်ဆောင်နိုင်ရေးအတွက် အစိုးရအနေဖြင့် လမ်းဖွင့်ထားသကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

◆ **ကျွန်တော်တို့ အချင်းချင်းအကြားမှာ ဖြစ်နေတဲ့ပြဿနာကို ကျွန်တော်တို့ ညီရင်းအစ်ကိုစိတ်ဓာတ်နဲ့ ဖြေရှင်းကြမယ်ဆိုရင် ဘာကြောင့်မကျေလည်နိုင်ကြသလဲ၊ ဘာကြောင့် အပေးအယူမတည့်နိုင်ကြသလဲ၊ မသင့်မြတ်နိုင်ကြသလဲဆိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့မေးပြီး ကျွန်တော်တို့ဘာသာ ဖြေရမယ့်ကိစ္စဖြစ်ပါတယ်။**

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့ ခေါင်းဆောင် ခူဦးရယ်

◆ *ကျောဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများဖြင့် ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းလျက် ရှိပါကြောင်း၊ NCA အကောင်အထည်ဖော်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းမှုများ ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်သွားရန် ညှိနှိုင်းဆွေးနွေးမှုများ ရှိပါကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်သည့်နေရာဒေသများရှိ ဒေသနေတိုင်းရင်းသားများအနေဖြင့် ငြိမ်းချမ်းရေး၏ အကျိုးရလဒ်များရရှိခံစားစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုအပါအဝင် NRPC ငြိမ်းချမ်းရေးရန်ပုံငွေဖြင့် IDP များ ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

တစ်ချိန်တည်းမှာပင် KNPP အပါအဝင် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး NCA အောက်တွင် ငြိမ်းချမ်းရေးခရီးကို အတူလျှောက်လှမ်း၍ ဒေသအကျိုးစီးပွားများကို ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် အားလုံးရည်မှန်းထားသည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို အတူတကွ ဖော်ဆောင်နိုင်ရေးအတွက် အစိုးရအနေဖြင့် လမ်းဖွင့်ထားသကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ယခင်အစိုးရလက်ထက်ငြိမ်းချမ်းရေးဆွေးနွေးပွဲအစကပင် ပါဝင်ခဲ့သည့်အဖွဲ့ဖြစ်သည့်အတွက် NCA စာချုပ်ဖြစ်တည်မှုတွင် အဓိကနေရာကပါဝင်ခဲ့သည်ဟု ဆိုနိုင်ပါကြောင်း။

အဆိုပြုချက် ၉ ချက်ကို ညှိနှိုင်း

UNFC ၏ နိုင်ငံရေးဆွေးနွေးရေးအဖွဲ့ဖြစ်သည့် DPN တွင် KNPP ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး အစိုးရနှင့် NCA ရေးထိုးနိုင်ရေးအတွက် UNFC အဆိုပြုချက် ၉ ချက်ကို ညှိနှိုင်းရာတွင်လည်း အားလုံးနီးပါးသဘောတူညီနိုင်သည့် အခြေအနေကောင်းများ ရခဲ့ပါကြောင်း၊ သို့သော်လည်း UNFC မှ မွန်အမျိုးသားပါတီ (NMSP) နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (LDU) အဖွဲ့တို့သည် NCAတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီး KNPP သည် NCA လမ်းကြောင်းမှာမပါဝင်သေးဘဲ အစိုးရနှင့် ဆက်လက်ညှိနှိုင်းနေဆဲ အခြေအနေဖြစ်ပါကြောင်း။

KNPP အနေဖြင့် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် DPN ကာလအပါအဝင် တွေ့ဆုံမှုပေါင်း(၂၄) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တွေ့ဆုံမှုတိုင်းတွင်လည်း ရလဒ်ကောင်းများနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများ တိုးတက်ရရှိခဲ့ပြီးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် KNPP အနေဖြင့် အစိုးရနှင့် ယခုထက် ပိုမိုနီးကပ်သည့် ဆက်ဆံရေးဖြင့် ရှေ့တစ်လှမ်းတိုး၍ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အပြည့်အဝပါဝင်ရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် NCA ရေးထိုးရေးကိစ္စ၊ ဒေသတွင်းဖွံ့ဖြိုးရေးနှင့် စီးပွားရေးကိစ္စများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရှေ့ဆက်ရာတွင် မည်သို့ဆက်လက်ဆောင်ရွက်ကြမည် စသည်တို့ကို အလေးပေးဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် KNPP အနေဖြင့် NCA တွင် ပါဝင်လာပြီဆိုပါက ဒေသတွင်း တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး အတွက်အစိုးရနှင့် ယခင်ကထက် ပိုမို၍ နီးနီးကပ်ကပ် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဝိုင်းဝန်းအဖြေရှာပေး

ယနေ့ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြပြီး အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းအဖြေရှာပေးကြရေးနှင့် အစိုးရဘက်မှဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဖြေရှာဖို့စဉ်းစားစေချင်

ထို့နောက် **ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီအဖွဲ့ ခေါင်းဆောင် ခူဦးရယ်**က “ ကျွန်တော်တို့ နှစ်ဖက်တွေ့ဆုံမှုဟာ နှစ်ပေါင်း (၇၀) ကျော်ဖြစ်နေတဲ့ပြဿနာတွေကို အဖြေရှာဖို့အတွက် ဆုံစည်းကြခြင်းဖြစ်ပါတယ်။ အထူးသဖြင့် နှစ်ပေါင်း (၇၀)ကျော် ဖြစ်နေခဲ့တဲ့ ကျွန်တော်တို့ကြားထဲက မကျေလည်မှုတွေဟာ တကယ်တမ်းအရင်းစစ်ကြည့်လိုက်ရင်တော့ အခြေခံအားဖြင့် နိုင်ငံရေးအခြေခံပြဿနာလို့ ပြောစမှတ်ရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ အချင်းချင်းအကြားမှာ ဖြစ်နေတဲ့ ပြဿနာကို ကျွန်တော်တို့ ညီရင်းအစ်ကို စိတ်ဓာတ်နဲ့ ဖြေရှင်းကြမယ်ဆိုရင် ဘာကြောင့် မကျေလည်နိုင်ကြသလဲ၊ ဘာကြောင့်အပေးအယူမတည့်နိုင်ကြသလဲ၊ မသင့်မြတ်နိုင်ကြသလဲဆိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ဘာသာကျွန်တော်တို့မေးပြီး ကျွန်တော်တို့ ဘာသာဖြေရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ပြဿနာကို ပြဿနာလို့မြင်ပြီး ရှိရင်းပြဿနာတွေကို အဖြေရှာတဲ့ နည်းလမ်းကို ဇောင်းပေးပြီး အဖြေရှာကြဖို့ စဉ်းစားစေချင်ပါတယ်။

အတူသွားနိုင်တဲ့နည်းလမ်းတစ်ခု

“ ကျွန်တော်တို့ကြားမှာ ညှိနှိုင်းဆွေးနွေးလာတာ လူပုဂ္ဂိုလ်အရရော၊ လုပ်ငန်းသဘောအရပါ ကျွန်တော်တို့ တစ်ဦးရဲ့သဘောကို တစ်ဦးက နားလည်သဘောပေါက်လောက်ပြီလို့ မြင်ပါတယ်။ ဒီအပေါ်မှာ စိတ်သဘောထားကြီးစွာနဲ့ ပြေပြေလည်လည် အတူတကွသွားနိုင်မယ့် လမ်းကြောင်းကို ရှာကြမယ်လို့ သဘောထားရှိကြတယ်ဆိုရင် ပြဿနာကို ရှင်းရတာမခက်ဘူးလို့ မြင်ပါတယ်။ ဒါကြောင့် ဆုံစည်းတဲ့ဆွေးနွေးပွဲဟာ ကျွန်တော်တို့ အတူတူသွားနိုင်တဲ့ လမ်းကြောင်းတစ်ခုကိုပဲ ချဉ်းကပ်မှုအနေနဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာကြမယ်ဆိုရင် အဖြေကောင်းတစ်ခုရမယ်လို့ ထင်ပါတယ်။

“ ခါတိုင်းမှာ ကျွန်တော်တို့ ဆွေးနွေးပြီးတိုင်း ယေဘုယျအားဖြင့် သဘောတူသည် Principally Agreed ဆိုတဲ့ သဘောတူညီမှုမျိုးနဲ့ ရပ်တန့်မနေဖို့ လိုပါတယ်၊ ယေဘုယျအားဖြင့် သဘောတူတယ်ဆိုတဲ့စာလုံးကို သုံးခြင်းအားဖြင့် အဆုံးမှာ ဘယ်လိုမျိုးကောက်ချက်ဆွဲလို့ရသလဲဆိုရင် ယေဘုယျဆန်ဆန် သဘောတူတဲ့ဟာတွေဟာ သဘောမတူသလိုဘဲ ဖြစ်သွားတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားရပါတယ်။ ဒါကြောင့် ယေဘုယျသဘောတူတယ်ဆိုတဲ့ အဆင့်ကို ကျော်လွန်ပြီးတော့ ခိုင်မာတိကျတဲ့ အကောင်အထည်ဖော်မှုမျိုးကို ကတိပြုပြီး ကျွန်တော်တို့ တကယ်တမ်းဆောင်ရွက်ရမယ့် လုပ်ငန်းအတွက် အဖြေရှာမှုမျိုးကို တကယ်သွားသင့်တယ်လို့ မြင်ပါတယ်။ ဒီကနေ့ ဆုံစည်းမှုဟာ ဒီလမ်းကိုပဲရွေးချယ်ပြီး ဆက်လျှောက်ဖို့ တွေ့ဆုံခြင်းဖြစ်ပါတယ်ဆိုတဲ့ အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ် ” ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီအဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် အချိန်ဇယားသတ်မှတ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောထားစုစည်းချက်များရယူခြင်းကို ဆောင်ရွက်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေးခဲ့

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီအဖွဲ့ခေါင်းဆောင် ခူဦးရယ်က ယနေ့တွေ့ဆုံပွဲတွင် ကိစ္စရပ်အသီးသီးကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ပါကြောင်း၊ ပြဿနာများကို မည်သို့အဖြေရှာကြမည်ဆိုသည်နှင့် ပတ်သက်၍ အမြင်သဘောထားများကို ဆွေးနွေးစုစည်းညှိနှိုင်းကြပါကြောင်း၊ ပြဿနာအရပ်ရပ်ကို နည်းလမ်းပေါင်းစုံဖြင့် တစ်ဖက်နှင့်တစ်ဖက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ယုံကြည်မှုရှိရှိဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာလျှင် အဖြေရှာရမည်ဟုမြင်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုတစ်ခုပြီးတိုင်း အရှေ့တစ်ခုရွေ့နေသည်ဟု သုံးသပ်ပါကြောင်း၊ အချိန်လိုအပ်သည်ကို နှစ်ဖက်စလုံးက နားလည်ထားသည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် အရွေ့ကို မြန်မြန်ဆန်ဆန်ရွေ့ချင်သော်လည်း အချိန်အရ တဖြည်းဖြည်းရွေ့နေရဦးမည် ဖြစ်ပါကြောင်း၊ နောက်ပြန်မသွားရေးသည် အရေးကြီးပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုသည် အရွေ့တစ်ခုဟုပြောလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် **အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး** က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်တွင် KNPP နှင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် မေ ၁၁ ရက်တွင် KNU ဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် မေ ၂၆ ရက်တွင် KHCC နှင့် လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် RCSS နှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် UWSA နှင့်လည်းကောင်း၊ မြောက်ပိုင်း ၄ ဖွဲ့နှင့်လည်းကောင်း တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်ရေး၊ NCA လက်မှတ်ရေးထိုးနိုင်ရေး၊ NCA အရ အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆွေးနွေးညှိနှိုင်းလျက် ရှိပါကြောင်း။

ခိုင်ခိုင်မာမာထိန်းသိမ်းနိုင်ခဲ့

ယနေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များ၊ NCA လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် KNPP အနေဖြင့် ၂၀၁၂ မတ် မှစတင်၍ ၇ နှစ်လုံးလုံး အပစ်အခတ်ရပ်စဲရေးကို ခိုင်ခိုင်မာမာ ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများကိုယ်စား အစိုးရအနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးခရီး အခက်အခဲအချို့ရှိသော်လည်း အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများရှိသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးပါက ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများဖြင့် ပိုမိုနီးကပ်စွာ NCA ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အချိန်ဇယားများအတိုင်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး မြင့်ဝေနှင့် ဦးမော်မော်၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးပေါ်လွင်စိန်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဘုန်းနိုင်၊ မော်ဒေးဒေးဖော၊ ခူညေးရယ်၊ အယ်မွီး၊ ခူတော်ရယ်(အက်စ်)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်ဌေးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစပြီး မတူကွဲပြားသည့် အစိုးရပုံသဏ္ဌာန်ခြောက်မျိုးနှင့် ဖြတ်သန်းခဲ့ရသော်လည်း ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးယန္တရားကို အဓိကကိုင်တွယ် ဆောင်ရွက်ခဲ့သည့် ဌာနသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပင်ဖြစ်ကြောင်း။

လက်ရှိ အစိုးရလက်ထက်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းတွင် မဏ္ဍိုင်ကြီး သုံးရပ်ပါရှိပြီး မဏ္ဍိုင်(၁)၏ နံပါတ်(၁) ရည်မှန်းချက်သည် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုတို့ဖြစ်ကြောင်း။

ပြောင်းရွှေ့ဖွဲ့စည်း

အဆိုပါ မဏ္ဍိုင်(၁)၏ နံပါတ်(၁)ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ပြောင်းရွှေ့ဖွဲ့စည်းကာလ ခြောက်လကျော် ရှိခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ပြောင်းရွှေ့ဖွဲ့စည်းပြီးသည့်နောက်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူကို မျက်နှာမူသည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များ ရရှိရေးတို့ကို ရည်မှန်းပြီး ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မည့် ဦးစားပေးကဏ္ဍကြီး (၃)ခုကို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီး ဖော်ထုတ်ချမှတ်ခဲ့ကြောင်း။

ထိုဦးစားပေးကဏ္ဍကြီး (၃)ခုမှာ (၁)ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အမိန့်ကြော်ငြာစာများကို ခေတ်ကာလနှင့်အညီ ပြင်ဆင်ပြောင်းလဲရန်၊ (၂)အသွင်သဏ္ဌာန်ပြောင်းလဲရေးနှင့် စီမံခန့်ခွဲမှုစနစ်၊ ကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုစနစ်များဖြစ်ပေါ်လာစေရန်၊ (၃) ပြည်သူနှင့်အတူ ဟူသော မူဝါဒလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ပြည်သူဗဟိုပြုစီမံကိန်းများ ဆောင်ရွက်ရန်တို့ပင် ဖြစ်ကြောင်း။

အဓိကမျှော်မှန်းချက်

ထို့အပြင် ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကမျှော်မှန်းချက် (Vision) အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း သင့်မြတ်ရေးနှင့် သဟဇာတဖြစ်ရေးကိုလည်း အဓိက အထောက်အကူပေးနိုင်သည့် ဌာနကြီး ဖြစ်သကဲ့သို့ ပဋိပက္ခများကို ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက်လည်း အရေးကြီးသည့် ဌာနကြီးတစ်ခုဖြစ်သည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝရေးသည် အရေးအကြီးဆုံးဖြစ်သည်ကို မိမိအနေဖြင့် အလေးအနက်ပြောကြားလိုကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးနေသည့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း(Institute of Development Administration – IDA) အဆင့်မြှင့်တင်နိုင်ရေးကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် IDA ကျောင်း၏ သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများကို မိမိတို့ နိုင်ငံ၏အခြေအနေ၊ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တို့နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရန်၊ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရန်အတွက် နည်းပညာများ၊ အထောက်အပံ့များ ရရှိနိုင်ရန် မိမိဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့နှင့်အတူ ဂျပန်နိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့ကြောင်း။

အဆိုပါခရီးစဉ်အတွင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဥက္ကဋ္ဌ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) ဥက္ကဋ္ဌနှင့် JICA မှ တာဝန်ရှိသူများ၊ (JICA) Kansai Office မှ တာဝန်ရှိသူများနှင့် မိမိတို့နိုင်ငံ၏ အုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူကို ဗဟိုပြုသော ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

အုပ်ချုပ်မှုပညာရပ်များနှင့်ပတ်သက်၍ Japan Intercultural Academy of Municipalities(JIAM)၊ Local Autonomy College၊ National Graduate Institute for Policy Studies(GRIPS)၊ Meiji University ၏ လက်အောက်တွင်ရှိသည့် Graduate School of Governance Studies တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အုပ်ချုပ်မှုပညာသင်ကျောင်းများ၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ သင်ကြားမှုနည်းစနစ်များ စသည်တို့ကို လေ့လာခဲ့ကြောင်း။

အဆင့်ဆင့်ပြုပြင်ဆောင်ရွက်သွားရန်ရှိ

ဂျပန်နိုင်ငံခရီးစဉ်အတွင်း လေ့လာခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊ ဌာနများ၏ ဆောင်ရွက်မှုပုံစံများကို မှီငြမ်းပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းကို မြန်မာ့အုပ်ချုပ်ရေးစနစ်နှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ ကျောင်းအုပ်ချုပ်မှုပုံစံများ ပြုပြင်ပြောင်းလဲခြင်း၊ သင်ကြားရေးစနစ်များကို ပြောင်းလဲခြင်း၊ အုပ်ချုပ်ရေးနှင့်ဆက်စပ်သော ဘာသာရပ်များကို တိုးချဲ့သင်ကြားခြင်း၊ အထူးပြုဘာသာရပ်များ သင်ကြားခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက်၊ အပိုင်းလိုက်၊ ခွဲခြားပြီး အဆင့်ဆင့်ပြုပြင် ဆောင်ရွက်သွားရန် ရှိကြောင်း။

ယခုကဲ့သို့ ထွေ/အုပ် သင်တန်းကျောင်း အဆင့်မြှင့်တင်နိုင်ရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိသလို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင့်သုံးလျက်ရှိသည့် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးအတွက်ကိုလည်း ဝန်ကြီးဌာနအဆင့် Regulatory Review Unit ကို ဝန်ကြီးဌာန၊ အကြံပေးအဖွဲ့ဝင် နှစ်ဦး၊ ဝန်ကြီးရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာထမ်းများပါဝင်ဖွဲ့စည်းပြီး ကဏ္ဍအလိုက် Time Frame များ သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ဌာနတွင်း အုပ်ချုပ်မှုလုပ်ငန်းစဉ်များဖြစ်သည့် မိမိတို့ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေးလုပ်ငန်းစဉ်များကို စနစ်တကျ မျှမျှတတဖြစ်စေရန်အတွက် ဒေသအလိုက် အခြေခံထားသည့် အုပ်စု(၄)စုခွဲပြီး ရုံးချုပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဆင့်တို့တွင် အလှည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်စေမည့် ဝန်ထမ်းပြောင်းရွှေ့ရေး မူဝါဒ(မူကြမ်း ပထမအကြိမ်)ကို ချမှတ်ရေးဆွဲခဲ့ပြီး ကနဦးအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး ၆၅ ဦးကို ပြောင်းရွှေ့နေရာချထားခဲ့ပြီးဖြစ်ကြောင်း။

ထိုဝန်ထမ်းပြောင်းရွှေ့ရေးမူဝါဒ (မူကြမ်း)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အဆင်ပြေမှု ရှိ-မရှိ၊ သင့်လျော်မျှတခြင်း ရှိ-မရှိ၊ လက်တွေ့လုပ်ငန်းအခြေအနေနှင့် ကိုက်ညီမှု ရှိ-မရှိတို့ကို ဝန်ကြီးဌာန အကြံပေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်းတို့နှင့် ပြန်လည်သုံးသပ်ဆွေးနွေးလျက်ရှိကြောင်း။

အလားတူ ပြည်သူများ၏ နစ်နာမှု၊ တိုင်ကြားမှုများကို ဖြေရှင်းပေးနိုင်ရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် အကြံပြုချက်များ၊ တင်ပြလိုသည့် အချက်များကို တင်ပြနိုင်ရေးအတွက် ဝန်ကြီးဌာန Facebook Page ဖွင့်လှစ်ထားရှိကြောင်း၊ ထို့ပြင် Fax/E-mail တို့ဖြင့် လတ်တလောလက်ခံဖြေရှင်း ဆောင်ရွက်ပေးနေကြောင်း။

မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို အများပြည်သူသိရှိနိုင်ရေး၊ ပြုပြင်သင့်သည်များကို အကြံပြုနိုင်ရေးတို့အတွက် Website တစ်ခုကို မကြာမီလွှင့်တင်ပြီး တိုင်ကြားစာပေးပို့နိုင်သည့် ကဏ္ဍတစ်ခုကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် တတိယသုံးလတာကာလအတွင်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း နိုင်ငံတော်အကြီးအကဲများထံ တင်ပြအတည်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်များမှာ - (၁)နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး မဲပေးနိုင်ရေး၊ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး၊ မဲစာရင်းတိကျမှန်ကန်စေရေးတို့အတွက် အခြေခံမဲစာရင်းပြုစုခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့် အခြေခံလူဦးရေ စာရင်းကောက်ယူခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ (၂) လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးအဆင့်ဆင့်ကို အဓိကတာဝန်ပေးအပ်ထားပြီးဖြစ်ခြင်းကြောင့် စိစစ်ခဲ့သည့်အမှုတွဲများကို သတ်မှတ်ကာလများအလိုက် ပိုင်းခြားပြီး ပြီးပြတ်အောင်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ (၃) OSS ရုံးများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ ရိုးရှင်းလွယ်ကူသည့် ဝန်ဆောင်မှုစနစ်ဖော်ဆောင်နိုင်ရေး၊ လုပ်ငန်းစဉ်များ ဖြေလျှော့ပေးနိုင်ရေးနှင့် Mobile OSS အဖွဲ့များဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ (၄) ရပ်/ကျေး စာရေး (အငယ်တန်းစာရေး)များအတွက် သီးခြားသင်တန်းမရှိသည့်အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် အခြေခံသင်တန်းပို့ချနိုင်ရေးနှင့် ရပ်/ကျေးအဆင့် ဝန်ထမ်းလက်စွဲစာအုပ်ပြုစုနိုင်ရေးအတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒုတိယ(၃)လတာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တတိယ(၃)လတာကာလအတွင်း ဆောင်ရွက်မည့် အထက်ပါလုပ်ငန်းအစီအမံများကိုလည်း အကောင်အထည်ပေါ် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အကောင်အထည်ဖော်အောင်မြင်အောင် စံနမူနာပြဆောင်ရွက်ပေးကြပါ၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရား ကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြပါ၊ ပြည်သူနှင့်တစ်သားတည်း ရပ်တည်ဆောင်ရွက်ကြပါ၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးကြပါဟု မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်၊ ပြည်သူများ၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလွှတ်တော်၊ ပြည်သူများ၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ဥပဒေပြုရေးကိစ္စ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

Yangon Innovation Centre လုပ်ရတဲ့ ရည်ရွယ်ချက်က ကျွန်မတို့ မျိုးဆက်သစ်လူငယ်တွေအတွက် ကျွန်မတို့နိုင်ငံမှာ Ecosystem (ဂေဟစနစ်) တစ်ခု တည်ဆောက်ဖို့လို

နော်ပန်းသဥ္ဇာမျိုး(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာန (Yangon Innovation Centre) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ Yangon Innovation Centre တွင် ကျင်းပခဲ့ပြီး ဇူလိုင် ၁၈ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။ ကျင်းပသည့် နှစ်ရက်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ Yangon Region Young Entrepreneurs Association (YRYEA) ၏ ဦးဆောင်မှုဖြင့် နည်းပညာရပ်ဆိုင်ရာ တီထွင်ဆန်းသစ်မှု ပြပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

နော်ပန်းသဥ္ဇာမျိုး
(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

ဦးရာဝီး
Yangon Innovation Centre (CEO)

ဒေါက်တာမီမီသက်သွင်(ပါမောက္ခချုပ်)
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

ကိုဇော်မင်းသန့်(CB Bank)
Deputy Head

ဒေါက်တာစောစန္ဒာအေး (ပါမောက္ခချုပ်)
ရန်ကုန်သတင်းအချက်အလက် နည်းပညာတက္ကသိုလ်

ထို့ကြောင့် ရန်ကုန်ဆန်းသစ်ဖန်တီးမှုဗဟိုဌာနမှ တာဝန်ရှိသူများနှင့် အဆိုပါစင်တာသို့ လာရောက်ကြသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

နော်ပန်းသဥ္ဇာမျိုး(ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကတည်းက Yangon Innovation Centre ဖြစ်မြောက်ဖို့အတွက် ကြိုးပမ်းခဲ့ပါတယ်။ ဒီနေ့ဖွင့်လှစ်နိုင်ပါပြီ။ Yangon Innovation Centre လုပ်ရတဲ့ ရည်ရွယ်ချက်က ကျွန်မတို့ မျိုးဆက်သစ်လူငယ်တွေအတွက် ကျွန်မတို့နိုင်ငံမှာ Ecosystem (ဂေဟစနစ်) တစ်ခု တည်ဆောက်ဖို့လိုတယ်။ နည်းပညာ Industrial Regulation Force ဆိုတာလာနေပါပြီ။ ကျွန်မတို့ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ဖို့ လိုအပ်တယ်။ ကျွန်မတို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်တဲ့အခါ လုပ်ခ၊ လစာ ပေါများတယ်ဆိုတာဟာ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ် ဆွဲဆောင်မှု မဖြစ်တော့ပါဘူး။ နိုင်ငံတိုင်းမှာ အစိုးရတစ်ရပ်က ဦးဆောင်ပြီး Startup တွေ Ecosystem တွေကို နိုင်ငံတိုင်းမှာ လုပ်ပေးနေပါတယ်။ စင်ကာပူနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၀၊ ၁၂ လောက်မှာရှိပါတယ်။ ထိုင်းနိုင်ငံဆို လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကတည်းက Ecosystem တစ်ခုကို စပြီးတည်ဆောက်နေပါတယ်။ ထိုင်းနိုင်ငံ တစ်နိုင်ငံလုံးမှာ လူငယ်တွေ အဆင်ပြေနိုင်တဲ့ နေရာတွေမှာ Startup တွေဖန်တီးပေးထားပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း innovation အနေနဲ့ စင်တာတစ်ခု လိုအပ်လာပါတယ်။ အဲဒီလို လုပ်ကိုင်ပေးမှသာလျှင် နည်းပညာနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်မှာပါ။

ဒေါက်တာ သင်းသင်းဟန်
ဒုတိယဥက္ကဋ္ဌ(၂)၊ YRYEA

ဒေါ်ခင်အေးဝင်း (ပါမောက္ခချုပ်)
STI University Myanmar

ကိုထက်မြတ်အောင် (Mechatronics ပဉ္စမနှစ်)
ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)

Yangon Innovation Centre မှာ လူငယ်တွေသည် ကောင်းမွန်တဲ့ Idea တွေ လာပြိုင်ရမယ်။ ပြိုင်ပွဲမှာ အနိုင်ရတဲ့သူတွေကို ဆုပေးမယ်။ ဆုရတဲ့ ကလေးတွေကို ငွေကြေးရှိတဲ့ လုပ်ငန်းရှင်တွေက အရင်းအနှီးတွေ ထုတ်ပေးမယ်။ ဒါဆို ကလေးတွေက သူတို့ရဲ့ကုမ္ပဏီတွေကို ကြီးထွားအောင်လုပ်လို့ရမယ်ဆိုတဲ့ပုံစံမျိုးကို ကျွန်မတို့က ဖန်တီးပေးတာ ဖြစ်ပါတယ်။ Yangon Innovation Centre သည် လူငယ်တွေရဲ့ အနာဂတ်ပါ။ လူငယ်တွေရဲ့ထွက်ပေါက်ပါ။ လာရောက်လေ့လာပေးစေလိုပါတယ်။ Yangon Innovation Centre မှာ operator တွေရှိပါတယ်။ Seedstar သည် နိုင်ငံပေါင်း ၆၀ ကျော်လောက်မှာ Startup Ecosystem တွေကို ဆောင်ရွက်နေတဲ့ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက်ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ Yangon Innovation Centre ကို တိုင်းဒေသကြီးအစိုးရက Develop လုပ်တယ်။ operator က Seedstar ဖြစ်ပါတယ်။ Seedstar က ရက်သတ္တပတ် ၁၂ ပတ်မှာ သုံးကြိမ် ကလေးတွေကို သင်ကြားလေ့ကျင့်ပေးမှာ ဖြစ်ပါတယ်။ အဲဒီလို သင်ကြားလေ့ကျင့်ခံရတဲ့ ကလေးတွေသည် စီးပွားရေးလုပ်ငန်းတစ်ခုကို စလုပ်နိုင်တဲ့ အရည်အချင်းတွေ ပြည့်နေတဲ့ လူတစ်ယောက် ဖြစ်သွားမှာ ဖြစ်ပါတယ်။

Yangon Innovation Center ၌ ပြသထားသည့် နည်းပညာများကို စိတ်ဝင်တစား ကြည့်ရှုနေကြသည့်လူငယ်များ။

ဦးရာဝီး

Yangon Innovation Centre (CEO)

ဒီနေ့က Yangon Innovation Centre ရဲ့ ဖွင့်ပွဲကို အဓိကထားပြီးလုပ်တာပါ။ ဒီနေ့ဖွင့်ပွဲမှာ Yangon Innovation Centre က ဘာအတွက်လဲ၊ ဘယ်သူတွေအတွက်လဲ၊ ဘာတွေလုပ်ဆောင်နိုင်သလဲ ဆိုတာကို အဓိကပြောသွားမှာပါ။ Yangon Innovation Centre ဆိုတာက ဆန်းသစ်ဂေဟစနစ်လေးတစ်ခုကို အောင်မြင်အောင်အကောင်အထည်ဖော်ဖို့ အတွက်ပါ။ ဘယ်လိုအောင်မြင်အောင် အကောင်အထည်ဖော်မလဲဆိုရင် ဂေဟစနစ်ထဲမှာ ရှိနေတဲ့ လုပ်ငန်းအသစ်လေးတွေကို ပံ့ပိုးပေးရမှာပါ။ ပံ့ပိုးပေးတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှု အသစ်တွေနဲ့ ပံ့ပိုးပေးတယ်။ စီးပွားရေးပညာရှင်တွေ၊ တက္ကသိုလ်ကပညာရှင်တွေကို ပေးတယ်။ အဲဒါအပြင် ကျွန်တော်တို့က ကောင်းမွန်တဲ့ မူဝါဒတွေ အများကြီးပေးတယ်။ ဒီစင်တာစဖြစ်လာဖို့ ကြိုးစားတာ ၂၀၁၇ လောက်ကတည်းက ကြိုးစားခဲ့ရတာပါ။ စလုပ်ကတည်းက မြစ်ကမ်းနံဘေးလေးဖြစ်ရင် ကောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စခဲ့ပါတယ်။ နှစ်နှစ်တာကာလကို ကျော်လွန်ပြီးတဲ့အခါမှာတော့ အခုမြင်ရတဲ့အတိုင်း Yangon Innovation Centre ဆိုတာ ဖြစ်လာတာပါ။ ဒီစင်တာဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက အကောင်အထည်ဖော်ထားတဲ့ စင်တာတစ်ခုပါ။ ဒါကြောင့် Yangon Innovation Centre ရဲ့ ပဲ့ကိုင်ရှင်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရဖြစ်တာကြောင့် မူဝါဒတစ်ခုကို သူကပဲချမှတ်ပြီး ဒီစနစ်တွေနဲ့ သွားရမယ်ဆိုတာမျိုး ချမှတ်ထားတာရှိပါတယ်။ နည်းပညာကဏ္ဍနဲ့ စမ်းသပ်တီထွင်မှုကို အဓိကအားပေးပါတယ်။ အဲ့ဒီမှာမှ စိုက်ပျိုးရေးနဲ့ ပတ်သက်တာသွားမလား၊ ငွေကြေးနေနဲ့ ပတ်သက်တာတွေ သွားမလားဆိုတာရှိပါတယ်။

ကျွန်တော်တို့ဆီကို ရောက်လာတဲ့ လူငယ်အဖွဲ့အစည်းတွေ တန်းတူအားလုံး လုပ်ချင်တာလေးတွေကို ကဏ္ဍအသီးသီးအလိုက် လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့စင်တာမှာ လူငယ်တွေကို အဓိက အားထားပါတယ်။ လူငယ်တွေ ဒီစင်တာကို ဆက်သွယ်ပါ၊ လာပါ။ ဒီမှာလုပ်ဆောင်တဲ့ ပွဲတွေမျိုးစုံရှိပါတယ်။ အဲဒီပွဲတွေက တစ်ဆင့်ဝင်လာလို့ရတယ်။ ဒီမှာအလုပ်လုပ်ချင်တယ်ဆိုရင်လည်း အလုပ်လုပ်တာနဲ့ ပတ်သက်ပြီး ပံ့ပိုးမှုတွေ အများကြီးပေးပါတယ်။ အမြဲစဉ်ဆက်မပြတ် ကျွန်တော်တို့နဲ့ ဆက်သွယ်ထားပါ။ လိုအပ်ချက်တွေရှိရင်လည်း အမြဲပြောနေပါ။ ဒါဖွင့်ထားတာသည် လူငယ်တွေအတွက်ပဲ ဖြစ်တဲ့အတွက် သူတို့ရဲ့ အသံကို ကျွန်တော်တို့ကြားသိရရင် ပိုပြီးသင့်တော်တဲ့ ပုံစံမျိုးတွေ လုပ်ပေးလို့ရပါတယ်။ လူငယ်ဘက်က လုပ်ဆောင်နေတာတွေက တော်တော်လေးအားရစရာ ကောင်းပါတယ်။ အဓိက လိုအပ်နေတာက မှန်ကန်ခိုင်မာတဲ့ ပံ့ပိုးမှုတွေ လိုနေတာပါ။ ကျွန်တော်တို့လို စင်တာမျိုးက မှန်ကန်ပြီး ခိုင်မာတဲ့ ပံ့ပိုးမှုတွေ ပေးနိုင်မယ်ဆိုရင် သူတို့လုပ်နေတဲ့ လုပ်ရပ်တွေက တော်တော်လေး ထိရောက်အောင်မြင်သွားမယ်လို့ ယုံကြည်ပါတယ်။

ဒေါက်တာမီမီသက်သွင်(ပါမောက္ခချုပ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

Yangon Innovation Centre မှာ ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေက System သုံးခုကို ဝင်ရောက်ပြသမှာ ဖြစ်ပါတယ်။ ပထမ တစ်ခုက Smart Pay System ဖြစ်ပါတယ်။ ဒုတိယတစ်ခုကတော့ student information system ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းတွေမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ကစပြီး တက္ကသိုလ်တစ်ခုနဲ့တစ်ခု Credit Transfer ပြုလုပ်နိုင်တဲ့ Credit System ကိုပြောင်းလဲသင်ကြားပါတယ်။ အဲဒီလိုပြောင်းလဲသင်ကြားရာမှာအထောက်အကူပြုတဲ့ software ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့

စာမျက်နှာ ၁၁ သို့

ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း အပတ်စဉ်လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၇

ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေများအား ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပတ်စဉ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ဇူလိုင် ၁၆ ရက်အထိ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု နောက်ဆုံးရ အချက်အလက်များနှင့် ပတ်သက်၍ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ၊ ဓာတ်ခွဲမှုဆိုင်ရာ၊ ပြည်သူ့ဆေးရုံကြီးများမှရရှိသော အချက်အလက်များ၊ လတ်တလော အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးမှူးများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်မှု၊ ရောဂါဖြစ်ပွားမှု အရှိန်အဟုန်နှင့် လားရာအားသုံးသပ်၍ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဦးတည်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရောဂါဖြစ်ပွားသူ၊ သေဆုံးသူများ၏ ရောဂါသဘာဝနှင့် တွဲဖက်ဖြစ်ပွားသည့်ရောဂါများ၏ ပြင်းထန်မှုအခြေအနေတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ၂၀၁၇ ခုနှစ် အပါအဝင် ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခြင်းများကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုတင်ပြသော အချက်အလက်များအရ ယခုနှစ် ဇူလိုင် ၁၆ ရက်အထိ Seasonal influenza A (H_1N_1) pdm 09 ရောဂါနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင် သေဆုံးသူဦးရေ ၅၆ ဦးရှိခဲ့ရာတွင် ၇၈ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့် ၄၄ ဦးမှာ နာတာရှည်ရောဂါအခံရှိသူများတွင်ဖြစ်ပြီး ၈ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည့် ငါးဦးမှာ အသက်အရွယ်ကြီးရင့်လွန်းသူအသက် (၇၅နှစ်) မှ (၈၅နှစ်)အကြားနှင့် ငယ်ရွယ်လွန်းသူ (အသက် ၉ လမှ ၁၈ လအကြား) များဖြစ်၍ ၁၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော ခုနစ်ဦးသည် Seasonal Influenza A (H_1N_1) pdm 09 သီးသန့်ဖြစ်ပွားသူများဖြစ်သည်ကို တွေ့ရ၍ နာတာရှည်ရောဂါခံစားနေရသူများနှင့် အသက်ကြီးလွန်းသူ (သို့မဟုတ်) ငယ်လွန်းသူများတွင် တုပ်ကွေးရောဂါ လက္ခဏာများခံစားရပါက နီးစပ်ရာ ဆေးရုံ ဆေးခန်းများတွင် စောစီးစွာ လာရောက် ကုသမှုခံယူစေရေး ကျန်းမာရေးအသိပညာများ တိုးမြှင့်ပေးရန်လိုအပ်ပါကြောင်း။

ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနနှင့် အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာန၊ ပြည်သူ့ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအကြား ပေါင်းစပ်ညှိနှိုင်းပြီး ထိရောက်၍လက်တွေ့ကျသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ အလွန်အရေးပါကြောင်း၊ လူအများစုဝေးရာနေရာများဖြစ်သည့် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ကျောင်းများနှင့် ဘတ်(စ်)ကားများတွင် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ စတေကာများတပ်ခြင်း စသည်တို့ကို ရောဂါဖြစ်ပွားရာဒေသအလိုက် အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်ရန်နှင့် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းစေရေးတွင် အဓိကကျသည့်အချက် မဟုတ်သော်လည်း ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးများကို ဦးတည်အုပ်စုအလိုက် ထိုးနှံပေးရန်ဖြစ်ပြီး ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများကိုလည်း စနစ်တကျထိုးနှံနိုင်ရေး အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

အမျိုးသား ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် လိုအပ်သည့် စက်ပစ္စည်းနှင့် ဓာတ်ခွဲမှုဆိုင်ရာ ကိရိယာများကိုလည်း ထပ်မံဝယ်ယူဖြည့်တင်းပေးရန်အတွက် ဘဏ္ဍာငွေရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်အသီးသီးတို့မှ တင်ပြဆွေးနွေးခဲ့ကြသည်။

ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်မှုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် နေ့စဉ် ထုတ်ပြန်ပေးလျက်ရှိပြီး ဖြစ်ပွားမှုအား အလုံးစုံခြုံငုံသုံးသပ်ခြင်းများကို ဇူလိုင် ၁၈ ရက်နောက်ပိုင်း နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ချက်အမှတ် (၃) အဖြစ် ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၀ မှ

ကျောင်းတွေမှာ ထုတ်ဝေနေတဲ့ Publication တွေကို ပြည်တွင်းပြည်ပက ပညာရှင်တွေကိုးကားနိုင်အောင် ပြုလုပ်ထားတဲ့ UCSY repository တစ်ခုကို ပြသသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ Industry ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ စွန့်စားတီထွင်တဲ့ လူငယ်တွေက ဖန်တီးလိုက်တဲ့ IT Product တွေအပေါ်မှာ အများကြီးမူတည်ပါတယ်။ Innovation Centre တည်ထောင်တာဟာ ကျွန်မတို့ ကျောင်းသူ ကျောင်းသားများအတွက်သာမက IT Industry အတွက်ပါ များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ ကျောင်းသူ ကျောင်းသားတွေကို Industry မှာ ready ဖြစ်ဖို့၊ Innovation Idea ကောင်းတဲ့ စွန့်ဦးတီထွင်သောလူငယ်တွေ ဖြစ်ဖို့အတွက် ကျွန်မတို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ အထူးသဖြင့်ကတော့ Industry နဲ့ ချိတ်ဆက်မှုတွေဆောင်ရွက်ပါတယ်။ နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားအားလုံးသည် Internship (အလုပ်သင်) ဆင်းရပါတယ်။ အဲဒီအခါ ကျွန်မတို့က Industry မှာ ဘာတွေလိုအပ်နေလဲ။ ကျွန်မတို့ကျောင်းတွေကနေ ဘာတွေပံ့ပိုးပေးနိုင်မလဲ။ ကျောင်းသူကျောင်းသားတွေကလည်း ဘယ်လို အရည်အချင်းတွေ ပြည့်စုံရမယ်ဆိုတာ သိရှိနိုင်တဲ့အတွက် Industry အတွက် ready ဖြစ်မယ့် ကျောင်းသူ ကျောင်းသားများ မွေးထုတ်ရာမှာ Innovation Centre က များစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ကိုဇော်မင်းသန့်(CB Bank)
Deputy Head

Yangon Innovation Centre ကို CB Bank က အဓိကပံ့ပိုးသူအနေနဲ့ ပါဝင်ထားပါတယ်။ အခုဆိုရင် ဘဏ်လုပ်ငန်းနဲ့ပတ်သက်ပြီး Financial Innovation တွေလည်း ခေတ်စားလာတယ်။ FINTECH ဆိုတဲ့ လုပ်ငန်းတွေလည်း ပေါ်ပေါက်လာတယ်။ Startup တွေ စိတ်ကူးသစ်လုပ်ငန်း လုပ်ကြမယ့် လုပ်ငန်းတွေရှိကြတယ်။ ဒီမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် သူတို့နဲ့ ကျွန်တော်တို့နဲ့ နီးနီးကပ်ကပ်ရှိပြီး စိတ်ကူးသစ်တွေ ထုတ်လို့ရမယ်။ သူတို့ကို ကူညီပေးနိုင်မယ်။ Yangon Innovation Centre မှာ အဓိက ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ကြမယ်။ လူငယ် လူကြီးတွေအတွက် စိတ်ကူးသစ်တွေ ထုတ်ကြမယ်။ တချို့ဆိုရင် စိတ်ကူးသစ်တွေရှိပေမယ့် ငွေကြေးကလည်း သိပ်မတတ်နိုင်ဘူး။ ဒီ Innovation Centre မှာဆို စားပွဲတစ်လုံးငှားပြီး ရုံးခန်းတစ်ခု ဖွင့်လို့ရတယ်။ ဒီလိုလုပ်ခြင်းဖြင့် တစ်နေရာထဲတည်းမှာ လုပ်ငန်းတွေစုစည်းပြီး ချိတ်ဆက်လို့ရတဲ့ အခွင့်အလမ်းတွေရမယ်။ နည်းပညာနဲ့ အခြေခံပြီး လုပ်ငန်းလုပ်ချင်သူတွေအတွက် ဒါက အခွင့်အလမ်းပါ။ နည်းပညာအသစ်တွေကို ဖန်တီးချင်သူတွေအတွက် CB Bank က ပြိုင်ပွဲတွေလုပ်ဖို့ရှိပါတယ်။ Innovation Centre က Seed Star နဲ့ ပေါင်းထားတာကြောင့် ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီး ချိတ်ဆက်တာမျိုးတွေ လုပ်ပေးမှာဖြစ်တဲ့အတွက် နည်းပညာနဲ့ပတ်သက်ပြီး လုပ်ငန်းလုပ်ချင်သူ လူငယ်တွေအတွက် အခွင့်အလမ်းပါ။ Innovation သည် ပုံမှန်ကုမ္ပဏီကြီးတွေအတွက် မဟုတ်ဘဲ လူငယ်စွန့်ဦးတီထွင်သူတွေအတွက် ရည်ရွယ်ပြီး ဦးစားပေးထားတာပါ။

ဒေါက်တာစောစန္ဒာအေး (ပါမောက္ခချုပ်)
ရန်ကုန်သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

Innovation Centre ဖွင့်လှစ်လိုက်ခြင်းဖြင့် တီထွင်လိုတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကောင်းမွန်တဲ့အခွင့်အလမ်းတစ်ခုလို့မြင်ပါတယ်။ သူတို့မှာ စိတ်ကူးစိတ်သန်းတွေရှိတယ်ဆိုရင် အစုအဖွဲ့လိုက် လုပ်လို့ရတယ်။ စိတ်ကူးသစ်တွေလည်း ရမယ်။ ဒီနေ့ပွဲမှာ သတင်းအချက်အလက်နည်းပညာအနေနဲ့ Software နဲ့ Hardware နှစ်ခုကို ပြသမှာပါ။ Hardware ပရောဂျက်မှာဆိုရင် လူက ကြည့်စရာမလိုဘဲ အလိုအလျောက် ရေပေးမယ်။ စိုက်ပျိုးရေးမှာ အသုံးပြုတဲ့ Green House System ကို ပြသမှာ ဖြစ်ပါတယ်။ Software မှာဆိုရင် လူငယ်လူရွယ်တွေကြား Game Industry က အတော့်ကို ဝင်ငွေကောင်းစေတဲ့ Idea လေးဖြစ်နေတော့ game တစ်ခုကို ပြသမှာပါ။ ဒီ game က ကျောင်းသားတွေ သူတို့ကျောင်းမှာ သင်ကြားတဲ့ C-Programing ကိုရေးထားတဲ့ ပရောဂျက်ဖြစ်ပါတယ်။ ဒီ Innovation Centre က လိုအပ်တဲ့ ပညာရပ်တွေကို ဖြည့်ဆည်းနိုင်မယ်။ အဲဒီမှာ ပညာရှင်တွေက ပညာရပ်ဆိုင်ရာ ဟောပြောပွဲတွေရှိမယ်။

ဒီနေရာမှာ ကျောင်းပေါင်းစုံ ကျောင်းသားတွေနဲ့ အတွေးအမြင်တွေဖလှယ်နိုင်တာကြောင့် ကောင်းမွန်တဲ့ အခွင့်အရေးတွေ ရလာမယ်။ အပြင်ကလူငယ်လူရွယ်တွေလည်း ပူးပေါင်းဖလှယ်လို့ရတဲ့ အခွင့်အလမ်းတွေရှိတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရကလည်း ဒီလိုမျိုး အားပေးလာတယ်။ လူငယ်တွေရဲ့ Idea ကောင်းဖို့ပဲ၊ တီထွင်ဖို့ နေရာကလည်း ရှိလာပြီဆိုတော့ သူတို့ရဲ့ Idea တွေကို အကောင်အထည်ဖော်နိုင်တယ်ဆိုရင် Startup ကုမ္ပဏီတွေလည်း တည်ထောင်နိုင်မယ်ဆိုရင် ချက်ချင်းပဲ မီလီယံနာ၊ ဘီလီယံနာဖြစ်နိုင်တဲ့ အခွင့်အလမ်းတွေ နိုင်ငံတကာမှာ တွေ့နေရတယ်။ ဆန်းသစ်တီထွင်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို လေ့လာရမယ်။ အခြေခံခိုင်မာမှ သူများထက် ပိုကောင်းအောင် လုပ်နိုင်မယ်။ စနစ်တကျ လေ့လာသင်ယူပြီးတော့ ဆန်းသစ်တီထွင်မှုတွေ လုပ်ကြပါလို့ အကြံပြုချင်ပါတယ်။ ဒီခေတ်ကလည်း အင်တာနက်ကကောင်းလာတယ်။ ဒီကလေးတွေက Digital Native လို့ပြောကြတယ်။ ဒီခေတ်ထဲမှာ မွေးဖွားလာတာကြောင့် IT နည်းပညာတွေကို အလွယ်တကူသုံးတတ်နေတယ်။ ဒီလိုသုံးတတ်နေတာကြောင့် အလွယ်တကူလေ့လာနိုင်တယ်။ အင်တာနက်ကို အသုံးပြုရင်လည်း မိမိအတွက် အကျိုးရှိတာတွေကို လေ့လာပြီး တီထွင်နိုင်တဲ့ အခွင့်အလမ်းတွေရှိတယ်။ ဒါမျိုးတွေကို လေ့လာပြီး နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်တဲ့ လူငယ်လေးတွေ၊ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်စေချင်ပါတယ်။

ဒေါက်တာ သင်းသင်းဟန်
ဒုတိယဥက္ကဋ္ဌ(၂)
ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA)

အဓိကက YRYEA အနေနဲ့ ဒီနေ့ပွဲမှာ ပူးပေါင်းပါဝင်ပံ့ပိုးတာပါ။ လာရောက်ပြသတဲ့ ကုမ္ပဏီတွေက သူတို့ရဲ့ နည်းပညာတွေ၊ ထွက်ကုန်တွေကို ပါဝင်ပြသထားပါတယ်။ Yangon Innovation Centre က အမေစုပြောသွားသလို လူငယ်တွေအတွက် နောက်ပိုင်းနည်းပညာတွေ ပိုပြီးတိုးတက်လာအောင် တီထွင်ဆန်းသစ်မှုတွေ လုပ်တဲ့အခါ ပိုပြီးထိရောက်လာပါလိမ့်မယ်၊ ဒီ Centre က လူငယ်တွေကို အားပေးကူညီဖို့ နိုင်ငံက တစ်ထောင့်တစ်နေရာက ပါဝင်တာပါ။ အသေးစား၊ အလတ်စားလုပ်ငန်းတွေအတွက် ပံ့ပိုးပေးနိုင်တဲ့ Centre ဖြစ်လာဖို့အတွက် အဓိက မျှော်မှန်းထားပါတယ်။ ကျွန်မတို့ YRYEA ကို ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက ဖွဲ့စည်းခဲ့တာပါ။ အဓိက က ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ လူငယ်တွေရဲ့ စွန့်ဦးတီထွင်မှုလုပ်ငန်းတွေကို အားပေးကူညီဖို့အတွက် ဒီအသင်းအဖွဲ့ကို ဖွဲ့စည်းထားတာပါ။ YRYEA မှာ အခုဆိုရင် ထပ်တိုးပြီး အသက် ၁၆ နှစ် ကနေ ၄၅ နှစ်အတွင်း Youth Member တွေ ဖွဲ့စည်းထားပါတယ်။ အသင်းကို ပါဝင်ချင်တယ်ဆိုရင် UMFCCI ၁၁ ထပ်မှာ ရုံးခန်းဖွင့်ထားပါတယ်။ လူမှုကွန်ရက်မှာ YRYEA စာမျက်နှာရှိပါတယ်။ဝက်ဘ်ဆိုက်လည်း လုပ်နေပါတယ်။ Application ဖောင်တွေကို ဝင်ရောက်စုံစမ်းပြီး အသင်းဝင်လို့ ရပါတယ်။

ဒေါ်ခင်အေးဝင်း (ပါမောက္ခချုပ်)
STI University Myanmar

ကျောင်းမှာတက်နေတဲ့ ကလေးတွေနဲ့အတူ လာရောက်လေ့လာတာပါ။ ဒီ Centre ဖွင့်လိုက်တာက ကလေးတွေအတွက် ကြီးမားတဲ့ အခွင့်အလမ်းတစ်ခု ပွင့်သွားတယ်လို့ မြင်မိတယ်။ ကလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ တီထွင်နိုင်တဲ့သူတွေ၊ ကြံဆနိုင်တဲ့သူတွေ၊ မဖြစ်နိုင်ဘူးထင်တဲ့အရာတွေလည်း ဒီမှာ တဖြည်းဖြည်းနဲ့ လုပ်ဆောင်နိုင်ဖို့ လမ်းဖွင့်ပေးတဲ့ တံတားတစ်ခုလို့ မြင်ပါတယ်။ လူငယ်တွေအချင်းချင်း တွေ့ဆုံရမယ်၊ သင်ကြားပံ့ပိုးပေးနေတဲ့ သက်ဆိုင်သူတွေ နိုင်ငံတကာက ပုဂ္ဂိုလ်တွေ၊ Industry နဲ့ချိတ်ဆက်ပေးမယ်။ အရင်းအနှီးထုတ်ပေးမယ့်သူတွေ ရှိတယ်။ ပုဂ္ဂိုလ်အမျိုးမျိုးရှိတာကြောင့် မြန်မာပြည်အနှံ့အပြားက လူငယ်တွေအတွက် အခွင့်အရေးရှိတယ်လို့ ထင်မိတယ်။

ကိုထက်မြတ်အောင် (Mechatronics ပဉ္စမနှစ်)
ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)

ကျွန်တော်က ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) ရဲ့ Mechatronics ပဉ္စမနှစ်ကို တက်ရောက်နေပြီး ကျွန်တော်တို့ပြိုင်ပွဲမှာ ကျွန်တော်က mentor အနေနဲ့ ဦးဆောင်ပြီး အလယ်ကတစ်ယောက်က Team Leader မောင်ခန့်ကျော်ခေါင်ပါ။ အစွန်ကတစ်ယောက်က မောင်ဝင်းနိုင်ကျော်ပါ။ သူတို့နှစ်ယောက်စလုံးက YTU ဒုတိယနှစ်ကျောင်းသားတွေပါ။ အားလုံးက ရန်ကုန်နည်းပညာ တက္ကသိုလ်ကပါပဲ။ လာမယ့် အောက်တိုဘာ ၂၄ ကနေ ၂၇ ရက်အထိ ဒူဘိုင်းမှာ ကျင်းပမယ့် First Global Robotics Challenge (ကမ္ဘာ့အဆင့် စက်ရုပ်ပြိုင်ပွဲ) မှာ သွားရောက်ယှဉ်ပြိုင်မှာပါ။ အဲဒီပြိုင်ပွဲအတွက် ပြင်ဆင်ဖို့လုပ်နေကြပြီ။ Robot ဖွဲ့စည်းပုံအနေနဲ့ကတော့ သူတို့နှစ်ယောက်က ဆော့ဖ်ဝဲပိုင်းကို အဓိကထားရေးတယ်။ ကျန်နှစ်ယောက်ကတော့ Robot ဖရိန်ကို လုပ်ခဲ့ကြတယ်။ သူ့အပိုင်းနဲ့သူ စုစုစည်းစည်း အလုပ်လုပ်ကြတယ်။ ပြည်တွင်းအဆင့်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခုက ကျောင်းကြီး ၁၄ ကျောင်း ဝင်ပြိုင်ပြီး ကျွန်တော်တို့က ပထမရလို့ နိုင်ငံ တကာမှာ သွားပြိုင်ရမှာပါ။ နိုင်ငံတကာပြိုင်ပွဲက စုစုပေါင်း ၁၃၆ နိုင်ငံလောက်ရှိမယ်ထင်တယ်။ ဒီထက်လည်း များနိုင်တယ်။ ကျွန်တော်တို့ပြိုင်ပွဲအတွက် ဆုရဖို့ ကတိတစ်ခုမပေးနိုင်ပေမယ့် အကောင်းဆုံးကြိုးစားမယ်။ အဆင့်တစ်ခုရဖို့တော့ မျှော်မှန်းတယ်။

Yangon Innovation Centre ဖွင့်လှစ်လိုက်ခြင်းသည် ကျွန်တော်တို့လို တီထွင်ဖန်တီးချင်တဲ့ လူငယ်တွေအတွက် အခွင့်အရေးတစ်ရပ်ပဲ။ အရင်ကဆို ဒါမျိုးတွေမရှိခဲ့ဘူး။ ကျောင်းမှာ ကျွန်တော်တို့ Project လုပ်ရင် အခက်အခဲတွေရှိခဲ့တယ်။ ဒီလိုမျိုးဖွဲ့စည်းခြင်းအားဖြင့် အခြားအဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့ လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို မြင်လာမယ်။ ထောက်ပံ့ပေးနိုင်မယ်။ လူငယ်တွေရဲ့ အရည်အချင်းတွေ တိုးတက်လာမယ်။ လူငယ်တွေ နေရာပိုရလာမယ်။ ပိုပြီးကြိုးစားလာနိုင်ကြမယ်။ motivation ပိုကောင်းလာမယ်။ ဒီလိုမျိုးရှိခြင်းအားဖြင့် လူငယ်တွေရဲ့လုပ်နိုင်စွမ်းအားကို တင်ပေးတယ်။ ဒီလိုမျိုး ဖွင့်ခြင်းသည် အထောက်အပံ့ကောင်းလို့ မြင်တယ်။ ကျွန်တော့်အနေနဲ့ပြောချင်တာက လူငယ်တွေအနေနဲ့ ရွက်ပုန်းသီးအဖြစ် မနေနဲ့တော့လို့ ပြောချင်တယ်။ ဒါသည် တိုင်းပြည်အနေနဲ့လည်း နာတယ်။ ကျွန်တော့်သူငယ်ချင်းအများစုက တော်ကြတယ်။ ပုံမှန်လေးပဲ နေလိုက်ကြတော့ လမ်းစပျောက်ကုန်တယ်။ ကိုယ်လိုချင်တဲ့ ဦးတည်ချက်ကို မသိကြတော့ဘူး ဖြစ်ကုန်တယ်။ ကိုယ်နဲ့ပတ်ဝန်းကျင်တူတဲ့ အဖွဲ့လေးတစ်ခုနဲ့ နေခြင်းအားဖြင့် တီထွင်နိုင်တယ်။ သူဘာလုပ်မလဲ ကိုယ်သိတယ်။ အခြားဘာလုပ်မလဲဆိုတာလည်း ကိုယ့်အဖွဲ့လေးနဲ့တိုင်ပင်ပြီး အလုပ်တွဲလုပ်လို့ရတယ်။ ကိုယ်အဖွဲ့အစည်းလေးနဲ့ နေပါ။ တစ်ယောက်တည်းမနေပါနဲ့။

တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ ညွှန့်ကိုကို၊ ဓာတ်ပုံ - ဖိုးထောင်

၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှု အမှတ် (၂/၂၀၁၉)ကို ဩဂုတ် ၁ ရက်တွင် အပြီးသတ် အမိန့်ချမှတ်မည်

နေပြည်တော် ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဒေါ်နန်းထွေးမှုံက ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန်အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ (၂)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်းနှင့် လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ ကန့်ကွက်လွှာကို ပယ်ကြောင်းဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်အမိန့်အပေါ် မူလလျှောက်ထားသူ ဒေါ်နန်းထွေးမှုံမှ အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အယူခံမှုအမှတ် (၂/၂၀၁၉)ဖြင့် လက်ခံခဲ့သည်။

ယင်းအမှုကို တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်၌ နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံပြုချက်များကို ဇူလိုင် ၁၇ ရက်တွင် ကြားနာပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁ ရက်တွင် အပြီးသတ် အမိန့်ချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ ယူ-၁၅ အသင်း ပြည်တွင်းခြေစမ်းပွဲယှဉ်ပြိုင်ကစား

ရန်ကုန် ဇူလိုင် ၁၇

၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင် ၁၇ ရက်က မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန် ယူ-၁၉ အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။

ယင်းခြေစမ်းပွဲတွင် ရန်ကုန် ယူ-၁၉ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်အပြီး ပြည်တွင်းခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရန်ကုန် ယူ-၁၉ အသင်းအတွက် ဂိုးများကို မြတ်မင်းခိုင်နှင့် ကျော်ထက်ဝင်းတို့က သွင်းယူပြီး မြန်မာ ယူ-၁၅ အသင်းအတွက် ဂိုးကို ထွန်းမြတ်လွင်က သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယခုလနောက်ဆုံးပတ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။

ရဲရင့်ရှိုင်း

ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားနည်း အတန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၇

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ မျှော်မှန်းထားသည့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အားကစားသမားများသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ဂိုးလ်ကန့်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မမြတ်နိုးအိမ် ထိုက်ချီချွမ်ကစားကွက် လေ့ကျင့်နေစဉ်။

"ကျွန်မတို့ ဆီးဂိမ်းပြိုင်ပွဲအတွက် ဝူရှူးအားကစားနည်းဖြစ်တဲ့ ဆန်ဆိုနဲ့ ထောက်လုအမျိုးသား ၁၂ ဦး၊ အမျိုးသမီး ကိုးဦးတို့က တစ်နေ့နှစ်ကြိမ် လေ့ကျင့်လျက်ရှိပါတယ်။ ထောက်လုအားကစားနည်းကို တရုတ်နည်းပြနဲ့ လေ့ကျင့်ပြီး ဆန်ဆိုကစားနည်းကို မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြများနဲ့ လေ့ကျင့်နေပါတယ်။ အိမ်ရှင်ဖိလစ်ပိုင်က ဆီးဂိမ်းမှာ ဝူရှူးအားကစားနည်းဖြစ်တဲ့ ဆန်ဆိုမှာ အမျိုးသားငါးတန်း၊ အမျိုးသမီးနှစ်တန်းနဲ့ ထောက်လုကစားနည်း အမျိုးသားခုနစ်တန်း၊ အမျိုးသမီးနှစ်တန်းထည့်သွင်းကျင်းပမှာ ဖြစ်တဲ့အတွက် အတန်းပြည့်ဝင်ရောက်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဆွေသန့် ပြောသည်။

"ဆီးဂိမ်းမှာ ရွှေတံဆိပ်ရမယ့် အားကစားသမားအတွက်လည်း ခွင့်ပြုချက်တွေ ကျလာပြီး ဖွဲ့စည်းမှုတွေ အတည်ရရှိခဲ့မယ်ဆိုရင် အဖွဲ့ချုပ်အနေနဲ့ ဆုကြေးချီးမြှင့်ဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ စင်ကာပူနိုင်ငံမှာ ကျင်းပမယ့် နိုင်ငံတကာလူငယ်ပြိုင်ပွဲ၊ ဘရူနိုင်းနိုင်ငံမှာ ကျင်းပမယ့် အာရှလူငယ်ပြိုင်ပွဲနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမှာ ကျင်းပမယ့် (၁၅)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွေ ရှိပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာဝူရှူးအားကစားသမားများ၏ အဓိကပြိုင်ဘက်များမှာ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများ ဖြစ်ကြောင်း သိရသည်။ မြန်မာဝူရှူးအားကစားသမားများသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူး (ထောက်လု) အားကစားပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဟယ်လာကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဝက်စ်ဟမ်းခေါ်ယူ

ဝက်စ်ဟမ်းအသင်းသည် ဖရန့်ဖတ်အသင်းမှ တိုက်စစ်ကစားသမား ဟယ်လာကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စတိဗ်ဘရုစ်ကို နည်းပြအဖြစ်ခန့်အပ်လိုက်သည့် နယူးကာဆယ်

နယူးကာဆယ်အသင်းသည် သုံးနှစ်စာချုပ်ဖြင့် စတိဗ်ဘရုစ်ကို အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဆန်းဒါးလန်း နည်းပြဟောင်းတစ်ဦးဖြစ်သူ စတိဗ်ဘရုစ် (၅၈နှစ်) သည် တနင်္လာနေ့တွင် ရှက်ဖီးဝက်နက်စ်ဒေးအသင်းမှ နုတ်ထွက်ခဲ့ပြီးနောက် နယူးကာဆယ်အသင်းက ယခုလိုခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းကိုင်တွယ်သည့် ၉၀၄ ပွဲတွင် ၃၄၈ ပွဲ အနိုင်ရပြီး ၂၂၇ ပွဲ သရေကျကာ ၃၂၉ ပွဲ ရှုံးနိမ့်ထားသောကြောင့် နိုင်ပွဲရရှိမှုရာခိုင်နှုန်းသည် ၃၈ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထရစ်ပီရာသည် အေတီမက်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ရန် နီးစပ်လာ

တော့တင်ဟမ်အသင်းမှ အင်္ဂလန်ညာခံစစ်ကစားသမား ထရစ်ပီရာသည် စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသို့ ပေါင်သန်း ၂၀ ဖြင့် အပြီးသတ်ပြောင်းရွှေ့ရန် နီးစပ်လာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် ဘန်လေအသင်းမှ တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော အသက် ၂၈ နှစ်အရွယ် အဆိုပါကစားသမားသည် တော့တင်ဟမ်အသင်းအတွက် ပွဲ ၁၀၀ ကျော် ကစားထားကြောင်း သိရသည်။

လွတ်ခ်မန်းကို လိုက်ပ်ဇစ်အသင်းသို့ ရောင်းချရန် နီးစပ်လာ

အဲဗာတန်အသင်းသည် ပေါင် ၂၂ ဒသမ ၅ သန်းဖြင့် အင်္ဂလန် ယူ-၂၁ တိုက်စစ်ကစားသမား လွတ်ခ်မန်းကို လိုက်ပ်ဇစ်အသင်းသို့ ရောင်းချရန် နီးစပ်လာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ချာလ်တန်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၄၈ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။

အောင်ဇော်

ပျဉ်းမနားမြို့တွင် မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

"စိုး" လျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ (ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)က ကြီးမှူး၍ မာရသွန်အပြေးပြိုင်ပွဲနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်က ကျင်းပခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့ ဘောဂသီရိကားကွင်းအနီး ပန်းမြိုင်လယ် ဥယျာဉ်ရှေ့၌ နံနက် ၆ နာရီတွင် အလွတ်တန်း ကျား/မ ၄၁ ဦး၊ နံနက် ၆ နာရီ မိနစ် ၂၀ တွင် အသက် ၁၈ နှစ်မှ ၄၀ ကြား အပျော်တမ်း ကျား/မ ၁၄၁ ဦး၊ ၆း၃၀ မှ ၆း၄၀ ထိ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ် ကျား/မ ၄၇၈ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၆၆၁ ဦးတို့ကို သေနတ်ဖောက်တာလွှတ်ပြီး အဆင့်အလိုက် သတ်မှတ်နေရာများမှ ပြန်လှည့်ကာ စရပ်နေရာဖြစ်သည့် ပန်းမြိုင်လယ် ဥယျာဉ်ရှေ့သို့ တာဝင်ခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ အလွတ်တန်း ကျား/မ ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်းစီ ငွေသားဆု ချီးမြှင့်ပြီး အပျော်တမ်း ၁၈ နှစ်မှ ၄၀ နှစ်ကြား အမျိုးသား ငါးဦး၊ အမျိုးသမီးငါးဦးတို့ကို ဆိုင်ကယ်ဆု+ စက်ဘီးအစီး ၃၀၊ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ်တန်း ကျား/မ ၁ မှ ၅၆ ဦးကို Korea စက်ဘီးဆုနှင့် တန်းဝင်သူ အမှတ်စဉ်(၅၈)နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပါသော ကျောပိုးအိတ် ၂၀၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အထူးဂုဏ်ပြုဆုအဖြစ် အလွတ်တန်း ဧည့်သည်တော် ဂျပန်နိုင်ငံသား မာကာမူယာ အဆင့်(၂၂)၊ ဂျပန်နိုင်ငံသူ မာစံကော် အဆင့်(၆)တို့ကို US ဒေါ်လာ ၂၀၀ စီကိုလည်းကောင်း၊ အသက် ၁၈ နှစ်အောက် မျိုးဆက်သစ်တန်းတွင် အသက်အငယ်ဆုံး ကျားတစ်ဦး၊ မတစ်ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❒ *ကျောဖုံးမှ*

မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ယခုလနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများရှိနေပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ကျရောက်နေသောကြောင့် အုပ်စုဒုတိယနေရာအတွက်သာ အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ် ရရှိထားသည်။ လက်ရှိနည်းပြချုပ် ဦးဌေးမြင့်လက်ထက်တွင် မြန်မာအသင်းသည် ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ်ရထားပြီး ၂၀၁၆ ပြိုင်ပွဲတွင် အမြင့်ဆုံးအဖြစ် ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရဲရင့်ရှိုင်း

❍ *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(စ)တွင် ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မြန်မာ၊ မွန်ဂိုလီးယား၊ အုပ်စု (ဆ)တွင် ယူအေအီး၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု(ဇ)တွင် တောင်ကိုရီးယား၊ လက်ဘနွန်၊ မြောက်ကိုရီးယား၊ တာ့ခ်မင် နစ္စတန်နှင့် သီရိလင်္ကာအသင်းတို့ ပါဝင်နေသည်။ ဒုတိယအဆင့်ခြေစစ်ပွဲ ကျင်းပသည့်ပုံစံအရ အုပ်စုထိပ်ဆုံး ရှစ်သင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာရ လေးသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ကာ ၂၀၂၃ အာရှဖလားခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ ကျန်ဒုတိယနေရာရ လေးသင်း၊ အုပ်စုတတိယနေရာရ ရှစ်သင်းနှင့် အကောင်းဆုံး စတုတ္ထနေရာရ လေးသင်း စုစုပေါင်း ၁၆ သင်းမှာ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ကျန်စတုတ္ထနေရာရ လေးသင်းနှင့် အုပ်စုအောက်ဆုံးရှစ်သင်းမှာ တတိယအဆင့် ခြေစစ်ပွဲ အတွက် Play-off ထပ်မံကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့သည့် ကာဂျစ္စတန်နှင့် ထပ်မံတွေ့ဆုံနေပြီး အာရှထိပ်သီး ဂျပန်နှင့်လည်း တစ်အုပ်စုတည်း ကျရောက်နေသည်။

ခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်နှင့် အိမ်ကွင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်နှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်နှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားနှင့် အိမ်ကွင်း၊ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်တွင် ဂျပန်နှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်နှင့် အိမ်ကွင်း၊ ဇွန် ၉ ရက်တွင် တာဂျစ်ကစ္စတန်နှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်နိုင်ရန် မလွယ်ကူဘဲ အာရှဖလားပြိုင်ပွဲတွင် တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ပြီး ခြေစစ်ပွဲအောင်မြင်ရန် အဓိကကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၉ အာရှဖလားပြိုင်ပွဲတွင် တတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။

ညီမြတ်သော်တာ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ရဲကင်းမှူး ရဲအုပ် မင်းသန့် (ယခု ဆီဆိုင်မြို့နယ် ဘန်းယဉ်နယ်မြေရဲစခန်း) အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာအုပ်စု ပိတောက်ခုံရပ်တွင် ငွေစုခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် နှစ်လုံး၊ သုံးလုံး(ချဲထီ) ရောင်းသည်ဟုဆိုကာ ဝင်ရောက်ဖမ်းဆီးခဲ့ပြီး အမှုဖွင့်အရေးယူခဲ့သည့်ကိစ္စတွင် ငွေကြေးတောင်းခံရယူခဲ့သည့် ကိုးတောင်ဘို့ရဲကင်းမှူးအား အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ ရဲကင်းမှူး ရဲအုပ်မင်းသန့်သည် ကိုးတောင်ဘို့ကျေးရွာ ပိတောက်ခုံရပ်နေ တိုင်ကြားသူ၏ သမီးအား နှစ်လုံးထီရောင်းချခြင်းအတွက် ဖမ်းဆီးခဲ့သည့်အမှုတွင် အမှုကိစ္စ ကူညီပေးမည်ဟု ပြောဆိုကာ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်က တိုင်ကြားသူနှင့် ၎င်း၏သားတို့ထံမှ ငွေကျပ် နှစ်သိန်း၊ လက်ရေးမှုပယ်ဖျက်ပေးမည်ဟုပြောဆိုကာ ၂၀၁၈ ခုနှစ် ဩဂုတ် ၆ ရက်က တိုင်ကြားသူထံမှ Wave Money ဖြင့် ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် သုံးသိန်းကို တောင်းခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရဲအုပ်မင်းသန့် (ယခု ဆီဆိုင်မြို့နယ် ဘန်းယဉ်နယ်မြေရဲစခန်း)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၇-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ - မူးယစ်အန္တရာယ်
၇:၄၀ - NRC အစီအစဉ် "မင်းဗာဘုရင်နှင့် ရန်အောင်ဇေယျပုထိုးတော်ကြီး"
၈:၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၃)
၈:၃၅ - "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသ" (မော်ကွန်းရုပ်ရှင်)
၉:၁၅ - ကျန်းမာရေးမဂ္ဂဇင်း "မိုးရာသီ ကလေးများဖြစ်ပွားတတ်သောရောဂါနှင့် သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ပါ"
၉:၃၅ - လှပစုံလင်အာဆီယံတစ်ခွင်
၉:၄၅ - "အာဇာနည်ခေါင်းဆောင်ကြီးများရှိရာ အာဇာနည်ဗိမာန်ဆီ"
၁၀:၃၀ - လျှပ်စစ်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ/ ဇာတ်လမ်း)
၁၀:၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၁:၀၀ - မြစ်မခမီဒီယာ(စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၂:၃၅ - ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
၁၃:၂၅ - ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေးပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး (ခြင်မကိုက်အောင်ကာကွယ်ပါ)
၁၄:၂၀ - ဓာတ်ငွေ့ယိုစိမ့်မှုနှင့် ကာကွယ်ရန်အချက်များ
၁၅:၀၀ - နတ်မောက်မြေမှ ထာဝရမညိုးပန်း
၁၅:၃၀ - "ဗိုလ်ချုပ်အောင်ဆန်းပြတိုက် မှတ်တမ်းမမေ့နိုင်သောနေ့တစ်နေ့" (ဂန့်ဂေါ၊ ဟယ်လင်သင်း၊ ရွှက်ဝါ) (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)

ညပိုင်း

၁၆:၂၅ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်းများ(၁)
၁၇:၀၅ - "အာဇာနည်နေ့ဘယ်ခါမမေ့နိုင်သည့် ပြည်သူတို့ရဲ့စကားသံ" (စည်သူဗိုလ်ကလေးတင့်အောင်နှင့်အဖွဲ့)
၁၇:၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ်)
၁၉:၂၀ - "အောက်မေ့အမှတ်ရဖွယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဆီ"
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၃)
၂၀:၃၅ - "ဆယ့်ကိုးဇူလိုင်(၃)" (ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ သခင်မြ)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတို့တွင် တရားမဝင်သစ်စုစုပေါင်း ၁၃၀ ဒသမ ၂၉၇၂ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ သစ်တောဝန်ထမ်းများ၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပေါက်တောကြိုးဝိုင်းအတွင်း ကျွန်းခွဲခြမ်း ၈ ဒသမ ၅၆၂ တန်၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ရေးထားဝယ်ကားလမ်း သက္ကယ်ကွက်ကျေးရွာနှင့် နှမ်းကဲ့ကျေးရွာအနီး နေရာတို့၌ နစ်ဆန်း ဒီဇယ်မော်တော်ယာဉ်နှစ်စီးနှင့် ဟီးနိုးခြောက်ဘီးမော်တော်ယာဉ်တို့ပေါ်မှ ပိတောက်၊ ကဘန်း၊ ကဒွတ်ခွဲသား ၃၀ ဒသမ ၀၁၂၄ တန်နှင့် ရခိုင်ပြည်နယ် ဂွမြို့ဒေါင်းချောင်းကျေးရွာအုပ်စုအတွင်းမှ ၅ ဒသမ ၂၂၉၀ တန်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ရှာဖွေရာ ဒေါင်းချောင်း ချောင်းအတွင်း ရေအောက်တွင် မြှုပ်ထားသည့် တောင်သရက်ခွဲသား ၁ ဒသမ ၇၂၈၈ တန်တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းမှ ဂျင်ဒေါင်းအင်ဂျင် ၂၂ ကောင် နှစ်လုံး၊ ဂျင်ဒေါင်းအင်ဂျင် အကောင် ၃၀ တစ်လုံး၊ ချိန်းဆောတစ်လုံး၊ ဆိုင်ကယ်သုံးစီးနှင့် ကျွန်း၊ စကားဝါ၊ ယမနေ၊ သင်္ကန်း၊ တမာ၊ ယင်းမာ၊ ကညင်၊ ခလောင်၊ မအူ၊ ဘိုင်၊ ကြေးလံသစ်၊ ခွဲသားစုစုပေါင်း ၇၆ ဒသမ ၁၅၂၀ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြို့ကုန်းကျေးရွာအနီး၌ ဖူဆိုခြောက်ဘီးယာဉ်ပေါ်မှ အခြားသစ်ခွဲသား ၈ ဒသမ ၆၁၃၀တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

လှည်းကူးမြို့နယ်၌ တရားမဝင်ကျွန်းခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီးဖမ်းဆီးရမိ

လှည်းကူး ဇူလိုင် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ တရားမဝင် ကျွန်းခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီးကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး တစ်လျှောက် သစ်တရားမဝင်သယ်ယူမှု မရှိစေရေး ဆောင်ရွက်နေစဉ် ဇူလိုင် ၁၆ ရက် နံနက် ၅ နာရီခန့်က နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်၏ အရှေ့နံပါတ်အမှတ် BGO 2N/---- နှင့် အနောက်နံပါတ်အမှတ် YGN 2M/----နံပါတ်ပြားများ တပ်ဆင်ထားသည့်ယာဉ်ကို မသင်္ကာသဖြင့် စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးသွားသည်။

ထို့နောက် သံဆူးပြားပစ်ချဖမ်းဆီးခဲ့ရာ အဆိုပါယာဉ်၏ ရှေ့ဝဲဘက်ဘီးပေါက်လျက် ဆက်လက်မောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးရာ လှည်းကူးမြို့နယ် အမှတ်(၃)လမ်းနှင့် အမှတ်(၇)လမ်းဆုံအနီးရှိ လမ်းဘေးမြောင်းအတွင်းသို့ ထိုးကျသွားပြီး ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ခုန်ဆင်းကာ အခြားယာဉ်တစ်စီးပေါ်သို့ တက်၍ ထွက်ပြေးသွားကြောင်း၊ အဆိုပါယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသော ကျွန်းခွဲသား ၃၈ ချောင်း၊ ၁ ဒသမ ၅၉၄၄ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါယာဉ်နှင့် ကျွန်းခွဲသားများအား မြို့မပျိုးဥယျာဉ်သို့ ပို့ဆောင်သိမ်းဆည်းထားကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

မိုးကောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၇

နမ္မတီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက်က မိုးကောင်းမြို့နယ် ကံလှကျေးရွာနေ ထွန်းမောင်(ခ)မောင်မဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အိုက်ခမ်း(ခ)မောင်အိုက်အားတွေ့ရှိရပြီး ဘိန်းဖြူ ၄၅ ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ထွန်းမောင်(ခ)မောင်မဲ၊ အိုက်ခမ်း(ခ)မောင်အိုက်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကလေးဝမြို့ မြစ်သာတံတားလမ်းဆုံအနီး စုပေါင်းစစ်ဆေးရေးဂိတ်တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ဖမ်းဆီးရမိ

ကလေးဝ ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဇူလိုင် ၁၇ ရက် နံနက် ၅ နာရီခွဲခန့်က ရဲအုပ်စိုးမိုးနှင့်အဖွဲ့၊ စုပေါင်းဂိတ်သက်ဆိုင်ရာ တာကျဝန်ထမ်းများနှင့်အဖွဲ့သည် ကလေးဝမြို့ မြစ်သာတံတားလမ်းဆုံတွင် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးမှုပြုလုပ်နေစဉ် ပေါက်ကွဲစေတတ်သော စနက်တံများကို ဖမ်းဆီးရမိကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ကလေးမြို့ဘက်မှ ကလေးဝမြို့ဘက်သို့ အောင်မျိုးထွန်း(ခ) ကပ်နိုင်ပြန်း (၂၃ နှစ်) မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်နှင့် ဒွေးဝင်း (၄၈ နှစ်) မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်နှစ်စီးတို့ကို ရှာဖွေစစ်ဆေးရာ ပေါက်ကွဲစေတတ်သော စနက်တံ (Detonator) စုစုပေါင်း အတောင့် ၄၉၉၉၉ ကို ဖမ်းဆီးရမိခြင်းဖြစ်သည်။

ပိုင်ရှင်မှာ ဦးဒွေးဝင်းဖြစ်ပြီး ၎င်း၏ ပြောပြချက်အရ ၎င်းနေထိုင်သည့် ကလေးမြို့ တာဟန်ရပ်ကွက်နေအိမ်သို့ အမည်မသိသူတစ်ဦးက စနက်တံတစ်ဘူးလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် လာရောက်ရောင်းချ၍ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရွှေတူးဖော်သည့် လုပ်ငန်းများတွင် သွားရောက်ရောင်းချရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြို့သစ်မြို့နယ်၌ ကားနှင့် ဆိုင်ကယ် တိုက်မှုဖြစ်ပွား

မြို့သစ် ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တောင်တွင်းကြီး - မြို့သစ်ကားလမ်းနှင့် နေပြည်တော်-မြို့သစ်-ကံပြားကားလမ်းဆုံတွင် ယနေ့နံနက်ပိုင်းက ကားနှင့် ဆိုင်ကယ် တိုက်မိမှုဖြစ်ပွားကြောင်း မြို့သစ်ရဲစခန်းမှ သိရသည်။

နေပြည်တော်-မြို့သစ်- ကံပြားကားလမ်းအတိုင်း ကံပြားဘက်မှ နေပြည်တော်ဘက်သို့ မင်းဘူးမြို့နယ်နေ ယာဉ်မောင်း ထက်မြတ်အောင် မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်ကို နေပြည်တော်-ကံပြားကားလမ်း မိုင်တိုင်အမှတ် (၅၀/၀)တောင်တွင်းကြီး-မြို့သစ် ကားလမ်းဆုံအရောက်တွင် တောင်တွင်းကြီးဘက်မှ မြို့သစ်ဘက်သို့ တောင်တွင်းကြီးမြို့နယ်နေ ဦးတင်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ မော်တော်ယာဉ်၏ ယာဘက်နောက်မြီးပိုင်းကို ဝင်ရောက်တိုက်မိသဖြင့် ဦးတင်ဝင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သန်းဝင်းထွန်း (ပြန်/ဆက်)

မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများ ရှေ့ဆက်နိုင်ရန် အမေရိကန်မျှော်မှန်းထား

အပစ်အခတ်ရပ်စဲရေးကျေးရွာ ပန်မွန်လျုန်၌ တွေ့ဆုံခဲ့ကြသည့် သမ္မတ ထရမ့်နှင့် ခေါင်းဆောင် ကင်။

ပြုံယမ်း ဇူလိုင် ၁၇

အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကြောင့် ထိပ်သီးဆွေးနွေးပွဲများပြန်စရန် စီစဉ်ထားမှုကို ထိခိုက်နိုင်သည်ဟု မြောက်ကိုရီးယားနိုင်ငံဘက်မှ သတိပေးလာသော်လည်း အမေရိကန်က မြောက်ကိုရီးယားနှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၆ ရက်အစောပိုင်းက မြောက်ကိုရီးယားသည် ၎င်းအနေဖြင့် နှစ်ပေါင်းများစွာကြာအောင် လုပ်ဆောင် လာခဲ့သည့် နျူကလီးယားစမ်းသပ်မှုများအား ရပ်ဆိုင်းထားမှုကို ပြန်လည်လုပ်ဆောင်ရန် စဉ်းစားသွားနိုင်ဖွယ်ရှိကြောင်း စောင်းပါးရိပ်ချည်သတိပေးပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၃၀ ရက်က ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်အတွင်းပြုလုပ်ခဲ့သည့် အစည်းအဝေး၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့သည် နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲပြန်စရန် သဘောတူခဲ့ကြချိန်မှစတင်ကာ ယင်းကိစ္စနှင့်ပတ်သက်၍ မြောက်ကိုရီးယားဘက်မှ ပထမဆုံးသဘောထားဖော်ပြလာခြင်းဖြစ်သည်။

မြောက်ကိုရီးယားဘက်မှ ဖော်ပြချက်ကို တုံ့ပြန်ရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သမ္မတထရမ့်နှင့်ခေါင်းဆောင်ကင်တို့ တွေ့ဆုံခဲ့မှုအတွင်း ၎င်းပြုခဲ့ကြသည့် ကတိကဝတ်များအတိုင်း ဆွေးနွေးပွဲပြန်လည်ကျင်းပရေးဖြစ်မြောက်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ကူဝိတ်၌ နိုင်ငံသားဖြစ်ခွင့် တောင်းဆိုနေကြသည့် ဆန္ဒပြပြည်သူများကို ဖမ်းဆီး

ကူဝိတ်စီးတီး ဇူလိုင် ၁၇

နိုင်ငံမဲ့အာရပ်လူမျိုးများအတွက် အခွင့်အရေးများပေးရန် တောင်းဆိုနေကြသည့် ဆန္ဒပြပြည်သူများကို နှိမ်နင်းသည့် စီမံချက်တစ်ရပ်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဦးဆောင်လှုပ်ရှားသူ တစ်ဦးအပါအဝင် ဆန္ဒပြသူအများအပြားကို ကူဝိတ်အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ဇူလိုင် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ဆန္ဒပြသူများသည် ခွင့်ပြုချက်မရဘဲ ဆန္ဒဖော်ထုတ်မှုများတွင်ပါဝင်မှု၊ သတင်းအမှားများဖြန့်ဝေမှုနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ပြစ်မှုများအပါအဝင် ပြစ်မှုအများအပြားနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအုပ်စုက ပြောကြားခဲ့သည်။

ဘီဒမ်ဟုအမည်ရသည့် နိုင်ငံမဲ့အုပ်စုအတွက် နိုင်ငံသားအခွင့်အရေးများ ပိုမိုပေးရန် တောင်းဆိုနေကြသည့် ဆန္ဒပြပြည်သူများကို နှိပ်ကွပ်သည့် စီမံချက်တစ်ရပ်အနေဖြင့် ကူဝိတ်အာဏာပိုင်များသည် မကြာသေးမီရက်များအတွင်း နာမည်ကျော်ကြားသည့် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်သူ အဗ္ဗဒူလာဟာကင်အယ်လ်ဆက်လီနှင့် အခြားတက်ကြွလှုပ်ရှားသူများအပါအဝင် တွေ့မြင်ရသမျှ ဆန္ဒပြ ပြည်သူအများအပြားကို ဖမ်းဆီးလျက်ရှိကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့က ပြောကြားခဲ့သည်။

ဇူလိုင် ၁၁ ရက်နှင့် ၁၄ ရက်အတွင်း ဖမ်းဆီးမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒပြသူ ၁၂ ဦးကို တရားစွဲဆိုဆောင်ရွက်ရန်ရှိနေကြောင်း သိရသည်။ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသည့်အုပ်စုက ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ဖမ်းဆီးသည့်အတွက် ဝေဖန်ရှုတ်ချခဲ့သည်။

အေအက်ဖ်ပီ

အက်ဖ် ၃၅ ဂျက်လေယာဉ်များကို အမေရိကန်က တူရကီသို့ရောင်းချတော့မည်မဟုတ်

အန်ကာရာ ဇူလိုင် ၁၇

ရုရှားလုပ်မြေပြင်မှ ဝေဟင်ပစ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်များကို တူရကီနိုင်ငံက ဝယ်ယူလိုက်သည့်အတွက် အမေရိကန်လုပ် အက်ဖ် ၃၅ ဂျက်လေယာဉ်များကို တူရကီနိုင်ငံသို့ရောင်းချတော့မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

တူရကီနှင့်ဖြစ်ပွားနေသည့် အခြေအနေများမှာ ရှုပ်ထွေးပြီး တင်းမာကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။ ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်များ ပြီးခဲ့သည့်သောကြာနေ့က ပထမဆုံးအကြိမ် သင်္ဘောဖြင့်ဆိုက်ရောက်လာပြီးနောက်တွင် ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားလုပ် လေကြောင်းကာကွယ်ရေးစနစ်သည် အက်ဖ် ၃၅ ဂျက်လေယာဉ်များနှင့် အံဝင်ခွင်ကျမရှိနိုင်မှုနှင့် အမျိုးအစားခွဲခြားသတ်မှတ်ထားသည့် အချက် အလက်များကို အန္တရာယ်ပြုလာနိုင်မှုကို အမေရိကန်က ပူပန်နေကြောင်း သိရသည်။ တူရကီက အက်ဖ် ၃၅ ဂျက်လေယာဉ်နှင့် အက်စ် ၄၀၀ ဒုံးကျည်နှစ်မျိုးလုံးကို အတူတကွပိုင်ဆိုင်ရန် မဖြစ်နိုင်ကြောင်း အမေရိကန်က ယခင်ကတည်းက အကြိမ်ကြိမ် ပြောကြားခဲ့သည်။

အန်ကာရာက ရုရှားဒုံးကျည်ကာကွယ်ရေးစနစ်ကို ဝယ်ယူလိုက်သည့်အတွက် ဒေါ်လာဘီလီယံများစွာထိုက်တန်သည့် အက်ဖ် ၃၅ ဂျက်လေယာဉ်များကို စွန့်လွှတ်ရမည်မှာ မထိုက်တန်ကြောင်းကိုလည်း ထရမ့်က ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

အမေရိကန်လုပ် အက်ဖ် ၃၅ ဂျက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အမေရိကန်နှင့်အီရန် တွေ့ဆုံဆွေးနွေးမှု မဖြစ်နိုင်သေး

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်က အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဖျက်သိမ်းပြီး အီရန်နျူကလီးယားသဘောတူညီချက်တွင် ပြန်လည်ပါဝင်လာမည်ဆိုပါက အီရန်နိုင်ငံအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်သွားလိုကြောင်း အီရန်သမ္မတ ရိုဟာနီက ပြောသည်။

ထို့အပြင် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့က ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်တွင် လက်ရှိတင်းမာမှုအခြေအနေများ ပြေလျော့သွားစေရန်အတွက် အမေရိကန်-အီရန်အကြား ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်လုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း အီရန်က အမေရိကန်ကို တန်ပြန်ပိတ်ဆို့မှုများ တစ်ခုပြီးတစ်ခုတိုးမြှင့်ဆောင်ရွက်နေသော်လည်း တွေ့ဆုံဆွေးနွေးမှုဖြစ်နိုင်ခြေများကို ပိတ်ဆို့ရပ်တန့် သွားအောင် အီရန်က မလုပ်ဆောင်သေးကြောင်း သိရသည်။

သို့သော်လည်း တွေ့ဆုံဆွေးနွေးမှုဖြစ်မြောက်ရန် အကြိုတောင်းဆိုချက်ကမူ အီရန်နှင့် အမေရိကန်အကြား ညှိနှိုင်းရန် ခဲယဉ်းနေသောကြောင့် ဆွေးနွေးမှုပြန်လည်စတင်ရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ကြောင်း ဝေဖန်သုံးသပ်သူအချို့ ပြောသည်။

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ။

ထရမ့်အစိုးရ၏ အီရန်အပေါ်ထားရှိသည့် မူဝါဒများသည် ရေတိုကာလတွင် ပျော့ပျောင်းမည်မဟုတ်သလို အခြားနည်းလမ်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန်လည်း လတ်တလောတွင် ရှိဦးမည်မဟုတ်ကြောင်း အမေရိကန်ရေးရာ ပညာရှင် ဆန်ချန်ဟောက်က သုံးသပ်ထားသည်။

ဆင်ဟွာ

ထိုင်းဝန်ကြီးများအဖွဲ့ ကျမ်းသစ္စာကျိန်ဆို

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းအစိုးရဝန်ကြီးများအဖွဲ့သစ်သည် ယမန်နေ့က ထိုင်းဘုရင့်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သတင်းရရှိသည်။ ယခုဖွဲ့စည်းခဲ့သော ထိုင်းအစိုးရသစ်တွင် ထိုင်းဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပရာယုချန်အိုချာကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ယခုအသစ်ရွေးချယ်လိုက်သည့် ဝန်ကြီးများအဖွဲ့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် အစိုးရအဖွဲ့ဝင်သစ် ၃၆ ဦးတို့သည် ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ထိုင်းဘုရင်က ဝန်ကြီးများ အဖွဲ့နှင့်အစိုးရအနေဖြင့် ၎င်းတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ကောင်းကောင်း မွန်မွန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် ရဲစွမ်းသတ္တိရော အာဏာပါရှိမည်ဟု မျှော်လင့်ကြောင်း၊ မည်သည့်အလုပ်ကိစ္စမဆို အတားအဆီးရှိသလို၊ မည်သည့် လုပ်ငန်းမဆို အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ အလုပ်တာဝန်ကို ထမ်းဆောင်ရင်း ပြဿနာများကို ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် နိုင်ငံအခြေအနေအလိုက် အဆင်ပြေစွာ ရပ်တည်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီက ထိုင်းနိုင်ငံတွင် ပြည်သူရွေးကောက်ထားသည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်သလို ဖွဲ့စည်းပုံဥပဒေနှင့်အညီ အုပ်ချုပ်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ထမ်းဆောင်မည့် ပရာယုချန်အိုချာက ပြောသည်။ ထို့အပြင် ထိုင်းနိုင်ငံ၏ အခြေအနေသည် ရွေးကောက်ပွဲအပြီးတွင် ပုံမှန်ပြန် ဖြစ်လာပြီဖြစ်ကြောင်းနှင့် မပြေလည်သေးသည့် ပြဿနာများကို ဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောသည်။

ထိုင်းနိုင်ငံတွင် မဲဆန္ဒရှင် ၅၂ သန်းသည် အောက်လွှတ်တော်အမတ်နေရာ ၅၀၀ အတွက် မဲပေးခဲ့ကြသည်။ အထက်လွှတ်တော်အမတ်နေရာ ၂၅၀ ကို ထိုင်းတပ်မတော်က တိုက်ရိုက်ရွေးချယ်ခဲ့သည်။ ရွေးကောက်ပွဲတွင် အတိုက်အခံပါတီအများစုအနိုင်ရခဲ့သော်လည်း လွှတ်တော်နှစ်ရပ်ပေါင်းပြီး ပရာယုကိုပင် ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ်အဖြစ် ထပ်မံရွေးချယ်ခဲ့သည်။

ထိုင်းနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီအတိုက်အခံပါတီများက ပြန်လည်ပြင်ဆင်ရန် ထိပ်တန်းဦးစားပေးအနေဖြင့် လုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အေအက်ဖ်ပီ

ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက် (၃/၂၀၁၉)

နေပြည်တော် ဇူလိုင် ၁၇

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့် ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ (Communicable Disease Surveillance) လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulations-IHR 2005) နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ လူနာကုသခြင်းလုပ်ငန်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများအပါအဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ရာသီတုပ်ကွေးရောဂါသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌လည်း ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၆ ရက်နေ့အထိ စာရင်းဇယားများအရ ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၈၁ ဦးဖြစ်ကာ အသက်အုပ်စု ၁၅-၆၅ နှစ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ၅၁ % ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီမှ ဇူလိုင်လ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ

စဉ်	နိုင်ငံ	ခန့်မှန်း လူဦးရေ (သန်း)	A / H1N1 pdm 09 detected	A/H3	B	စုစုပေါင်း
၁	တရုတ်နိုင်ငံ	၁၄၃၃.၇၀	၄၇၈၀၅	၁၉၁၄၄	၂၃၄၆၄	၉၀၄၁၃
၂	အိန္ဒိယနိုင်ငံ	၁၃၆၆.၄၀	၅၆၈၄	၁၉၃၆	၂၂၆	၇၈၄၆
၃	ဘရာဇီး	၁၉၂.၇၆	၁၀၂၂	၄၃၅	၂၄၁	၁၆၉၈
၄	သြစတေးလျ	၂၅.၂	၅၄၄	၃၃၆၁	၁၁၃၃	၅၀၃၈
၅	ဘင်္ဂလားဒေ့ရှ်	၁၆၃	၂၇၁	၂၆၃	၆၉၉	၁၂၃၃
၆	မြန်မာ	၅၄	၂၄၃	၂၀	၁၇	၂၈၁
၇	ထိုင်း	၆၉.၆	၁၅၀	၁၈၉	၅၄၆	၈၈၅
၈	လာအို	၇.၂	၁၂၈	၁၇	၃၃	၁၇၈
၉	ကမ္ဘောဒီးယား	၁၆.၄၉	၈၈	၁၃	၃၁	၁၃၂
၁၀	နယူးဇီလန်	၄.၉	၀	၁၆၅	၂၀၂	၃၆၇

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၆ ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိမှုအခြေအနေ

ရာသီတုပ်ကွေးရောဂါ သံသယလူနာများထံမှ ဓာတ်ခွဲနမူနာအရေအတွက်	ရာသီတုပ်ကွေးရောဂါပိုးတွေ့လူနာဦးရေ			
	Influenza A (H1N1)pdm09	Influenza A (H3N2)	Influenza B	စုစုပေါင်း
၆၈၂	၂၄၃	၂၀	၁၇	၂၈၁

ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများကို လေ့လာသုံးသပ်ရာတွင် သာမန်အားဖြင့် သေဆုံးမှုနှုန်းမမြင့်မားသော်လည်း နာတာရှည်ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးလွန်းသူနှင့် ငယ်လွန်းသူကလေးငယ်များတွင် ရောဂါပြင်းထန်ပြီး သေဆုံးမှုမြင့်မားကြောင်း သိရပါသည်။ သေဆုံးသူ ၅၆ ဦးအနက် အသက်အုပ်စု အသက် ၁၅-၆၅ နှစ်တွင် သေဆုံးမှုအများဆုံးဖြစ်ပြီး စုစုပေါင်းသေဆုံးမှု၏ ၄၉% ဖြစ်ပြီး နာတာရှည်ရောဂါအခံရှိသူ (Co-morbid condition)များတွင် သေဆုံးသူ ၄၄ ဦးအထိရှိပြီး စုစုပေါင်းသေဆုံးမှု၏ ၇၈.၆% ရှိသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ရောဂါလက္ခဏာများ စတင်ဖြစ်ပွားခဲ့သော်လည်း ဆေးရုံသို့ နောက်ကျပြီးရောက်ရှိလာခြင်းကြောင့် သေဆုံးမှုမြင့်တက်နိုင်ကြောင်း တွေ့ရှိရပါသည်။

ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူများအား ဆန်းစစ်ခြင်း

နာတာရှည်ရောဂါအခံရှိသူများတွင် သေဆုံးသူဦးရေ	ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသောအုပ်စု (အသက်အရွယ်ကြီးရင့်သူများ၊ အသက်အရွယ်ငယ်လွန်းသူများ)တွင် သေဆုံးသူဦးရေ	ရာသီတုပ်ကွေး ရောဂါဖြင့် သေဆုံးသူ ဦးရေ	သေဆုံးသူစုစုပေါင်း
၄၄	၅	၇	၅၆

၁၆-၇-၂၀၁၉ ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများအနက် ၁၁၇ ဦးမှာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်သဖြင့် ဆေးရုံမှဆင်းသွားခဲ့ပြီဖြစ်ပြီး လက်ရှိ အတွင်းလူနာ ၄၄ ဦးအနက် အများစုမှာလည်း ရောဂါသက်သာကောင်းမွန်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် Seasonal Influenza ဓာတ်ခွဲအတည်ပြု ဖြစ်ပွား/သေဆုံးသူဦးရေစာရင်း ၁-၁-၂၀၁၉ ရက်နေ့မှ ၁၆-၇-၂၀၁၉ ရက်နေ့အထိ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	လူဦးရေ သိပ်သည်းဆ (Population Density per Km^2)	ဓာတ်ခွဲ စစ်ဆေးသူ စုစုပေါင်း	ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ	ဓာတ်ခွဲအတည်ပြု သေဆုံးသူဦးရေ
၁	ရန်ကုန်တိုင်းဒေသကြီး	၇၁၆	၃၅၂	၁၅၆	၄၃
၂	ရခိုင်ပြည်နယ်	၈၇	၄၂	၂၃	၄
၃	ဧရာဝတီတိုင်းဒေသကြီး	၁၇၇	၅၀	၂၀	-
၄	ကချင်ပြည်နယ်	၁၉	၄၅	၁၇	-
၅	နေပြည်တော်	၁၆၄	၅၄	၁၆	၁
၆	ပဲခူးတိုင်းဒေသကြီး	၁၂၄	၃၀	၁၀	၂
၇	မကွေးတိုင်းဒေသကြီး	၈၇	၁၉	၁၀	၁
၈	မွန်ပြည်နယ်	၁၆၇	၁၀	၆	၃
၉	စစ်ကိုင်းတိုင်းဒေသကြီး	၅၇	၇	၅	၂
၁၀	ရှမ်းပြည်နယ် (မြောက်)	-	၈	၄	-
၁၁	မန္တလေးတိုင်းဒေသကြီး	၂၀၀	၅	၃	-
၁၂	တနင်္သာရီတိုင်းဒေသကြီး	၃၂	၆	၃	-
၁၃	ကရင်ပြည်နယ်	၅၂	၃	၂	-
၁၄	ရှမ်းပြည်နယ် (တောင်)	-	၄၅	၂	-
၁၅	ကယားပြည်နယ်	၂၄	၂	၂	-
၁၆	ချင်းပြည်နယ်	၁၃	၂	-	-
၁၇	ရှမ်းပြည်နယ် (အရှေ့)	-	၁	-	-
	စုစုပေါင်း	၇၆	၆၈၁*	၂၈၀*	၅၆

မှတ်ချက်- ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း-၆၈၂၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူဦးရေ ၂၈၁
လိပ်စာအတိအကျမပါရှိသဖြင့် စုံစမ်းဆဲလူနာ တစ်ဦး။

တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့်ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ -

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖြန့်ဝေပေးထားသော ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးများအား တိုင်းဒေသကြီး/ပြည်နယ်များရှိဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာမြို့နယ်များအလိုက် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိသောလူနာများ နေထိုင်ရာ မြို့နယ်သို့ သွားရောက်၍ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် မိသားစုဝင်များကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ စည်ပင်သာယာရေးဌာနများနှင့် ပညာရေးဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရာသီတုပ်ကွေးရောဂါ အသိပညာပေးခြင်း၊ သတင်းအချက်အလက်များအား သရုပ်ပြ Video များအား LED Board များတွင် ပြသနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရုံးဌာနများနှင့် ပြည်သူလူထု သွားလာမှုများသောနေရာများ (ဘူတာ၊ ဈေး၊ ကျောင်း၊ ကားဂိတ်၊ ဈေးဝယ်စင်တာ၊ YBS) တွင် ကျန်းမာရေးအသိပညာများ မြင့်တင်နိုင်ရန်အတွက် ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ IEC Corner များ ထားရှိရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) သာမန်တုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွားမှုများနှင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုများ သတင်းရရှိပါက တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် တိုင်းအဆင့်နှင့် ခရိုင်အဆင့်များတွင် Rapid Response Team များ ဖွဲ့စည်းထားရှိခြင်း၊

(င) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျန်းမာရေးအရေးပေါ်စီမံခန့်ခွဲမှုဌာန (Emergency Operation Center – EOC) များနှင့် online မှတစ်ဆင့် (Teleconference) ပြုလုပ်ဆက်သွယ်အကြောင်းကြား၍ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများအား ပိုမိုထိရောက်စွာ ပူးပေါင်းပံ့ပိုးနိုင်ရန်အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ပြည်သူများအကြား သတင်းအမှန်ရရှိပြီး စိုးရိမ်မှုလျော့ကျစေရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm, https://www.facebook.com/ Ministry OfHealthAndSportsMyanmar နှင့် Myanmar CDC ၏ facebook စာမျက်နှာများမှ အချိန်နှင့်တစ်ပြေးညီ သတင်းဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း Telenor Myanmar Co.,Ltd မှ တာဝန်ရှိသူများအားလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် Telenor Myanmar Co.,Ltd မှ တာဝန်ရှိသူများအား ယနေ့ မွန်းလွဲ ၃ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Telenor ကုမ္ပဏီ၏ ဆက်သွယ်ရေးကွန်ရက်များနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ လုပ်ငန်းလိုင်စင်ရရှိပြီး ငါးနှစ်တာအတွင်း တိုးတက်ကောင်းမွန်လာသော လုပ်ငန်းအခြေအနေများ၊ USF ရန်ပုံငွေဖြင့် လူဦးရေနည်းပါးသော ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်နိုင်ရေး၊ MCRC ဥပဒေနှင့် ဆိုက်ဘာလုံခြုံရေး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးနှင့် Green Energy စနစ်ဖြင့် တာဝါတိုင်များအား စွမ်းအင်ပေးရန်ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းအခက်အခဲများကို တင်ပြဆွေးနွေးခဲ့ရာ ကော်မတီအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

သတင်းစဉ်

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

မိုး/ဇလ

ဆားလယ်ရွာက နံရံဆေးရေးပန်းချီတွေ နဲ့ ဒုတိယပုဂံ ဆီ

Amazing Mural Painting From Sale Village's Temples

Thiha, the Traveller @ သီဟလှလင်

ကျွန်တော်တို့ဆီမှာ ပုဂံငယ် (Little Bagan) တို့၊ ဒုတိယပုဂံ (Second Bagan) တို့ဆိုပြီး တင်စားကြတဲ့နေရာတွေ တော်တော်များပါတယ်။ ဒါပေမယ့် အခုကျွန်တော်ရောက်ရှိခဲ့တဲ့ ဆားလယ်ရွာက စေတီပုထိုးတွေကတော့ တကယ့်ပုဂံအလား ပုံစံတူလွန်းလှပါတယ်။ ဒါကြောင့်ပုဂံကို လည်ပြီးတဲ့သူတွေ၊ နံရံဆေးရေးပန်းချီတွေကို စိတ်ဝင်စားသူတွေ၊ ရှေးဟောင်းယဉ်ကျေးမှုကို ချစ်မြတ်နိုးသူတွေအတွက် ဆားလယ်ရွာက ဘုရားတွေဟာ တကယ့်ရွှေတွေပါပဲ။

ဆားလယ်ရွာ ဆိုတာ

ဆားလယ်ရွာအကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေတဲ့ မြင်ကွန်း၊ ကျွန်းတော်၊ ဆားလယ်ဒေသ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းနဲ့ ဆရာရနောင် (ဒွယ်) ရေးတဲ့ဆောင်းပါးတွေမှာ စပြီးရင်းနှီးခွင့် ရခဲ့ပါတယ်။ ဒေသခံတွေရဲ့အဆိုအရတော့ ဟိုးအရင်က သံဖိုပေါများတဲ့အရပ် ဖြစ်ပုံရပြီး (သံဖိုဖြစ်နိုင်ကြောင်း အထောက်အထားတွေလည်းရှိ) ဓား၊ သံလက်နက်တွေ ပေါများစွာထုတ်လုပ်နိုင်ခဲ့တဲ့ရွာမို့ ဆားနဲ့တောင်လဲလှယ်နိုင်တဲ့ အနေအထား ရှိခဲ့တယ်။ အဲဒါကြောင့် ဆားဓားလဲ၊ အဲဒီကနေဆားလဲ၊ နောက်ဆုံးတော့ ဆားလယ်ရွာရယ်လို့ အဆင့်ဆင့်ပြောင်းလဲခေါ်ဆိုခဲ့ကြတယ်လို့ မှတ်သားရပါတယ်။ ကျွန်တော်ရောက်သွားတော့ ဆားလယ်ရွာဟာ အတော်ကြီးလှတဲ့ ရွာကြီးပါ။ သာယာလှပေသည်ဆိုတာမျိုး။ စနစ်ကျတဲ့ လမ်းတွေနဲ့ ရွာကနေချင့်စဖွယ်ပါ။ CBT လိုမျိုးတောင် ဖြစ်စေချင်မိပါသေးတယ်။

ဆားလယ်ရွာနားက ပုဂံ မဟုတ်တဲ့ ပုဂံ

ဆားလယ်ရွာဟာ ဧရာဝတီမြစ်ကမ်းနဲ့လည်း မဝေးလှပါဘူး။ ဆားလယ်ရွာအဝင်မှာတင် ပုဂံခေတ်ပုံစံဘုရား သုံးဆူရှိနေပြီး အဲဒီကနေဆိုင်ကယ်၊ ကားတို့နဲ့သွားလို့ ငါးမိနစ်လောက် အကွာကစပြီး ရှေးဟောင်းဘုရား အစုစုကို ဖူးမြင်ကြရပါတယ်။ ယခင်ကတော့ ထိန်းသိမ်းသူမဲ့ခဲ့ပုံရတဲ့အတွက် ဌာပနာရှိမယ်ထင်လို့ ဘုရားဖျက်၊ ဘုရားဝမ်းဖောက်၊ ဘုရားပုလ္လင်ဖောက်လုပ်ခဲ့ကြတဲ့အတွက် ဆင်းတုတော်နဲ့ ပုလ္လင်တော်တွေကတော့ ပြန်ပြင်ထားတာများပါတယ်။ ဝမ်းသာစရာကတော့ ဘုရားတော်တော်များများမှာ Mural Painting လို့ ခေါ်တဲ့ နံရံဆေးရေးပန်းချီတွေဟာ အရောင်ပြည့်ပြည့်စုံစုံနဲ့ ထူးထူးခြားခြားများများစားစား ဖူးမြင်လေ့လာနိုင်ကြတာပါပဲ။ ဒီဘုရားတွေဟာ ပုဂံခေတ်ထက် တစ်ရာစုခန့်နောက်ကျပြီး ဖြစ်တည်လာတယ်လို့ ယူဆပါတယ်။ ၁၂ ရာစု၊ ၁၃ ရာစု ဝန်းကျင်က ဘုရားတွေဖြစ်ပါတယ်။ ဘုရားသုံးဆူ၊ လေးဆူတစ်စုအနေနဲ့ သူ့အစုနဲ့သူ ကုန်းမြင့်လေးတွေပေါ်မှာရှိနေပါတယ်။ ယာခင်းတွေဖြတ်လို့ ကျွန်တော်တို့တွေ Soft Trekking လေးလုပ်ပြီး ကူးချည်သန်းချည်လေ့လာခဲ့ကြရတယ်။ သူ့အစုနဲ့သူမှာနှစ်ထပ်ဘုရားတွေ ရှိနေတာဟာလည်း ထူးခြားမှု တစ်ခုပါ။ အပေါ်ထပ်ကိုတက်ပြီး လေ့လာလို့ရတာတွေရှိသလို၊ တက်ဖို့လင်းနို့တွေရှိနေတာမျိုးလည်း ကြုံခဲ့ပါတယ်။ ကျွန်တော်ကတော့ ကံကောင်းထောက်မစွာ ဘုရားတစ်ဆူရဲ့အပေါ်ဘက်ကိုတက်ကြည့်ခွင့်ရခဲ့ပါတယ်။ ဒီနေရာကမှ ကျွန်တော်တို့ ဘုရားလည်ဖူးနေတဲ့ ယာခင်းတွေနောက်မှာ ဧရာဝတီမြစ်ကြီး ရှိနေပါလားဆိုတာ သိလိုက်ရတယ်။ ပြီးတော့ ယာခင်းတွေထက်က သူ့အစုနဲ့သူရှိနေတဲ့ ကုန်းတော်တွေပေါ်က ရှေးဟောင်းဘုရားတွေလည်း လှမ်းမြင်ရပါတယ်။ အုတ်ဖိုအထိကို ရှေးဟောင်းဘုရားတွေရှိနေပြီး အရေအတွက်အားဖြင့် ၄၁ ဆူရှိတယ်လို့ ဆားလယ်ရွာသားလည်းဖြစ်၊ ရှေးဟောင်းသုတေသနရဲ့ ဝန်ထမ်းလည်းဖြစ်တဲ့ ကိုမြင့်ဆွေက ရှင်းပြပါတယ်။ ဒီကနံရံဆေးရေးပန်းချီတွေရှိတဲ့ဘုရားတွေနဲ့ အခြားသောဘုရားတွေကို တာဝန်ယူစောင့်ရှောက်ပေးနေကြတဲ့ ရှေးဟောင်းသုတေသနဝန်ထမ်းတွေလည်း ရှိနေတာက ဒီရှေးဟောင်းဘုရားတွေအတွက် အားဖြစ်စေပါတယ်။ သူတို့က စနစ်တကျ သော့ခတ်သိမ်းဆည်းလုပ်ပါတယ်။ တချို့တော်တော်ကောင်းကောင်းနဲ့ အင်္ဂတေပန်းတွေရှိနေတဲ့ ဂူဘုရားတွေကို ဒီမှာတွေ့ရပါသေးတယ်။ ဘုရားပုံစံတွေက ဆင်တူတွေများတဲ့အတွက် အကုန်လုံးတောင် မသွားဖြစ်တော့ပါဘူး။ တစ်စုနဲ့တစ်စု ရှိတဲ့ပုံစံရော၊ တည်ဆောက်ဖွဲ့စည်းထားပုံရော အတော်လေး ဆင်တူကြပါတယ်။ ၁၅ ဆူထိလောက်ပဲ ကျွန်တော် လည်ပတ်ကြည့်ရှုလေ့လာခဲ့ပါတယ်။

ဆားလယ်ရွာကို ဘယ်လိုသွားမလဲ

ဆားလယ်ရွာကို ချောက်၊ စလေမြို့တို့ကနေတစ်ဆင့် သွားပါတယ်။ ကျွန်တော်က ရှင်ပင်စာကြို့ဘုရားကြီးဆီသွားတဲ့လမ်းအတိုင်း မိုင် ၂၀ လောက်သွားရပါတယ်။ လမ်းကရှင်ပင်စာကြို့အထိ ကတ္တရာလမ်း အတော်ကောင်းပါတယ်။ လမ်းက ယာဉ်နှစ်စီး ယှဉ်သွားရုံလောက်လေးပေမယ့် အသွားအလာနည်းတော့ မောင်းကောင်းတယ်။ ဆိုင်ကယ်လေးတွေတော့ သတိပြုရတယ်။ တစ်ခါတစ်ရံ နွားလှည်းတွေရှိတတ်တယ်။ ရှင်ပင်စာကြို့ဘုရား ကျော်ရင်တော့ လမ်းကျယ်ကျယ်နဲ့ ကျောက်ခင်းမြေလမ်းကို ဆက်သွားရပါတယ်။ လမ်းတစ်လျှောက်လုံး ဆားလယ်ထိ ဒီလိုလမ်းပါပဲ။ ရေကျော်တွေရောက်ရင်တော့ ကုန်းတက်ကုန်းဆင်းလေး ဖြစ်ပါတယ်။ လမ်းက တဖြည်းဖြည်း ကျဉ်းသွားပြီး လမ်းနည်းနည်းကြမ်းလာပါတယ်။ ဒါကြောင့် ခရီးမိုင်က နည်းပေမယ့် သွားရတာ အချိန်ပေးရပါတယ်။ ရောက်တဲ့အခါတော့ အထူးကျေနပ်စရာဖြစ်စေပါတယ်။ လမ်းခရီးတစ်လျှောက်လည်း သိပ်ကိုသာယာပါတယ်။ ကျွန်တော်သွားတဲ့အချိန်က ဇူလိုင်မိုးတွင်းပေမယ့် မိုးနည်းတဲ့ဒေသမို့ ရာသီဥတုက ပိုသာယာသလို ဖြစ်နေပါတယ်။ တိုက်ဆိုင်စွာပဲ ဆားလယ်ရောက်တော့ မိုးခပ်များများ ရွာတာနဲ့ အပြန်လမ်းဟာ မြေနီပေါ် နည်းနည်းရှုန်းကန်သွားလာလိုက်ရပါတယ်။ နွေရာသီနဲ့ ဆောင်းရာသီတော့ ဖုန်ထမယ့်သဘောရှိပါတယ်။

ရေနံချောင်းဘက်ကနေသွားမယ်ဆိုရင်တော့ ရေနံချောင်း စက်မှုဇုန်တောင်ဖျား၊ အလယ်တန်းကျောင်းတောင်ထိသွား၊ ဘက်ဘေးမှသုံးဆယ့်ခြောက် ပင်းဝဖွံ့ဖြိုးရေးလမ်းကနေ သွားလို့ရတယ်လို့ သိရပါတယ်။ ခရီးပိုနီးတယ်လို့ ဆိုပါတယ်။ ကျွန်တော်ကတော့ စလေကနေသွားခဲ့တာပါ။

ဆားလယ်ရွာက ရှေးဟောင်းဘုရားတွေကို ဘာကြောင့် လေ့လာဖူးမြင်သင့်သလဲ

အဓိကကတော့ -

- ပုဂံ မဟုတ်တဲ့ အရပ်ဒေသတစ်ခုမှာပုဂံက ရှေးဟောင်းဘုရားတွေနဲ့ တစ်ပုံစံတည်းတူတဲ့ဘုရားတွေရှိ နေတယ်ဆိုတာလေ့လာသင့်တယ်။
- ခေတ်ကာလတူညီပေမယ့် နံရံဆေးရေးပန်းချီတွေက ပိုထင်သာမြင်သာရှိလို့ လေ့လာသူတွေအတွက် အကျိုးရှိတယ်။
- နံရံဆေးရေးပန်းချီတွေကိုထိန်းသိမ်းထားတယ်ဆိုသော်လည်း ရာသီဥတုဒဏ်၊ နေနဲ့ လေဒဏ်တွေကိုခံစားနေရတာမို့ ခုတောင်ပါးလျနေပါပြီ။ လုံးဝပျောက်မသွားခင် မြင်ဖူးသင့်ပါတယ်။
- အင်္ဂတေပန်းလက်ရာတွေ အတော်များများကျန်နေသေးလို့ လေ့လာသင့်ပါတယ်။
- ဆားလယ်ရွာဟာ သိပ်သာယာလှပလို့ သွားလည်သင့်ပါတယ်။
- သူများတွေအများကြီးပုံတွေတင်ပြီးမှ ကိုယ်တင်တာထက် ကိုယ်အရင်တင်တာမျိုးဖြစ်စေချင်လို့ပါ။

ကျွန်တော့်ရဲ့မြန်မာနိုင်ငံအလယ်ပိုင်းခရီးစဉ်တစ်လျှောက်အတော်ကျေနပ်စရာဖြစ်စေခဲ့တဲ့ ဆားလယ်ရွာက ရှေးဟောင်းဘုရားတွေနဲ့နံရံဆေးရေးပန်းချီတွေကို ကျွန်တော့်လိုပဲ ထူးခြားတဲ့မြန်မာ့အနုသုခုမတွေ၊ ရှေးဟောင်းအမွေအနှစ်တွေ မြင်တွေ့လိုသူများအတွက် လက်တို့လမ်းညွှန်ပေးလိုက်ရပါတယ်။ ဒီခရီးအတွက် အစစကူညီပေးခဲ့တဲ့ Salay House က ကိုထွန်း၊ မခိုင်တို့မိသားစု၊ စာရေးဆရာနဲ့ ဧည့်လမ်းညွှန်ဆရာဦးလတ်၊ ရှေးဟောင်းသုတေသနက ကိုမြင့်ဆွေတို့ကို အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ■

အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများအား ဂုဏ်ပြုပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၇

၂၀၁၈ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ကျင်းပခဲ့သော ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများတွင် အောင်ပွဲရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်က မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြော ကြားသည်။

ထို့နောက် အောင်ပွဲရအားကစားအသင်းများ ရရှိခဲ့သည့် ရိုးရာခြင်းလုံး အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဆုဖလား၊ ရိုးရာလှေလှော်ပွဲ စုပေါင်းတံခွန်စိုက်ဖလား၊ အမျိုးသမီး တံခွန်စိုက်ဖလား၊ အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်စုပေါင်းတံခွန်စိုက်အမျိုးသမီး တံခွန်စိုက်ဆုဖလား၊ ကာယဗလ/ကာယကြံ့ခိုင်မှုတံခွန်စိုက်ဖလား၊ ကရာတေးဒိုစုပေါင်းတံခွန်စိုက်ဆုဖလား၊ ကရာတေးဒိုအမျိုးသမီးတံခွန်စိုက်ဖလား၊ သေနတ်ပစ်စုပေါင်း တံခွန်စိုက်ဖလား၊ ဂျူဒိုစုပေါင်း တံခွန်စိုက်အမျိုးသားတံခွန်စိုက်ဆုဖလား၊ မသန်စွမ်း စုပေါင်းတံခွန်စိုက်ဆုဖလား၊ အမျိုးသားဖူဆယ်ဘောလုံးတံခွန်စိုက်ဆုဖလား၊ ဝူရှူး အမျိုးသမီးပထမဆုဖလားများ၊ စက်ဘီးအမျိုးသမီးပထမဆုဖလားများ၊ ဂေါက်သီးအမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် မြန်မာ့သိုင်းအမျိုးသားတံခွန်စိုက်ဒိုင်းတို့ကို အပ်နှံရာ ဝန်ကြီးချုပ်က လက်ခံယူသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးတို့က အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများ၊ တစ်ဦးချင်း ဆုတံဆိပ်ရ အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ အောင်ပွဲရ အားကစားအသင်းများနှင့် အားကစားသမားများက လက်ခံယူကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ဆုရအားကစားသမားများအား ဆုချီးမြှင့်စဉ်။

ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများတွင် အောင်ပွဲရရှိခဲ့သော တိုင်းဒေသကြီး အားကစားအသင်းများနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲတွင် အသင်းများနှင့် အားကစားသမားများအား သိန်းပေါင်း ကိုးရာခြောက်ဆယ့်ခုနစ်သိန်းခြောက်သောင်း ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်

သိမ်းဆည်းမြေများ မူလပိုင်ရှင်များထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များ ပေးအပ်

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်စဉ်။

တီးတိန် ဇူလိုင် ၁၇

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးအပ်ခြင်းနှင့် မူလပိုင်ရှင်များထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များ ပေးအပ်ပွဲနှင့် မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်က တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၃)၊ ပုံစံ(၇)နှင့်မြေငှားဂရန်များကို မူလပိုင်ရှင်များထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနလုပ်ငန်းများကို ဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသလိုအပ်ချက်များကို တင်ပြကာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားကြသည်။

မြို့နယ် (ပြန်/ဆက်)

မင်းဘူးမြို့နယ် မန်းရွှေစက်တော် ဘုရားဝန်းကျင်စိမ်းလန်းစိုပြည်စေရန် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မင်းဘူး ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ရာဘုရားအနီး ဝန်းကျင် သာယာစိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နေမှုများ လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ ပြုလုပ်သည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က အဆိုပါ မန်းရွှေစက်တော်ဘုရားအနီး ရွှေသမင်ဘေးမဲ့တော ဥယျာဉ်ခြံ၌ ကျင်းပသည်။

မန်းရွှေစက်တော်ဘုရားဝန်းကျင်၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေစဉ်။

သစ်ပင်စိုက်ပျိုးပွဲတွင် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပွားရသည့် သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သစ်တော သစ်ပင်စိုက်ပျိုးခြင်းများ အလေးထားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သရုပ်ဆောင် နေထူးနိုင်နှင့် မင်းရာဇာတို့က နိုင်ငံတစ်ဝန်း သစ်တော သစ်ပင်များ လျော့ပါးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့နေမှုကို ပြည်သူများသိရှိနားလည်ကာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်တော သစ်ပင်များကို ပြန်လည်စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးသည့်သစ်ပင်များကိုလည်း ရှင်သန်ကြီးထွားအောင် ကာကွယ်စောင့်ရှောက်သွားကြစေလိုကြောင်းနှင့် စည်းကမ်းမဲ့ သစ်ပင်ခုတ်လှဲမှုများရှောင်ကြဉ်ကြစေလိုကြောင်း ပြောသည်။

ယင်းနောက် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငွေ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အနုပညာရှင်သရုပ်ဆောင်များနှင့် ဒေသခံပြည်သူများက မန်းရွှေစက်တော် ဘုရားအဝင်သုံးမိုင် လမ်းတစ်လျှောက်နှင့် မန်းရွှေစက်တော် ရွှေသမင်ဘေးမဲ့တောဥယျာဉ်ခြံတို့တွင် အရိပ်ရပင်များဖြစ်သည့် ရေတမာ၊ ခရေ၊ မယ်ဇယ်၊ တမာ၊ ဗာဒံ၊ မာတာကွတ်၊ ပိတောက်၊ ကုက္ကို၊ သစ်ဆိမ့်၊ ဆီးဖြူ၊ ငုရွှေဝါ၊ သင်ပင်၊ စိန်တံခွန်၊ ဆီသပြေ၊ မဲဇလီ၊ မန်ဂျန်ရှားပင် စသည့်အရိပ်ရပင် စုစုပေါင်း ၁၀၀၀ အား စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၇-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၉၀/၉၃၀ ကျပ်	၉၄၅/၉၅၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၀၀/၉၄၀ ကျပ်	၉၆၀/၉၇၀ ကျပ်
အောက်တိန်း ၉၂	၇၈၀/၈၂၀ ကျပ်	၈၅၅/၈၇၀ ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀ ကျပ်	၉၆၀/၉၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၄ ・ ၅
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၈ ・ ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၂ ・ ၇
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၇၈ ・ ၆
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၉၉ ・ ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၁ ・ ၅
တရုတ်	တစ်ယွမ်	ကျပ် ၂၂၀ ・ ၁၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၀၁၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ ・ ၂၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ ・ ၀၄
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၉၈၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ နည်းပညာရှာပုံတော်ခရီး (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

(ယခင်တစ်ပတ်မှအဆက်)

ထိုင်းနိုင်ငံ ဒေသစံတော်ချိန် မွန်းလွဲပိုင်း ၄ နာရီတွင် ASEAN EV Summit 2019 ၏ အထူးအစီအစဉ် တစ်ရပ်အဖြစ် Panel Discussion Session ကို ကျင်းပပြုလုပ်သည်။ Connecting ASEAN E-Mobility ခေါင်းစဉ်ဖြင့် ပြုလုပ်သော Panel Discussion တွင် မလေးရှား လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း (EVAM) ဥက္ကဋ္ဌ Mr. Dennis Chuah ၊ မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ ပညာရှင်များအသင်း (မြန်မာနိုင်ငံ) [Automotive Industrial Professionals' Assocation - AIPA (Myanmar)] ဥက္ကဋ္ဌ Engr. Ko Ko Aung (သိပ္ပံစာရေးဆရာကိုကိုအောင်)၊ ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ အသင်း (EVAT) ဥက္ကဋ္ဌ Dr. Yossapong၊ ဖိလစ်ပိုင် လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း (EVAP) ဥက္ကဋ္ဌ Mr. Ed mund Araga နှင့် စင်ကာပူ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင် ရာအသင်း (EVAS) ဥက္ကဋ္ဌ Mr. Terence Siew တို့က Panelist များအဖြစ် ပါဝင်ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်ဖြစ်သော AIPA-Myanmar ဥက္ကဋ္ဌ Engr. Ko Ko Aung (သိပ္ပံစာရေးဆရာ ကိုကိုအောင်)က Potential Utilization of Electric Vehicle in Myanmar ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ပါဝင်ဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသမျှ မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးခဲ့ရာ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အလားအလာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု အလားအလာများအပေါ် ညှိပရိသတ်များ၏ အထူးအလေးထား စိတ်ဝင်စားအားပေးခြင်းကို ခံခဲ့ရသည်။

Panel Discussion ၌ Moderator အဖြစ် ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း၏ အမှုဆောင်ကော်မတီဝင် Dr. Nuwong Chollacoop ကဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးကြသည့် အာဆီယံ နိုင်ငံများမှ ကိုယ်စားလှယ်များကလည်း ညှိပရိသတ်များ၏ သိလိုသမျှ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။ Panel Discussion အပြီးတွင် Pongpan Kaewtatip က နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားကာ ASEAN EV Summit 2019 ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် BITEC ၏ ခန်းမကျယ်ကြီးတစ်ခုဖြစ်သော Room GH 203 ၌ UBM Asia (Thailand) က ဂုဏ်ပြုတည်ခင်းသော အထူးညစာစားပွဲ (Networking Reception Night) ကို ကျင်းပပြုလုပ်ရာ နိုင်ငံတကာမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ပညာရှင်များက ထိုင်းရိုးရာ ကျေးလက် အဆောင်အယောင်တချို့ကို ဝတ်ဆင်၍ ညစာစားပွဲကို တပျော်တပါး ဆင်နွှဲကြသည်။

ညစာစားပွဲ၌ တည်ခင်းသော အစားအစာများမှာ ထိုင်းရိုးရာ ငရုတ်သီးစပ်သော ဟင်းလျာများ ဖြစ်ကြပြီး ထိုင်းရိုးရာ ကျေးလက်အကများကို ကြည့်ရှုခံစားရင်း၊ စကားစမြည်ပြောရင်း ညစာသုံးဆောင်ကြသည်။ ဤသို့ဖြင့် ထိုင်းရိုးရာ ညစာ စားပွဲသည် ပျော်ရွှင်ဖွယ်အတိဖြင့် ည ၈ နာရီတွင် ပြီးဆုံးသွားတော့သည်။ Westin Hotel ၌ ခေတ္တတည်းခိုနေထိုင်ကြသည့် မိမိနှင့်တကွ တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့သည် အထူး စီစဉ်ပေးထားသောကားဖြင့် BITEC မှ ပြန်လည်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် ဟိုတယ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

CharIN Asia Forum

နောက်တစ်နေ့ဖြစ်သော ဇွန်လ ၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဟိုတယ်၌ တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့နှင့်အတူ နံနက်စာသုံးဆောင်ပြီးနောက် ၇ နာရီ ၄၅ မိနစ်တွင် အထူးစီစဉ် ပေးထားသောကားများဖြင့် Westin Hotel မှ Bangkok International Trade & Exhibition Center (BITEC) သို့ သွားရောက်ကြရာ မိနစ် ၃၀ ခန့် အကြာတွင် ရောက်ရှိကြသည်။ နံနက် ၉ နာရီတွင် CharIN Asia Forum ကို စတင်ကျင်းပရာ CharIN Coordination Office Asia ၏ မန်နေးဂျင်းဒါရိုက်တာ Mr.Jacques Borremons၊ Korea Electro-technology Research Institute (KERI) မှ အကြီးတန်းအင်ဂျင်နီယာ Mr. Jungyoon Kim နှင့် Korea Penta Security System ၏ အကြီးအကဲ Mr. Jeason Yoo တို့က မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားပြီး ကော်ဖီ၊မုန့်တို့ဖြင့် ညှိခံကျွေးမွေးသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဖိုရမ်ကို ပြန်လည်စတင်ကျင်းပရာ ဂျာမနီနိုင်ငံမှ Global Head of E-Mobility ဖြစ်သူ Mr. Volker Blandow ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr. Liu Yanfeng၊ Korea Smart Grid Association မှ အကြီးတန်းသုတေသနအရာရှိ Mr. Dong Wook Kim နှင့် ဂျာမနီနိုင်ငံ Hubject မှ စီအီးအို Mr. Christian Hahn တို့က မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားကာ မွန်းတည့် ၁၂ နာရီတွင် CharIN Aisa Forum ကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ပညာရှင်များကို BITEC မြေညီထပ်ရှိ Fahrenheit Restaurant ၌ နေ့လယ်စာ ဘူဖေးဖြင့် တည်ခင်းညှိခံ ကျွေးမွေးသည်။ နေ့လယ်စာ သုံးဆောင်စဉ်အတွင်း မိမိနှင့် Nissan (Thailand) မှ အထွေထွေမန်နေဂျာတို့နှစ်ဦး မြန်မာနိုင်ငံ၌ Nissan ကုမ္ပဏီက တိုက်ရိုက် လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

MTARC Forum

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် Mobility Taiwan Automotive Research Consortium (MTARC) Forum ကို စတင်ကျင်းပသည်။ အဆိုပါဖိုရမ်၌ MTARC ဥက္ကဋ္ဌ Mr. Hu က အဖွင့်အမှာစကား ပြောကြားပြီး ထိုင်ဝမ်မှပညာရှင်များက Research Policy၊ E-Scooter Policy၊ E-Bus Development ၊ Low-Speed EV Industry ၊ Drive System စသည်တို့နှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။ တက်ရောက်လာသူများ၏ သိလိုသမျှ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။ ထို့နောက် မွန်းလွဲ ၂ နာရီခွဲ၌ ခေတ္တရပ်နားပြီး ကော်ဖီ၊မုန့်တို့ဖြင့် ညှိခံကျွေးမွေးသည်။

မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဖိုရမ်ကို ပြန်လည်စတင်ရာ Lithium Ion ဘက်ထရီနှင့်ပတ်သက်သော နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ စွမ်းအားမြင့်လျှပ်စစ်မိုတာ ထုတ်လုပ်အသုံးပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်စွမ်းအင်သုံးစွဲပြီး မောင်းနှင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားသွင်းစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ အလိုအလျောက် မောင်းနှင်မှုစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံစိတ်ချရမှုဆိုင်ရာ နည်းပညာ အစီအမံများ စသည်တို့ကို သက်ဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများက ဆွေးနွေးတင်ပြကြသည်။ ၎င်းတို့၏ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးပြီးနောက် ဖိုရမ်တစ်ရပ်လုံးနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးကြသည်။ ညနေ ၆ နာရီခန့်တွင် ဖိုရမ်ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် BITEC ၏ မြေညီထပ်ရှိ Fahrenheit Restaurant ၌ ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ အသင်းကြီးက ဂုဏ်ပြုတည်ခင်းညှိခံသော အထူးညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာစားပွဲ၌ EVAT ဥက္ကဋ္ဌ Dr. Yossapong က ကျေးဇူးတင်စကားပြောကြားပြီး BITEC ၌ ကျင်းပလျက်ရှိသော ကွန်ဖရင့်၊ ဖိုရမ်၊ အစည်းအဝေးနှင့်ပြပွဲများ အထမြောက် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးကြသော အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။ ထို့နောက် နိုင်ငံတကာမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များအားလုံး စုပေါင်းကာ အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ည ၈ နာရီ ၁၅ မိနစ်တွင် အထူးညစာစားပွဲကြီးမှာ ပျော်ရွှင်ဖွယ်အတိဖြင့် အောင်မြင်ချောမွေ့စွာ ပြီးဆုံးသွားသည်။ မိမိနှင့်တကွ တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့တို့ BITEC မှ Westin Hotel ဆီသို့ Sky Train စီး၍ ပြန်ခဲ့ကြရာ မိနစ် ၃၀ ခန့်အကြာတွင် ဟိုတယ်သို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

Global EV Association Network Forum

နောက်တစ်နေ့ဖြစ်သော ဇွန်လ ၇ ရက် နံနက်ပိုင်းတွင် ဟိုတယ်၌ နံနက်စာသုံးဆောင်ပြီးနောက် ၇ နာရီ ၄၅ မိနစ်တွင် အထူးစီစဉ်ပေးထားသောကားဖြင့် Westin Hotel မှ BITEC သို့ထွက်ခွာခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် ရောက်ရှိကြသည်။ နံနက် ၉ နာရီတွင် Global EV Association Network(GEAN) Forum ကို ကျင်းပရာ GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwon က အဖွင့်အမှာစကား ပြောကြားပြီး ကြိုဆိုနှုတ်ခွန်းဆက်သသည်။

ဆက်လက်၍ GEAN ၏ အကြီးတန်းအကြံပေးပညာရှင် ပါမောက္ခ Woong-chul Choi က တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်း၌ ကျင်းပပြီးစီးခဲ့သည့် The 4th GEAN Annual Meeting ၏ ရလဒ်များနှင့် ရှေ့ဆက်မည့် မဟာဗျူဟာတို့ကိုလည်းကောင်း၊ International Electric Vehicle Expo (IEVE)၏ အကြီးတန်းအကြံပေးပညာရှင် Mr. Junghwan Kim က The 6th IEVE အပေါ် ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်လမ်းပြမြေပုံတို့ကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ သယ်ယူပို့ဆောင်ရေးကျွမ်းကျင်ပညာရှင် Dr. Ki-Joon Kim က အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများအတွက် လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာတို့ကိုလည်းကောင်း၊ The Korea Transport Institute ၏ အကြီးတန်းသုတေသနအရာရှိ Dr. Kyu-ok Kim က ကိုရီးယားနိုင်ငံတွင် Smart Mobility ကို လက်တွေ့အသုံးချခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းသမျှကိုလည်း ပြန်လည် ရှင်းလင်းဖြေကြားပေးကြသည်။

နံနက် ၁၀ နာရီခွဲတွင် ဖိုရမ်ကိုခေတ္တရပ်နားပြီး ကော်ဖီ၊မုန့်တို့ဖြင့် ညှိခံကျွေးမွေးသည်။ ၁၀ နာရီ ၄၅ မိနစ်တွင် ဖိုရမ်၏ ဒုတိယပိုင်းအစီအစဉ်အဖြစ် Panel Discussion ကို ကျင်းပပြုလုပ်သည်။ How to Collaborate GEAN & ASEAN to improve EV Industry ခေါင်းစဉ်ဖြင့် ပြုလုပ်သော Panel Discussion အတွက် Moderator အဖြစ် GEAN ၏ အကြီးတန်းအကြံပေးပညာရှင် ပါမောက္ခ Woong-chul Choi က ဆောင်ရွက်သည်။ Panelist များအဖြစ် မလေးရှား လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ အသင်းဥက္ကဋ္ဌ Mr. Dennis Chuah ၊ ဖိလစ်ပိုင် လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်းဥက္ကဋ္ဌ Mr. Edmund Araga၊ မော်တော်ယာဉ် ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ ပညာရှင်များအသင်း (မြန်မာနိုင်ငံ) [Automotive Industrial Professionals' Assocation - AIPA (Myanmar)] ဥက္ကဋ္ဌ Engr. Ko Ko Aung (သိပ္ပံစာရေးဆရာကိုကိုအောင်)၊ ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း ဒုတိယဥက္ကဋ္ဌ Dr. Uthane Supatti ၊ စင်ကာပူ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်းဥက္ကဋ္ဌ Mr. Terence Siew နှင့် ဗီယက်နမ် လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း ဖွဲ့စည်းရေး ကော်မတီဝင် ပါမောက္ခ Le Anh Tuan တို့က ပါဝင်ဆွေးနွေးကြသည်။

Panelist များ၏ ရင်းနှီးပွင့်လင်း လွတ်လပ်စွာ ဆွေးနွေးမှုများသည် GEAN နှင့် ASEAN ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ လမ်းကြောင်းကို ပွင့်သွားစေပြီး အပြုသဘော ဆောင်သော တိုးတက်မှုများကို ရရှိနိုင်ရေးအတွက် အထောက်အပံ့ကောင်းများကို ပေါ်ထွက်လာစေသောကြောင့် တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ပညာရှင်များက တစ်ခဲနက် ထောက်ခံအားပေးကြသည်။ ဤသို့ဖြင့် GEAN EV Forum မှာ အောင်မြင်စွာ ပြီးဆုံးခဲ့တော့သည်။

နည်းပညာရှာပုံတော်ခရီး

ထို့နောက် BITEC ၏ Room Amber 1 ၌ ကျင်းပပြုလုပ်သည့် နေ့လယ်စာစားပွဲသို့ မိမိအပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ကြသည်။ နေ့လယ်စာစားပွဲကို GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ကမကထပြုကာ ဂုဏ်ပြုတည်ခင်းခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသော ASEAN Panelist များကို Mr. Kim က အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ မွန်းလွဲ ၂ နာရီတွင် BITEC မှစီစဉ်ပေးသောအားဖြင့် သုဝဏ္ဏဘုမ္မိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ရာ မွန်းလွဲ ၃ နာရီခန့်တွင် ရောက်ရှိသည်။ ညနေပိုင်းတွင် သုဝဏ္ဏ ဘုမ္မိ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းလေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ချောမောစွာ ပြန်လည်ရောက်ရှိခဲ့သည်။

ဤသို့ဖြင့် မော်တော်ယာဉ် အင်ဂျင်နီယာ ပညာရှင်ဖြစ်သော မိမိအဖို့ လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာ နည်းပညာသစ်များကို တစ်ပွေ့တစ်ပိုက်ရယူကာ နည်းပညာရှာပုံတော်ခရီးကို အောင်မြင်စွာဖြင့် အဆုံးသတ်ခဲ့ရပေတော့သည်။ ။

> **“ဖိုရမ်ကိုပြန်လည်စတင်ရာ Lithium Ion ဘက်ထရီနှင့်ပတ်သက်သော နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စွမ်းအားမြင့်လျှပ်စစ်မိုတာ ထုတ်လုပ်အသုံးပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်စွမ်းအင်သုံးစွဲပြီး မောင်းနှင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားသွင်းစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ အလိုအလျောက် မောင်းနှင်မှုစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံစိတ်ချရမှုဆိုင်ရာ နည်းပညာအစီအမံများ စသည်တို့ကို သက်ဆိုင် ရာပညာရှင်များနှင့် ကျွမ်းကျင်သူများက ဆွေးနွေးတင်ပြကြသည်”**

၁၃၈၁ ခုနှစ်(၂၀၁၉ ခုနှစ်)၊ (၂၇)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ (၂၇) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိခွင့်ပြုစာဖြေဌာန ၇၆ ဌာနတို့၌ ၃-၆-၂၀၁၉ ရက်နေ့မှ ၇-၆-၂၀၁၉ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ (၂၇)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၇၈၆၆ ပါးရှိပြီး ဖြေဆို ၁၂၆၆၉ ပါး ဖြစ်၍ ကျမ်းစဉ်အလိုက် စုစုပေါင်း အောင်မြင်သူ ၄၂၃၈ ပါး ဖြစ်ရာ ၃၃.၄၆ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၈၃၃ ပါး၊ လေးကျမ်းအောင် ၄၁၀ ပါး၊ သုံးကျမ်းအောင် ၆၇၅ ပါး၊ နှစ်ကျမ်းအောင် ၆၀၃ ပါး၊ တစ်ကျမ်းအောင် ၅၆၆ ပါးတို့ ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၈၃၃ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမ ရရှိသောအထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မန်း/အမဇ-၅၈၊ ရှင်သူရိယ၊ အသက် ၁၉ နှစ်၊ အဘ ဦးကြည်ရွှင်၊ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ် မှော်-၂၉၄၊ ရှင်တေဇဝန္တ၊ အသက် ၁၈ နှစ်၊ အဘ ဦးမောင်ဟန်၊ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ် မရ-၈၂၊ ရှင်ပညာဇောတ၊ အသက် ၂၀ နှစ်၊ အဘ ဦးမြစိန်၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ မန်း/ပကခ-၆၀၊ မဝေမာရီ၊ အသက် ၂၂ နှစ်၊ အဘ ဦးဝင်းဦး၊ မြဝတီ သီလရှင်စာသင်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(သီလရှင်-ပထမ)

၄။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၇၇ ပါး၊ နှစ်ကျမ်းအောင် ၁၁၇ ပါး၊ တစ်ကျမ်းအောင် ၉၃ ပါးတို့ ဖြစ်ပါသည်။ ဒီဃနိကာယ် သုံးကျမ်းအောင် ၁၇၇ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ဗဟ-၁၁၊ အရှင်ဝိစိတ္တာလင်္ကာရ၊ အသက် ၂၉ နှစ်၊ အဘ ဦးရွှေမိုး၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ် ဒဂရ-၄၊ အရှင်ဝိသုဒ္ဓ၊ အသက် ၃၄ နှစ်၊ အဘ ဦးကျော်ခင်၊ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ် မော်-၄၊ အရှင်ပညာသီဟာလင်္ကာရ၊ အသက် ၃၁ နှစ်၊ အဘ ဦးကျော်သိန်း၊ ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်(တတိယ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၉ ပါး၊ နှစ်ကျမ်းအောင် ၅၂ ပါး၊ တစ်ကျမ်းအောင် ၁၇ ပါးတို့ ဖြစ်ပါသည်။

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇ ပါး၊ နှစ်ကျမ်းအောင် ၁၂ ပါး၊ တစ်ကျမ်းအောင် ၁၁ ပါးတို့ ဖြစ်ပါသည်။

၇။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၈၄ ပါး၊ နှစ်ကျမ်းအောင် ၁၃၀ ပါး၊ တစ်ကျမ်းအောင် ၁၁၂ ပါး တို့ဖြစ်ပါသည်။ အင်္ဂုတ္တရနိကာယ် သုံးကျမ်းအောင် ၁၈၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် မုံ - ၂၀၊ ရှင်သုန္ဒရာလင်္ကာရ၊ အသက် ၂၀ နှစ်၊ အဘ ဦးဆယ်လွင်၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ် မင်္ဂလာ- ၃၊ ရှင်အာလောကာလင်္ကာရ၊ အသက် ၂၀ နှစ်၊ အဘ ဦးဖိုးတူး၊ တိပိဋက ရွှေပါရမီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ် စက-၆၃၊ ရှင်ဣန္ဒဝီရ၊ အသက် ၁၆ နှစ်၊ အဘ ဦးဝင်းရွှေ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး(တတိယ)

(ဃ) အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ပသက-၂၉၊ မဉာဏ သိရီသုဘဒ္ဒါလင်္ကာရ၊အသက် ၃၃ နှစ်၊ အဘ ဦးဖိုးထူး၊ ချမ်းမြရုံသီပရိယတ္တိသီလရှင် စာသင်တိုက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(သီလရှင်-ပထမ)

၈။ အုပ်စု(၆) ခုဒ္ဒကနိကာယ-၁(သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁ ပါး၊ တစ်ကျမ်းအောင် ၁ ပါး တို့ ဖြစ်ပါသည်။

၉။ အုပ်စု(၇) ခုဒ္ဒကနိကာယ-၂(သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၂ ပါး၊ နှစ်ကျမ်းအောင် ၃ ပါး၊ တစ်ကျမ်းအောင် ၁ ပါးတို့ ဖြစ်ပါသည်။

၁၀။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၅၄ ပါး၊ တစ်ကျမ်းအောင် ၉၁ ပါးတို့ ဖြစ်ပါသည်။ အဘိဓမ္မပိဋက နှစ်ကျမ်းအောင် ၅၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ကွေး-၆၊ အရှင်ကောဝိဒ၊ အသက် ၃၉ နှစ်၊ အဘ ဦးအုန်းရွှေ၊ တာဝတိံသာကျောင်း၊ အောင်လံမြို့ မကွေးတိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ် စက-၂၇၊ အရှင်သုဝဏ္ဏ၊ အသက် ၂၈ နှစ်၊ အဘ ဦးသောင်းကြည်၊ မဟာစေတီကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ် ဗဟ-၁၀၊ အရှင်စန္ဒဒီပါလင်္ကာရ၊ အသက် ၂၂ နှစ်၊ အဘ ဦးကျော်သန်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

၁၁။ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁ ပါးဖြစ်ပါသည်။

၁၂။ အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄ ပါး၊ နှစ်ကျမ်းအောင် ၄ ပါး၊ တစ်ကျမ်းအောင် ၂ ပါးတို့ ဖြစ်ပါသည်။

၁၃။ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁ ပါး ဖြစ်ပါသည်။

၁၄။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) အင်္ဂုတ္တရအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၂ ပါး ဖြစ်ပါသည်။

၁၅။ အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် ၃ ပါး ဖြစ်ပါသည်။

၁၆။ (၂၇)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု ၉ ခုနှင့် မဟာဝိဒူတန်းအုပ်စု ၄ ခုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၄၂၃၈ ပါး ဖြစ်ပါသည်။

၁၇။ နိကာယ်အောင်စာရင်းအပြည့်အစုံကို နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက အဖွဲ့ရုံးများတွင် လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိသော မြို့နယ်သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများတွင် လည်းကောင်း နိကာယ်စာမေးပွဲ အောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora gov.mm၊ သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်း ရရှိသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အကောင်းဆုံးအာမခံလုပ်ငန်းဆုများရရှိ

ရန်ကုန် ဇူလိုင် ၁၇

အာရှဒေသမှ နိုင်ငံအလိုက် အကောင်းဆုံး အာမခံလုပ်ငန်းဆုများ ချီးမြှင့်သည့် Insurance Asia Award 2019 ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက စင်ကာပူနိုင်ငံရှိ Shangri-la Hotel ၌ ကျင်းပရာ အာရှဒေသတစ်ဝန်းရှိ နိုင်ငံများမှ အာမခံကုမ္ပဏီများ၏ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအတွက် နိုင်ငံအလိုက် အာမခံလုပ်ငန်းဝန်ဆောင်မှု အကောင်းဆုံးဆုများဖြစ်သည့် Domestic General Insurer of the Year – Myanmar; Domestic Life Insurer of the Year - Myanmar နှင့် Marketing Initiative of the Year – Myanmar ဆုများကို အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ) မှ ဒုတိယဉက္ကဋ္ဌ ဦးညိုမြင့်၊ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ Mr. Anil Mancham နှင့် ဌာနမှူး Mr. Jyothish Parameswaran Mohini တို့က တက်ရောက်လက်ခံရယူခဲ့ကြပြီး ဒုတိယဉက္ကဋ္ဌ ဦးညိုမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

Insurance Asia Awards ကို KPMG၊ PwC၊ Ernst & Young နှင့် Milliman စသည့် ငွေကြေးနှင့် အာမခံလုပ်ငန်းဆိုင်ရာများကို စိစစ်သည့် လုပ်ငန်းကြီးများ၏ အကြီးတန်းပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့မှ အာရှတစ်ဝန်းရှိ နိုင်ငံအလိုက် အာမခံလုပ်ငန်းကြီးများ၏ လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုများကို စောင့်ကြည့်လေ့လာသုံးသပ် အကဲဖြတ်၍ ဆုများကို စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် "Insurance Asia Awards" အကောင်းဆုံးအာမခံလုပ်ငန်းဆုများကို သုံးနှစ်ဆက် ရရှိခြင်းဖြစ်ပြီး အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ပေးအပ်ချီးမြှင့်သည့် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများစွာကို နှစ်စဉ် ရရှိထားသည်။ **သတင်းစဉ်**

ဆင်ဘိုမြို့ ရေဘေးသင့်ပြည်သူများအား ဆေးကုသစောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိ

ဆင်ဘို ဇူလိုင် ၁၇

ကချင်ပြည်နယ် ဆင်ဘိုမြို့တွင် ရေဘေးကြုံတွေ့ရသည့် ပြည်သူများအား နယ်မြေခံတပ်ရင်းမှ ဆေးကုသစောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်မှစတင်၍ ဒက္ခိဏာရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ရေဘေးသင့်ပြည်သူ ၁၄၇ ဦးအား အဆုတ်အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ဖျားနာခြင်းအပြင် ရေကြောင့်ဖြစ်ပွားတတ်သည့် ယားနာများအတွက် အထွေထွေကုသစစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍လည်း ရေဘေးသင့်ဒေသများသို့ သွားရောက်ကုသပေးမည်ဖြစ်ကြောင်း နယ်မြေခံတပ်ရင်းမှ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်မျိုးသန်းက ပြောသည်။ ဆင်ဘိုမြို့သည် ဧရာဝတီမြစ်ပထမမြစ်ကျဉ်းအနီးတည်ရှိ၍ ဇူလိုင် ၁၅ ရက်က စိုးရိမ်ရေမှတ် ၂၇၀၇ စင်တီမီတာအထိ မြင့်တက်ခဲ့သည်။ ယနေ့တွင် စိုးရိမ်ရေမှတ် ၂၅၇၀ စင်တီမီတာသို့ အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

ဆင်ဘို(ပြန်/ဆက်)

မူဆယ်မြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေး

မူဆယ် ဇူလိုင် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မန့်ဟန်ကျေးရွာအုပ်စု မန့်ဟန်ကျေးရွာရှိ လူငယ်ဇရပ်၌ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ပြောင်းစိုက်တောင်သူများအား ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းနည်း၊ နည်းပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မူဆယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းအောင်က ငမြောင်တောင်ပိုးဘက်စုံနည်းပညာဖြင့် ကာကွယ်နှိမ်နင်းနည်းနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းများကို နည်းပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် တောင်သူများအား ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းနည်း၊ သဘာဝပိုးသတ်ဆေးပြုလုပ်နည်း လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

ပုသိမ်မြို့နယ် ပုဂံဘိုကျေးရွာတွင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပုသိမ် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် (ဒုတိယ ၁၂ လ)တွင် ငွေလုံးငွေရင်း (ယူနီဆက်) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ပုသိမ်မြို့နယ် ပုဂံဘိုကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအား ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာရေပေးရေးကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၀၀၇

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

ပူးတွဲ-၄

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး/ကဏ္ဍ	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**လယ်ယာကဏ္ဍကြီး**	၂၂,၆၉၆,၄၄၀.၉	၂၁.၅	၂၄,၁၄၀,၅၆၀.၉	၂၀.၃	၆.၄
	၁	လယ်ယာ	၁၄,၅၀၇,၉၄၆.၇	၁၃.၇	၁၅,၃၀၈,၉၃၉.၅	၁၂.၉	၅.၅
	၂	သားငါး	၈,၁၀၇,၉၄၀.၃	၇.၇	၈,၇၅၄,၄၁၄.၀	၇.၃	၈.၀
	၃	သစ်တော	၈၀,၅၅၃.၉	၀.၁	၇၇,၂၃၇.၄	၀.၁	-၄.၁
၂		**စက်မှုကဏ္ဍကြီး**	၄၀,၀၅၀,၂၃၆.၉	၃၈.၀	၄၆,၀၉၅,၁၀၈.၄	၃၈.၇	၁၅.၁
	၁	စွမ်းအင်	၄,၆၈၈,၀၁၂.၄	၄.၄	၄,၇၂၄,၇၇၆.၁	၄.၀	၀.၈
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၁,၀၁၂,၆၃၈.၅	၁.၀	၁,၀၉၇,၃၂၂.၈	၀.၉	၈.၄
	၃	စက်မှုလက်မှု	၂၆,၁၈၆,၆၆၃.၁	၂၄.၈	၃၀,၄၇၉,၁၀၄.၇	၂၅.၆	၁၆.၄
	၄	လျှပ်စစ်ဓာတ်အား	၁,၄၆၁,၉၂၀.၂	၁.၄	၂,၀၈၀,၀၃၇.၃	၁.၇	၄၂.၃
	၅	ဆောက်လုပ်မှု	၆,၇၀၁,၀၀၂.၇	၆.၄	၇,၇၁၃,၈၆၇.၅	၆.၅	၁၅.၁
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	၄၂,၇၃၅,၆၄၇.၆	၄၀.၅	၄၈,၇၈၇,၇၀၆.၀	၄၁.၀	၁၄.၂
	၁	ပို့ဆောင်ရေး	၁၁,၈၃၈,၈၁၃.၆	၁၁.၂	၁၃,၅၅၅,၄၄၁.၅	၁၁.၄	၁၄.၅
	၂	ဆက်သွယ်ရေး	၂,၀၇၇,၀၂၅.၉	၂.၀	၂,၂၃၄,၉၃၅.၇	၁.၉	၇.၆
	၃	ငွေရေးကြေးရေး	၃၆၇,၆၀၅.၂	၀.၄	၄၀၉,၀၂၇.၆	၀.၃	၁၁.၃
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၃,၄၂၇,၃၈၄.၉	၃.၂	၃,၅၈၀,၃၂၉.၃	၃.၀	၄.၅
	၅	အခြားဝန်ဆောင်မှု	၃,၃၈၄,၅၆၉.၈	၃.၂	၄,၀၇၈,၄၀၆.၆	၃.၄	၂၀.၅
	၆	ကုန်သွယ်မှု	၂၁,၆၄၀,၂၄၈.၂	၂၀.၅	၂၄,၉၂၉,၅၆၅.၃	၂၁.၀	၁၅.၂
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	၁၀၅,၄၈၂,၃၂၅.၄	၁၀၀.၀	၁၁၉,၀၂၃,၄၀၅.၃	၁၀၀.၀	၁၂.၈

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

ပူးတွဲ-၅

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**ထုတ်လုပ်မှုတန်ဖိုး**	၆၂,၇၄၆,၆၇၇.၈	၅၉.၅	၇၀,၂၃၅,၆၉၉.၃	၅၉.၀	၁၁.၉
	၁	လယ်ယာ	၁၄,၅၀၇,၉၄၆.၇	၁၃.၇	၁၅,၃၀၈,၉၃၉.၅	၁၂.၉	၅.၅
	၂	သားငါး	၈,၁၀၇,၉၄၀.၃	၇.၇	၈,၇၅၄,၄၁၄.၀	၇.၃	၈.၀
	၃	သစ်တော	၈၀,၅၅၃.၉	၀.၁	၇၇,၂၃၇.၄	၀.၁	-၄.၁
	၄	စွမ်းအင်	၄,၆၈၈,၀၁၂.၄	၄.၄	၄,၇၂၄,၇၇၆.၁	၄.၀	၀.၈
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၁,၀၁၂,၆၃၈.၅	၁.၀	၁,၀၉၇,၃၂၂.၈	၀.၉	၈.၄
	၆	စက်မှုလက်မှု	၂၆,၁၈၆,၆၆၃.၁	၂၄.၈	၃၀,၄၇၉,၁၀၄.၇	၂၅.၆	၁၆.၄
	၇	လျှပ်စစ်ဓာတ်အား	၁,၄၆၁,၉၂၀.၂	၁.၄	၂,၀၈၀,၀၃၇.၃	၁.၇	၄၂.၃
	၈	ဆောက်လုပ်မှု	၆,၇၀၁,၀၀၂.၇	၆.၄	၇,၇၁၃,၈၆၇.၅	၆.၅	၁၅.၁
၂		**ဝန်ဆောင်မှုတန်ဖိုး**	၂၁,၀၉၅,၃၉၉.၄	၂၀.၀	၂၃,၈၅၈,၁၄၀.၇	၂၀.၀	၁၃.၁
	၁	ပို့ဆောင်ရေး	၁၁,၈၃၈,၈၁၃.၆	၁၁.၂	၁၃,၅၅၅,၄၄၁.၅	၁၁.၄	၁၄.၅
	၂	ဆက်သွယ်ရေး	၂,၀၇၇,၀၂၅.၉	၂.၀	၂,၂၃၄,၉၃၅.၇	၁.၉	၇.၆
	၃	ငွေရေးကြေးရေး	၃၆၇,၆၀၅.၂	၀.၄	၄၀၉,၀၂၇.၆	၀.၃	၁၁.၃
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၃,၄၂၇,၃၈၄.၉	၃.၂	၃,၅၈၀,၃၂၉.၃	၃.၀	၄.၅
	၅	အခြားဝန်ဆောင်မှု	၃,၃၈၄,၅၆၉.၈	၃.၂	၄,၀၇၈,၄၀၆.၆	၃.၄	၂၀.၅
၃		**ကုန်သွယ်မှုတန်ဖိုး**	၂၁,၆၄၀,၂၄၈.၂	၂၀.၅	၂၄,၉၂၉,၅၆၅.၃	၂၁.၀	၁၅.၂
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	၁၀၅,၄၈၂,၃၂၅.၄	၁၀၀.၀	၁၁၉,၀၂၃,၄၀၅.၃	၁၀၀.၀	၁၂.၈

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

ပူးတွဲ-၆

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇
၁	ကချင်ပြည်နယ်	၁,၉၃၆,၃၂၄.၄	၁.၈	၂,၁၇၁,၉၁၇.၈	၁.၈	၁၂.၂
၂	ကယားပြည်နယ်	၃၅၈,၈၆၀.၉	၀.၃	၃၉၁,၄၀၂.၈	၀.၃	၉.၁
၃	ကရင်ပြည်နယ်	၁,၈၈၂,၁၄၇.၁	၁.၈	၂,၁၀၉,၁၇၃.၂	၁.၈	၁၂.၁
၄	ချင်းပြည်နယ်	၄၃၂,၈၂၇.၂	၀.၄	၄၉၁,၀၆၄.၂	၀.၄	၁၃.၅
၅	စစ်ကိုင်းတိုင်းဒေသကြီး	၁၂,၄၃၀,၀၂၀.၆	၁၁.၈	၁၄,၁၈၄,၈၇၂.၆	၁၁.၉	၁၄.၁
၆	တနင်္သာရီတိုင်းဒေသကြီး	၄,၃၃၂,၁၆၆.၉	၄.၁	၄,၅၉၄,၂၂၄.၃	၃.၉	၆.၀
၇	ပဲခူးတိုင်းဒေသကြီး	၈,၄၆၀,၁၁၅.၃	၈.၀	၉,၄၇၅,၂၀၁.၅	၈.၀	၁၂.၀
၈	မကွေးတိုင်းဒေသကြီး	၈,၁၉၂,၇၉၉.၁	၇.၈	၉,၃၇၅,၄၅၀.၄	၇.၉	၁၄.၄
၉	မန္တလေးတိုင်းဒေသကြီး	၁၁,၃၈၅,၉၃၇.၃	၁၀.၈	၁၂,၉၂၄,၈၆၄.၉	၁၀.၈	၁၃.၅
၁၀	မွန်ပြည်နယ်	၄,၂၈၇,၅၄၀.၈	၄.၁	၄,၇၉၀,၅၈၆.၉	၄.၀	၁၁.၇
၁၁	ရခိုင်ပြည်နယ်	၄,၆၆၄,၀၈၁.၂	၄.၄	၅,၀၁၀,၂၈၂.၁	၄.၂	၇.၄
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၆,၇၄၀,၈၇၈.၉	၂၅.၄	၃၁,၀၄၂,၃၆၁.၀	၂၆.၁	၁၆.၁
၁၃	ရှမ်းပြည်နယ်	၆,၀၆၆,၀၉၆.၇	၅.၇	၆,၇၂၀,၂၈၉.၅	၅.၆	၁၀.၈
၁၄	ဧရာဝတီတိုင်းဒေသကြီး	၁၂,၂၅၁,၆၆၉.၂	၁၁.၆	၁၃,၄၀၅,၉၃၉.၆	၁၁.၃	၉.၄
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၂,၀၅၉,၈၅၉.၈	၂.၀	၂,၃၃၅,၇၇၄.၅	၂.၀	၁၃.၄

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

ပူးတွဲ-၇

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၈,၈၀၅,၈၅၆.၄	၂၆.၅၀	၁၀,၁၅၄,၈၆၀.၃	၂၇.၀၉
၂	သမဝါယမပိုင်	၄,၂၇၀.၁	၀.၀၁	၄,၃၁၇.၁	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၂၄,၄၁၆,၈၀၆.၀	၇၃.၄၉	၂၇,၃၃၃,၁၉၅.၂	၇၂.၉၀
	စုစုပေါင်း	၃၃,၂၂၆,၉၃၂.၅	၁၀၀.၀၀	၃၇,၄၉၂,၃၇၂.၆	၁၀၀.၀၀

ပူတာအိုမြို့နယ်၌ ဆိုလာစနစ် မီးလင်းရေးစီမံကိန်း အကောင်အထည်ဖော်မှုလုပ်ငန်းညှိနှိုင်းစည်းဝေး

ပူတာအို ဇူလိုင် ၁၇

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း (မဟာဓာတ်အားလိုင်း ပြင်ပ ဆိုလာစနစ်အစီအစဉ်) အကောင် အထည်ဖော်ဆောင်ရွက်မှု အခြေအနေ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

မီးလင်းရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးတွင် ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီတို့က အမှာစကား ပြောကြားပြီး မြို့နယ် ဦးစီးမှူးဦးဌေးမြင့်က ပူတာအိုမြို့နယ်တွင် မဟာဓာတ်အားလိုင်း ပြင်ပရှိ ကျေးရွာပေါင်း ၃၂ ရွာတွင် ဆိုလာ စနစ်မီးလင်းရေး စီမံကိန်းဆောင်ရွက်မည့် အခြေအနေ၊ ပထမအရစ် ပြည်သူ ထည့်ဝင်ငွေဖြင့် ပြီးစီးမှု အခြေအနေ၊ ဒုတိယအရစ် ပြည်သူထည့်ဝင်ငွေ ဆက်လက်ထည့်ဝင်ရမည့် အခြေအနေ၊ ပထမအရစ်နှင့် ဒုတိယအရစ် နှစ်ရစ်အပြီး ပြည်သူထည့်ဝင်ငွေ အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် မဟာဓာတ်အား လိုင်းပြင်ပရှိကျေးရွာ ၃၂ ရွာမှ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေး ကော်မတီများ၊ ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများက ဆိုလာစနစ် မီးလင်း ရေးစီမံကိန်းနှင့်ပတ်သက်၍ မေးမြန်း ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖုန်ကန် (ပူတာအို)

ပုဗ္ဗသီရိမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြောစဉ်။

သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ ညွှန်ကြားမှုဖြင့် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ကျည်တောင်ကန်နယ်မြေ ရဲစခန်းမှူးရဲအုပ်သန်းဝေသည် ယမန်နေ့က ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ အမှတ်(၁၅) အ.ထ.က ၌ မူခင်းအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ကျော်လှိုင်သင်း (နေပြည်တော်)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရွှေခရုကာကွယ်နှိမ်နင်းရေး စုပေါင်းဆောင်ရွက်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် တစ်မြို့နယ်၌ စိုက်ပျိုးရန် စပါး မျိုးစုံ သတ်မှတ်လျာထား ဧကပေါင်း ၂၅၂၁၇ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ တောင်သူ လယ်သမားများက လယ်ယာလုပ်ငန်းခွင် ဝင်ရောက်ပြီး ကြိုးပမ်း စိုက်ပျိုးလျက်ရှိသည်။

ယင်းမော်လမြိုင်ကျွန်းမြို့နယ် ဒေသခံတောင်သူများ စပါးသီးနှံ စိုက်ပျိုးချိန်ကာလတွင် စပါးသီးနှံဖျက် ရွှေခရု အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူးဦးကျော်ဌေးနှင့် နယ်မြေစိုက်ပျိုးရေးတာဝန်ခံ ကွင်း ဝန်ထမ်းများသည် ကျေးရွာနယ်မြေအလိုက် ဇွန်၊ ဇူလိုင် နှင့် ဩဂုတ်လများကို အဓိကအလေးပေး ကွင်းဆင်းကာလ အဖြစ် သတ်မှတ်ပြီး ကျေးရွာအုပ်စု စုရပ်အလိုက် ဒေသခံ တောင်သူများနှင့် တွေ့ဆုံပြီး ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

အဆိုပါ မြို့နယ်တွင် စပါးသီးနှံ စိုက်ပျိုးချိန်ကာလ၌ သီးနှံဖျက် ရွှေခရုများကို ကာကွယ်နှိမ်နင်းရေးအတွက် ကျေးရွာများတွင် တောင်သူမိသားစုကိုယ်တိုင် သီးနှံဖျက် ရွှေခရုများကို နံနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ်တို့တွင် လယ် ယာစိုက်ကွင်းများသို့ကွင်းဆင်းသွားရောက်ကြပြီး ရွှေခရုနှင့် ရွှေခရုဥမြုံများကို ကောက်ယူခြင်း၊ ဖျက်ဆီးနှိမ်နင်းခြင်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြသည်။ **မော်ကျွန်း-မြင့်အောင်**

မြို့သစ်မြို့နယ် မြတ်လေးကုန်းကျေးရွာ မြေသားမိုးရေလှောင်ကန်ပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

မြို့သစ် ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြတ်လေးကုန်း ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေကန် အဖြစ် အသုံးပြုနေသည့် ကန်မကြီး မြေသားမိုးရေ လှောင်ကန်ကြီးကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်မှုများ ဆောင် ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြတ်လေးကုန်းကျေးရွာရှိ မြေသားမိုးရေလှောင် ကန်ကြီးကို ရေဝင်ရေယာ တိုးချဲ့ပြုပြင်ခြင်း၊ ရေပိုလွှဲ အရှည် ၁၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့်လေးပေ ပြုပြင် ခြင်း လုပ်ငန်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၃ ဒသမ ၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန် ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်သည် မြတ်လေး ကုန်းကျေးရွာ၏ အဓိက မှီခိုအားထားရသည့် သောက် သုံးရေကန်ကြီးဖြစ်ရာ မိုးရေသိုလှောင်နိုင်မှု နည်းပါးနေ ခြင်းနှင့် ရေပိုလွှဲ ကောင်းမွန်မှုမရှိခြင်းကြောင့် သောက် ရေသုံးရေ လုံလောက်စွာ မသိုလှောင်နိုင်တော့သဖြင့် ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီအမီ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မိုးတွင်း တစ် တွင်းလုံး ရေများ သိုလှောင်နိုင်တော့မည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှူး ဦးသန်းဝင်းက ပြောသည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်ကြီး ပြန်လည် ပြုပြင်ဆောင်ရွက်နိုင်မှုကြောင့် မြတ်လေးကုန်း ကျေးရွာ ရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၅၅၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် လာမည့်နွေရာသီကာလ သောက် သုံးရေအခက်အခဲများ အဆင်ပြေသွားစေမည် ဖြစ် ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ကျောင်းတော်ရာဘုရား ငါးစာကျွေးဆိပ်ကမ်း ဖွင့်ပွဲကျင်းပ

ပွင့်ဖြူ ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း နှစ်စဉ်ကျင်းပမြဲ ပွဲတော်တစ်ခုဖြစ်သည့် ကျောင်းတော်ရာဘုရား ငါးစာကျွေးဆိပ်ကမ်း ဖွင့်ပွဲကို ဇူလိုင် ၁၆ ရက်(ဝါဆိုလပြည့် နေ့)နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ဘူးသည်ကျေးရွာအနီးရှိ ကျောင်းတော်ရာဘုရား ငါးစာကျွေးဆိပ်ကမ်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ငါးစာကျွေးဆိပ်ကမ်း ဖွင့်ပွဲတွင် ကျောင်းတော်ရာဘုရားကြီး ဩဝါဒါစရိယဆရာ တော်က ဧည့်ပရိသတ်များအား သီလချီးမြှင့်ကာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပွားများပြီး ငါးကျွေးဆိပ်သို့ဆင်း၍ ဘုရားဖူး လာသည့်ငါးများအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဧည့်ပရိ သတ်များက တပျော်တပါး ငါးစာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ ဖွင့်ပွဲသို့ မင်းဘူး ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းတော်ရာ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ကျောင်းတော်ရာကျေးရွာနှင့် ဘူးသည် ကျေးရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဘုရား ငါးစာကျွေးဆိပ်ကမ်း ဖွင့်ပွဲကို နှစ်စဉ် ဝါဆို လပြည့်နေ့တိုင်း ကျင်းပပြီး ဘုရားဖူးလာသည့်ငါးများအား ငါးစာကျွေးမွေးလှူဒါန်း ခြင်းကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလကြာ ပြုလုပ်လေ့ ရှိကြောင်း သိရသည်။ ဆိပ်ကမ်းဖွင့်သည့် ဝါဆိုလပြည့် နံနက်ပိုင်းက စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးနှင့် ငါးစာကျွေးဆိပ်ကမ်း၌ မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာသော ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိကြောင်း ကျောင်းတော်ရာဘုရားဂေါပကအဖွဲ့ဝင် ဘဏ္ဍာရေးမှူး ဦးကြည်စိုး ၏ ပြောကြားချက်အရ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာ ရှာဖွေ ခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီး ရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက် နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေ ကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လူလှော်လှေများအား ကြိုတင်စုစည်းထား ခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသ နေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက် ကယ်ဖောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ် ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထား ခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက် ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ် များ ဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက် / ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

လျှော့ချပြုပြင် ပြန်သုံးလို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်က အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကား

တွေ့ဆုံမေးမြန်း - ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

ဦးမိုးဇင် (အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး)

ဦးတင်မောင်ဝင်း (မော်တော်ယာဉ် အငှားလုပ်ငန်းရှင်)

ကိုမိုးယံဝင့်ထည် (စားသောက်ဆိုင်လုပ်ငန်းရှင်)

ဦးကံအောင် (ဘက်ထရီဆားပစ်နှင့် အရောင်းဆိုင်ရှင်)

စာရေးဆရာ ကြည်မင်းစံ(ရန်ကုန်)

မချိုမာမြင့် (ကုမ္ပဏီဝန်ထမ်း)

ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်တွင် ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများအား အောက်မေ့သတိရစွာဖြင့် ကျင်းပသွားရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါ ခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ်နေ ပြည်သူများ၏ အများပြည်သူပြောကြား အာဇာနည်နေ့အမှတ်တရစကားအစီအစဉ်ကို စုစည်းဖော်ပြလိုက်ရပါသည်။

ဦးမိုးဇင် (အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး)

အာဇာနည်နေ့ မရောက်ခင် တစ်ပတ်လောက်အလိုမှာ မွေးခဲ့တာဆိုတော့ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုပိုဖြစ်ခဲ့တယ်။ မှတ်မှတ်ရရဆိုရင် ဝမ်းနည်းကြေကွဲဖွယ် အာဇာနည်နေ့အဖြစ်အပျက်ကြီးဖြစ်ပွားခဲ့တာကို အမေ့ပြောစကားအရ သိရတယ်။ အဲဒီနောက်ပိုင်း မူလတန်းအရွယ်၊ အလယ်တန်းအရွယ်လောက်ကနေပြီး အာဇာနည်နေ့အကြောင်းအရာ အဖြစ်အပျက်တွေနဲ့ အတူ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်နဲ့ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှုတွေကိုပိုပြီး သိရှိလာတယ်။ အဲဒီလိုသိရှိလာတာနဲ့အမျှ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပိုပိုပြီး လေးစားလာတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆိုရင် အသက်အရွယ်နဲ့မမျှအောင် တိုင်းပြည်အတွက် ကြိုးပမ်းခဲ့တယ်။ သူဖြတ်သန်းခဲ့တဲ့ နေရာအတော်များများမှာလည်း အကြီးအကဲခေါင်းဆောင်နေရာတွေ ရခဲ့တယ်။ အရွယ်နဲ့ မလိုက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ သူ့ရဲ့ အတိုက်အခံပုဂ္ဂိုလ်တွေကတောင် ပြန်ပြီး လေးစားရတယ်။ ဒါ့ကြောင့် အဘအတွက်ကတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ လူထူးလူဆန်းကြီးတစ်ဦးပါ။ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမြဲသတိတရရှိနေတယ်။ အဲဒီလိုပဲ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ ပြည်သူတွေအတွက် အမြဲလေးစားအားကျပြီး အမှတ်တရရှိနေမယ့် ပုဂ္ဂိုလ်ကြီးတွေပါ။

မူလတန်းအရွယ် ကလေးငယ်တွေကစပြီး အမြဲ အမှတ်တရဖြစ်အောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ပုံနဲ့ ငွေစက္ကူထုတ်သင့်တယ်။ နေ့စဉ်ထိတွေ့ကိုင်တွယ်နေတဲ့ ပိုက်ဆံမှာ ဂုဏ်ယူစွာနဲ့ အမြတ်တနိုးရိုက်နှိပ်ထုတ်ဝေလိုက်ရင် တောရော၊ မြို့ပါမကျန် နေထိုင်ကြတဲ့ ကလေးတွေကစပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့သမိုင်းကြောင်းနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကို ပိုပြီး သိရှိလာနိုင်လိမ့်မယ်လို့မြင်တယ်။

ဦးတင်မောင်ဝင်း (မော်တော်ယာဉ် အငှားလုပ်ငန်းရှင်)

အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ နေ့ရက်တွေကို ဘယ်မေ့လို့ရမှာလဲ။ ၁၂ နှစ်သားလောက်ကတည်းက အာဇာနည်တွေရဲ့အကြောင်းနဲ့ သူတို့ရဲ့ စွမ်းဆောင်မှုတွေကိုသိတော့ လေးစားအားကျခဲ့ရတယ်။ အခုဆိုရင် အာဇာနည်နေ့အခမ်းအနားတွေကို အရင်တုန်းကထက် ကျယ်ကျယ်ပြန့်ပြန့်လုပ်လာကြတယ်။ လူငယ်တွေလည်း တက်တက်ကြွကြွနဲ့ အာဇာနည်ကုန်းကို သွားပြီး ဂါရဝပြုတာမျိုးတွေ များလာတာတွေ့ရတယ်။ ဒါဟာကောင်းတဲ့ လက္ခဏာတွေပါပဲ။

လူငယ်တွေအနေနဲ့ စံပြုအတုယူလောက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားပြီး အမြဲသတိတရရှိနေမယ်၊ သူတို့လို ကျင့်ကြံဆောင်ရွက်နိုင်မယ်ဆိုရင် တိုင်းပြည်အတွက် လူတော်လူကောင်းတွေ များလာပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ မျှော်မှန်းထားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အနာဂတ်မှာ မလွဲမသွေရောက်လာနိုင်ပါတယ်။ ဒါကြောင့် အာဇာနည်နေ့နီးမှ အာဇာနည်နေ့ကို သတိရတာမျိုးမဟုတ်ဘဲ အာဇာနည်တွေရဲ့ စိတ်ဓာတ်တွေကို အတုယူပြီး ကိုယ့်နိုင်ငံလွတ်လပ်ရေးအတွက် ပုံဖော်ခဲ့ပေးခဲ့တာတွေကို အမြဲသတိရနေဖို့ လိုပါတယ်။ လူငယ်တွေကို အဲဒီလိုစိတ်ဓာတ်တွေ များများဖြစ်ပေါ်လာအောင် ဆက်လက်ကမ်းလှမ်းပေးဖို့လိုပါတယ်။

ကိုမိုးယံဝင့်ထည် (စားသောက်ဆိုင်လုပ်ငန်းရှင်)

အာဇာနည်နေ့ကတော့ အခြားသော အထိမ်းအမှတ်နေ့တွေနဲ့မတူပါဘူး။ ဝမ်းနည်းဖို့ကောင်းတဲ့ အတိတ်သမိုင်းကြောင်းကို သိထားတော့ အာဇာနည်နေ့နဲ့ပတ်သက်ပြီး အမေဒေါ်လှမြိုင်ရဲ့ သီချင်းကို ကြားတိုင်း ဝမ်းနည်းကြေကွဲစွာနဲ့ ခံစားရတယ်။ ဇူလိုင်မိုးဖွဲဖွဲလေးတွေကျတဲ့အချိန်ဆိုရင် ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေလုပ်ကြံခံရတာ ဒီလိုအချိန်ပဲဖြစ်လိမ့်မယ်လို့ ကိုယ့်ဟာကိုယ်တွေးမိနေတတ်တယ်။ အာဇာနည်နေ့နဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့အကြောင်းဟာ ကျွန်တော်တို့ ပြည်သူတွေရဲ့ ရင်ထဲမှာအမြဲတမ်းရှိနေမှာပါ။

ပြည်သူတွေအနေနဲ့ အာဇာနည်တွေကို သတိရနေသလို သူတို့ချမှတ်ခဲ့တဲ့ စည်းကမ်းတွေ၊ လမ်းစဉ်တွေကို လိုက်နာပြီး အာဇာနည်တွေရဲ့ စိတ်ဓာတ်မျိုးတွေ ရှိစေချင်တယ်။ အခုနောက်ပိုင်းနှစ်တွေမှာ အာဇာနည်နေ့ရောက်ရင် လူငယ်တွေအနေနဲ့ အာဇာနည်ကုန်းကိုသွားရောက်ပြီး ဂါရဝပြုတာမျိုးတွေ ပိုများလာတယ်။ သူတို့အနေနဲ့ အာဇာနည်နေ့ မရောက်ခင်တည်းက အဲဒီလိုဂါရဝပြုမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ ဖြစ်နေတာ၊ ဒါကိုအားပေးရမယ်။

ဦးကံအောင် (ဘက်ထရီဆားပစ်နှင့် အရောင်းဆိုင်ရှင်)

အာဇာနည်ခေါင်းဆောင်ကြီးတွေကျဆုံးခဲ့တာ နှစ်ပေါင်းများစွာကြာပြီဆိုပေမယ့် ကျွန်တော်တို့ အနေနဲ့ကတော့ မနေ့တစ်နေ့ကလိုပဲ ခံစားနေရတုန်းပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ လောကီအနေနဲ့ တိုင်းပြည်အတွက် အနှိုင်းမဲ့ ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ ဒါကြောင့် သူတို့ကို အလေးအမြတ်ထားပြီး အာဇာနည်နေ့ အခမ်းအနားတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာတာ အင်မတန်ကောင်းပါတယ်။

အာဇာနည်နေ့နဲ့ ပတ်သက်ပြီး လူငယ်တွေ အနေနဲ့ ပြည့်ပြည့်စုံစုံသိထားသင့်သလို အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ လက်ဆင့်ကမ်း အမွေတွေလည်း ဆက်လက်ခံယူ ကျင့်သုံးသင့်တယ်။ နှမြောတမ်းတ သတိရနေရုံနဲ့ မပြီးပါဘူး။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ရည်မှန်းထားခဲ့တဲ့ ပန်းတိုင်ကို မရောက်ရောက်အောင် လက်ရှိပြည်သူတွေ အကုန်လုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြမှ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးကို ပေးဆပ်ရာရောက်မှာပါ။

စာရေးဆရာ ကြည်မင်းစံ(ရန်ကုန်)

ငယ်ငယ်တုန်းက အုတ်ကျင်းမှာနေတာဆိုတော့ အာဇာနည်နေ့ရောက်ရင် အုတ်ကျင်းဂုန်နီစက်ရုံက ဥသြရှည်ကြီးဆွဲတာကို စိတ်လှုပ်ရှားပြီး နားထောင်နေတတ်တယ်။ ကားတွေ၊ ရထားတွေကလည်းရောက်တဲ့နေရာမှာရပ်ပြီးတော့ ဟွန်းရှည်ကြီးတွေ၊ ဥသြရှည်ကြီးတွေဆွဲပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုကြတယ်။ အဲဒီအချိန်တုန်းကတော့ ကလေးဆိုတော့ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်တို့ လုပ်ကြံခံရတယ်၊ ကျဆုံးသွားကြတယ်ဆိုတဲ့ နေ့လောက်ပဲ သိခဲ့တာ။ ဗိုလ်ချုပ်တို့ရဲ့ ဆောင်ရွက်နေတာတွေ၊ စိတ်နေသဘောထားနဲ့ တိုင်းပြည်အပေါ်ထားတဲ့ စေတနာတွေကို ကောင်းကောင်းမသိခဲ့ဘူး။ အရွယ်ရောက်လာတော့မှ အာဇာနည်နေ့ဆိုတာ ငါတို့တိုင်းပြည်အတွက် ကြီးမားတဲ့ ဆုံးရှုံးမှု၊ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ဆုံးရှုံးမှုကြီးဆိုတာကို သိလိုက်ရတာနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားအားကျမှုတွေ ဖြစ်ခဲ့ရတယ်။

တိုင်းပြည်အပေါ်မှာ ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ အမြဲအမှတ်တရနဲ့ သတိတရရှိနေပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးတွေ ထပ်မံပေါ်ထွက်လာဖို့ဆိုတာ မလွယ်ပါဘူး။ အခုဆိုရင် အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို လူငယ်တွေလည်း စိတ်ဝင်တစားပိုဖြစ်လာတာ တွေ့ရတယ်။ နိုင်ငံတော်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်လာတာ တွေ့ရတယ်။ ဒါတွေဟာ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ လက္ခဏာဖြစ်သလို တိုင်းပြည်အနာဂတ်အတွက် နိုင်ငံ့သားကောင်းတွေ ပေါ်ထွက်လာဖို့ အထောက်အပံ့မျိုးတွေလည်း ရရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အာဇာနည်နေ့အခမ်းအနားတွေကို ကျေးလက်ဒေသတွေပါမကျန် ဒီ့ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်တာမျိုးဖြစ်စေချင်တယ်။

မချိုမာမြင့် (ကုမ္ပဏီဝန်ထမ်း)

အာဇာနည်ခေါင်းဆောင်ကြီးတွေဆိုတာ ကျွန်မတို့နိုင်ငံအတွက် ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ သူတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့်ပဲ လွတ်လပ်ရေးရခဲ့တယ်။ အဲဒီလိုရရှိခဲ့တာကြောင့်လည်း ကျွန်မတို့ နိုင်ငံဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်ဥပဒေ၊ ကိုယ့်အုပ်ချုပ်ရေးနဲ့ အခုလိုနေထိုင်နိုင်တာပါ။ ဒါကြောင့်လည်း အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ ကျဆုံးသွားပြီဆိုပေမယ့် အာဇာနည်မျိုး သေရိုးမရှိဆိုတဲ့ စကားအတိုင်း ကျွန်မတို့ ရင်ထဲမှာတော့ အမြဲရှင်သန်နေတယ်။ အမြဲအမှတ်တရရှိနေပါတယ်။

အာဇာနည်နေ့ရောက်ရင်တော့ ပိုပြီး သတိရတယ်။ လွမ်းဆွတ်သလိုလို ခံစားမှုတွေ ပိုဖြစ်မိတယ်။ ၂၀၁၅ ခုနှစ်တုန်းကတော့ မိုးရွာကြီးထဲမှာ အာဇာနည်ကုန်းကိုသွားပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂါရဝပြုခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်းမှာတော့ မရောက်ဖြစ်တော့ဘူး။ နိုင်ငံတော်အဆင့် ကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားကို ရုပ်မြင်သံကြားကပဲ ကြည့်ပြီး ဂါရဝပြုတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မျိုးဆက်တွေ ဂါရဝပြုတာတွေကို မြင်ရတော့ ဒီနှစ် အာဇာနည်နေ့မှာလည်း ရုပ်မြင်သံကြားကနေကြည့်ပြီး ဂါရဝပြုဖို့ စိတ်ကူးထားတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့စိတ်ဓာတ်နဲ့ လုပ်ဆောင်ချက်တွေဟာ အားလုံးအတွက် အတုယူစရာပါ။ ပြည်သူအားလုံး လိုက်နာကျင့်ကြံသင့်တယ်။ ဒါမှလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို ပြန်လည်ကျေးဇူးဆပ်ရာ ရောက်မယ်လို့ ထင်ပါတယ်။ ။

၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူ ပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ် / အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသား ဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(နိုင်ငံခြားရေးဝန်ကြီးဌာန)

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၁၇
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးဝင်းမြင့်နှင့်အတူ ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရဲစခန်း တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ ကျေးတောအုပ်စု ရွှေပြည်သာရွာတွင် တည်ဆောက်နေသည့် Sittwe Commercial Park စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်ရွက်၌ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးသူက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆတ်ရိုးကျကန် (၁) ကန်ပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ၆၆/၁၁ကေဗွီ (၁၀) အမ်ဗွီအေ ဆတ်ရိုးကျဓာတ်အားခွဲရုံတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စစ်တွေမြို့ကမ်းနားလမ်းတစ်လျှောက် ရေတိုက်စားမှု၊ ကမ်းပြိုမှုများ မဖြစ်စေရေးအတွက် ကမ်းထိန်းနံရံများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **အောင်ရဲသွင်**

ဝေန်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ဘေးမဲ့လွှတ်ပွဲပြုလုပ်

ပုသိမ် ဇူလိုင် ၁၇
ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်သော ဝေန်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ဘေးမဲ့လွှတ်ပွဲကို ပုသိမ်မြို့ကမ်းနားလမ်း ရေပေါ်ရှုခင်းသာတွင် ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

ပုသိမ်မြို့ ဝေန်မြစ်အတွင်း မြို့နယ်ငါးသားပေါက်စခန်းမှ ရရှိသော ငါးကြင်းနှင့် ငါးခုံးမ သားပေါက်ကောင်ရေ သုံးသိန်းကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး စောအောင်ရဲထွဋ်လွင်၊ ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝေန်မြစ်အတွင်းသို့ ငါးသားပေါက်များ ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဝေန်မြစ်အတွင်းသို့ ငါးသားပေါက်များ ဘေးမဲ့လွှတ်နေစဉ်။

"ငါးလွှတ်ပွဲ ကျင်းပတာကတော့ ၂၀၁၉-၂၀၂၀ ခုနှစ် လုပ်ငန်းရာသီအတွက် အင်းနဲ့ သဘာဝရေပြင် မြစ်ချောင်း အင်းအိုင်တွေမှာ ငါးသယံဇာတပေါများစေရေးအတွက် ရည်ရွယ်ပြီး ပြုလုပ်တာဖြစ်ပါတယ်။ ပုသိမ်ခရိုင် ငါးသားပေါက်စခန်းကနေ လိုအပ်တဲ့ ငါးသားပေါက်တွေ ရရှိဖို့ လုပ်ငန်းရှင်တွေအနေနဲ့ လာရောက်ဆက်သွယ်ရင် ငါးသားပေါက်ရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိသလို လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့နည်းပညာနဲ့ အသိပညာပေးလုပ်ငန်းတွေလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ငါးသားပေါက်စခန်းများမှ ငါးခုံးမ၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ရွှေဝါငါးကြင်း၊ မြက်စားငါးမျိုးများ သားဖောက်ပြီး ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ငါးမွေးကန် တစ်သိန်းကျော်နှင့် ပုစွန်မွေးမြူရေးကန် ခြောက်သောင်းဝန်းကျင်ရှိကြောင်း၊ တစ်နှစ်လျှင် ပုသိမ်ငါးသားပေါက်စခန်းသည် ငါးသားပေါက် သိန်း ၂၀၀ ဝန်းကျင်ခန့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **မင်းထွန်းဇော်**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသနှင့်အတူ ဒေသထွက်ကုန်ရိုးရာယွန်းထည်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်

မန္တလေး ဇူလိုင် ၁၇
မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ခြင်းကြောင့် မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည့် ပုဂံဒေသနှင့်အတူ အဆိုပါဒေသ၏ အဓိက ရိုးရာလက်မှုထုတ်ကုန်ဖြစ်သည့် ယွန်းထည်လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း ပုဂံဒေသရှိ ပစ်တိုင်းထောင် မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းမှ ဦးမောင်မောင်က ပြောကြားသည်။

မြန်မာ့ရိုးရာယွန်းလက်မှု ပညာရပ်သည် အေဒီ ၁၂ ရာစုနှင့် ၁၃ ရာစု အတွင်းက ပုဂံဒေသနှင့်အတူ အနော်ရထာ မင်းလက်ထက်တွင် ထွန်းကားခဲ့သည့် ရိုးရာအမွေအနှစ် လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် လက်ရှိတွင်လည်း ပုဂံဒေသ၏ အဓိကလက်မှုထုတ်ကုန်အဖြစ် ထင်ရှားလျက်ရှိနေပြီး ပုဂံကို လာရောက်ကြသည့် နိုင်ငံတကာခရီးသွားတိုင်း ပုဂံဒေသ၏ ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများကို လေ့လာကြည့်ရှုကြသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် အဆိုပါ ယွန်း လုပ်ငန်းလက်မှုပညာရပ်များကိုလည်း စိတ်ဝင်တစား လေ့လာကြည့်ရှုကာ အမှတ်တရပစ္စည်းအဖြစ် ဝယ်ယူလေ့ရှိကြောင်း သိရသည်။

"ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားတဲ့ ပုဂံဒေသကို ကမ္ဘာက ပိုမိုသိရှိပြီး ခရီးသွားတွေ အခုထက် ပိုမိုဝင်ရောက်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ ရိုးရာယွန်းလက်မှုပညာရပ်တွေကိုလည်း ကမ္ဘာကို ပိုမိုသိရှိအောင် ချပြနိုင်မယ့် အခွင့်အရေးတွေ ရရှိလာမှာဖြစ်တဲ့အတွက် ပုဂံဒေသနဲ့အပြိုင် ယွန်းလုပ်ငန်းဟာလည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော်တို့ ယွန်းလုပ်ငန်းရှင်တွေအားလုံး မျှော်လင့်နေကြတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ယွန်းထည်လုပ်ငန်းအား ရိုးရာနည်းပညာရပ်များဖြင့် ထုတ်လုပ်နေသည့်အပြင် ခေတ်နှင့် အညီတီထွင်ဆန်းသစ်၍ ထုတ်လုပ်လျက်ရှိပြီး အဓိကအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများရှိ ယွန်းလုပ်ငန်း လက်မှုပညာရှင်များနှင့် ပူးပေါင်းကာ နည်းပညာများ ဖလှယ်၍ ခေတ်မီယွန်းထည်ပစ္စည်းများကို တိုးတက်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)
ဓာတ်ပုံ - အောင်ဖြိုးကျော်

(၇၂) နှစ်မြောက် အာဇာနည်နေ့အကြို ပွဲများပြုလုပ်

လေးမျက်နှာ
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်က အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် အာဇာနည် ကိုးဦး၏ အတ္ထုပ္ပတ္တိများ ဗိုလ်ချုပ်၏မိန့်ခွန်းများ ဟောပြောကြသည်။

ထို့နောက် (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော လေးမျက်နှာမြို့ အမှတ် (၃) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ရွှေမိုး (ပြန်/ဆက်)**

မော်လမြိုင်ကျွန်း
(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို မူလတန်းဆင့်ဆေးရောင်စုံကလေးပန်းချီပြိုင်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပန်းချီအသင်းတို့မှ ကြီးမှူး၍ ဇူလိုင် ဒုတိယအပတ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အေ (၉) လမ်း မူလတန်းကျောင်းတို့၌ နှစ်နေရာခွဲ၍ ကျင်းပသည်။

ယင်းကျောင်းပေါင်းစုံ မူလတန်းဆင့်ကလေးပန်းချီပြိုင်ပွဲတွင် မြို့ပေါ်ရှိ မူလတန်းကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျောင်းပေါင်းစုံ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ဆေးရောင်စုံပန်းချီပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အေ (၉) လမ်း မူလတန်းကျောင်းတို့၌ ဆက်လက်ကျင်းပရာ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၁၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မော်ကျွန်း-မြင့်အောင်

လှိုင်ကော်
ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၂) နှစ်မြောက် အာဇာနည်နေ့ အကြိုစာပေဟောပြောပွဲကို ယမန်နေ့က ကယားပြည်နယ်ခန်းမ၌ ကျင်းပသည်။

ထို့နောက် အာရှသူရဲကောင်းဗိုလ်ချုပ်အောင်ဆန်းတေးသီချင်းဖွင့်၍ အခမ်းအနားဖွင့်လှစ်ပြီး စာရေးဆရာများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားကာ စာရေးဆရာအော်ပီကျယ်က ညာသံသရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမောင်သာချိုက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ပညာဉာဏ်ပြည့်ဝရန် လိုအပ်ပုံများကို လည်းကောင်း ဟောပြောကြသည်။

လှိုင်ကော်သား

မြန်အောင်
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဇူလိုင် ၁၅ ရက်က ၇၂ နှစ် မြောက်အာဇာနည်နေ့အကြို မူလတန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၂ ဦးက အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူခဲပန်းချီရေးဆွဲယှဉ်ပြိုင်ခဲ့ကြသည်။

ဟောပြောပွဲတွင် စာရေးဆရာ ချစ်ကောင်းလတ်(Wisdom Box)က အာဇာနည်ခေါင်းဆောင်ကြီးများနှင့် မြန်မာ့သမိုင်းကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဘဝဖြတ်သန်းခဲ့ရမှုနှင့် မိသားစုမှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝဖြတ်သန်းမှုနှင့် နတ်မောက်မြို့နေအိမ်ပြတိုက်နှင့် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် ပြသထားသည့် နေအိမ်ပုံစံနှင့် အသုံးအဆောင်ပစ္စည်းများကို မှတ်တမ်းဓာတ်ပုံကြီးများဖြင့် ပြသပေးထားကြောင်း သိရသည်။

ထွန်းဇော်ထွန်း (မြန်မာစာ)

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ထိရောက်ပြီး အကျိုးရှိသော အစည်းအဝေးများဖြစ်အောင် စီမံဆောင်ရွက်ကြစေလို

တိုက်မောင်း

မိသားစုစကားဝိုင်း

လူသားသည် တစ်ဦးတစ်ယောက်တည်းနေထိုင်တတ်သော သတ္တဝါမဟုတ်။ ကမ္ဘာဦးကာလကတည်းက အုပ်စုလိုက်၊ အဖွဲ့လိုက် ရွှေ့ပြောင်းနေထိုင်ကြရာမှ ကျေးရွာများ၊ မြို့ရွာများ ထူထောင်လာကြ၏။ အဖွဲ့အုပ်စုများ၏ အခြေခံမှာ မိသားစုဖြစ်လေသည်။ မိသားစုများမှာပင် မိဘနှင့်သားသမီး၊ မောင်နှမများအကြား မတူကွဲပြားခြားနားမှုများ ရှိနေသည်။ ထိုအခါ မိသားစုအတွင်း၌ပင် ပြဿနာများဖြစ်လာပြီး ဖြေရှင်းရန် လိုအပ်လာ၏။ အဖေဖြစ်သူက ဦးဆောင်၍ဖြစ်စေ၊ အမေဖြစ်သူက ဦးဆောင်၍ဖြစ်စေ ဖြစ်ပေါ်လာသည့် အကြောင်းအရာအပေါ် မူတည်ပြီး ဖြေရှင်းပေးကြရသည်။ ထိုအချိန်မျိုးတွင် မိသားစုအားလုံး ဝိုင်းဖွဲ့ရန် လိုအပ်လာ၏။ မိသားစုဝင်များအားလုံး စုံလင်စွာစုဝေး၍ နှီးနှောတိုင်ပင်အဖြေရှာခြင်းသည်ပင်လျှင် အစည်းအဝေးများ၏ အခြေခံအစဟု ဆိုချင်ပါသည်။

စကားဝိုင်းနှင့် အစည်းအဝေး

မိသားစုများဝိုင်းဖွဲ့၍ စကားပြောခြင်းကို အစည်းအဝေးဟု ခေါ်ပါမည်လား။ ဝိုင်းဖွဲ့စကားပြောခြင်းသည် မိသားစုအတွင်း ပြဿနာများ၊ စုပေါင်းလုပ်ကိုင်ရန်ရှိသည်များကို ဖြေရှင်းရန်နှင့် နည်းလမ်းရှာဖွေရန်ဖြစ်သည်။ ဝိုင်းဖွဲ့စကား ပြောရာတွင် စမည့်အချိန် ပါမည်။ သို့သော် ဘယ်သူပြီးမှ ဘယ်သူပြောရမည်ဆိုသည့် အစီအစဉ် အသေးစိတ် မပါနိုင်။ ကြိုက်တဲ့သူက ကြိုက်တဲ့အချိန် ဝင်၍ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်၏။ မှတ်တမ်းလိုက်မည့်သူမလို။ ဆုံးဖြတ်ချက်များတော့ ပါနိုင်သည်။ လုပ်ရမည့်သူလည်း ရှိနိုင်၏။

စကားပြောမည့်နေရာသည် ထမင်းဝိုင်းလည်း ဖြစ်နိုင်သလို၊ မီးဖိုနံဘေးတွင်လည်း ဖြစ်နိုင်၏။ အချိန်အတွက် စိတ်ပူစရာမလို။ လူစုံတဲ့အချိန် စနိုင်သည်။ မိသားစုထမင်းဝိုင်း၊ သူငယ်ချင်းများနဲ့ လက်ဖက်ရည်ဝိုင်း၊ ကျောင်းသား ကျောင်းသူများအဖို့ စာသင်ချိန်ပြင်ပ စကားစမြည် ပြောခြင်းများကို ဆိုလိုခြင်းဖြစ်သည်။ အစည်းအဝေးနှင့် စကားဝိုင်း ဘာကွာသနည်း။

အစည်းအဝေးဆိုသည်မှာ

အစည်းအဝေးတွင် အကြောင်းအရာ သို့မဟုတ် အစည်းအဝေးခေါင်းစဉ်သည် အဓိကကျသည်။ ဆွေးနွေးညှိနှိုင်းရန်ရှိက တက်ရောက်လာသူများက အသေးစိတ် ဆွေးနွေးနိုင်ရန် ကြိုတင်ယူဆောင်လာရမည့် အချက်အလက်များကို သက်ဆိုင်ရာဌာနအလိုက် အစည်းအဝေးဖိတ်စာတွင် တစ်ပါတည်း ထည့်သွင်းဖော်ပြရန် လိုသည်။ အစီအစဉ်(Agenda)ပါရမည်။ ဖိတ်ကြားမည့်စာရင်း ပါရမည်။ အစည်းအဝေး စမည့်အချိန်၊ အစည်းအဝေးပြီးဆုံးရမည့် အချိန်များကိုAgenda ၌တစ်ပါတည်း ပူးတွဲ၍ ပါသင့်သော်လည်း များသောအားဖြင့် အစည်းအဝေးစမည့်အချိန်သာပါပြီး ဆုံးမည့်အချိန်ကို ထည့်မထားတတ်ကြ။ အစည်းအဝေး ပြုလုပ်မည့်နေရာ ပါသည်။ ဖြစ်နိုင်လျှင် အစည်းအဝေးပြုလုပ်မည့်တည်နေရာ မြေပုံကြမ်းကိုပါ ထည့်ပေးသင့်သည်။

အစည်းအဝေးအတွက် လိုအပ်ချက်များ

အစည်းအဝေးနှင့်ပတ်သက်၍ ကြိုတင်ညှိနှိုင်းရန်ကိစ္စများရှိပါက ဦးဆောင်ပြုလုပ်သည့်ဌာနမှ တာဝန်ရှိသူက အခြားဌာနများနှင့် အစည်းအဝေး မစတင်ခင် ကြိုတင်ဆက်သွယ် ဆောင်ရွက်ထားရမည်။ အခမ်းအနားမှူးလိုအပ်က စီစဉ်ထားရမည်။ ပုံမှန်အစည်းအဝေးဖြစ်ပါက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီး၊ မပြီးကို တက်ရောက်လာသူများက တင်ပြနိုင်စေရန် အခမ်းအနားမှူးက ဖိတ်ခေါ်ပေးရမည်။ တက်ရောက်လာသူများ စာရင်းကို မှတ်တမ်းတင်ထားရမည်။ အစည်းအဝေး စမည့်အချိန်အပေါ်မူတည်၍ အဆာပြေစားသောက်ဖွယ်ရာများကိုလည်း ကြိုတင်စီစဉ်ထားရမည်။ ဖြစ်နိုင်ပါက အစည်းအဝေးစမည့်အချိန်သည် နေ့လယ်စာ၊ ညနေစာ စားသောက်မည့်အချိန်တို့နှင့် နီးကပ်မှုမရှိစေရန် လိုသည်။

အစည်းအဝေးတွင် သတိပြုဖွယ်ရာများ

ပုံမှန်အားဖြင့် အစည်းအဝေးများသည် ဦးဆောင်မည့်ပုဂ္ဂိုလ်၏ အချိန်ပေးနိုင်မှုအပေါ်တွင် မူတည်၍ စဉ်းစားကြ၏။ ရံဖန်ရံခါ အဆိုပါပုဂ္ဂိုလ်သည် အချိန်အနည်းငယ်လွဲရုံမှ တစ်ပါးအခြားတစ်နေရာ၌လည်း အစည်းအဝေးတစ်ခုက ရှိနေပြန်၏။ ထိုအခါ အစည်းအဝေးစီစဉ်သူအဖို့ မူလက ကြိုတင်စီစဉ်ထားသည့်အချိန်ကို မစဉ်းစားနိုင်ဘဲ ရသည့်အချိန်အပေါ် မူတည်၍ ကတိုက်ကရိုက် ပြုလုပ်ရသည်များလည်း ရှိနိုင်ပါသည်။ အရေးကြီးသည့်အစည်းအဝေးများဖြစ်ပါက ဖြစ်နိုင်လျှင် မူလစီစဉ်ထားသည့်အတိုင်းသာ ဆောင်ရွက်စေသင့်ပါသည်။

အစည်းအဝေးများကို အချိန်အကြာကြီးဆွဲ၍ မပြုလုပ်သင့်ပါ။ သတ်မှတ်ချိန်အတွင်းပြီးအောင် အစည်းအဝေးကို ဦးဆောင်သူက တာဝန်ယူရပါမည်။ အချို့ပုဂ္ဂိုလ်များသည် ဆိုင်ဆိုင် မဆိုင်ဆိုင် ကြုံတုန်းလေးပြောလိုက်ဦးမည်ဟုဆိုကာ ပဝေသဏီချဲ့၍ မပြီးနိုင်တော့။ အဓိက ဆွေးနွေးမည့် အကြောင်းအရာနှင့် သွေဖည်သွားပြီး အစည်းအဝေး၏အဟုန်ကိုပါ ကျဆင်းသွားစေနိုင်သည်။ ထို့ကြောင့် လိုအပ်ပါက အခမ်းအနားမှူးက တစ်ဦးလျှင်ဆွေးနွေးနိုင်သည့်အချိန် မည်မျှရသည်ကို ကြိုတင်ကြေညာထားပေးရမည်။ တင်ပြချက်များသည် လိုတိုရှင်း ထိမိရမည်။ ဆွေးနွေးသည့် ခေါင်းစဉ်ကို အသက်ဝင်အောင် ခေါ်ဆောင်ပေးနိုင်ရမည်။

အစည်းအဝေး၏ ကောင်းကျိုးများ

အစည်းအဝေးများသည် ဆွေးနွေးပွဲများနှင့် မတူပါ။ ဟောပြောပွဲများ၏ သဘောသဘာဝများကဲ့သို့ တစ်ဖက်သတ်လည်းမဟုတ်။ အပြန်အလှန် အငြင်းအခုန် ပြောဆိုဆွေးနွေးနိုင်သည်။ အဖြေထွက်လာသည်အထိ ညှိနှိုင်း၍ရ၏။ ဆုံးဖြတ်ချက်ချမည့်ခေါင်းဆောင်ကို အကြံဉာဏ်ပွင့်လင်းလာစေရန် အထောက်အကူဖြစ်စေ၏။ တွေးတောစရာများ တစ်ပုံတစ်ပင်ကြီး ရစေ၏။ ထိရောက်သော အစည်းအဝေးများသည် အချိန်ကုန်ရကျိုးနပ်စေ၏။ တက်ရောက်လာသူများကို ဗဟုသုတရစေ၏။ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် မြန်ဆန် ထိရောက်စေ၏။

ထိရောက်သော အစည်းအဝေးများဖြစ်ရန်

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထိရောက်သော အစည်းအဝေးများကို ကျင်းပပြုလုပ်တတ်ကြရန် လိုပါသည်။ အပတ်စဉ်၊ လစဉ် အစည်းအဝေးများ ပြုလုပ်ရာတွင် အချိန်ကုန်၊ လူပန်းရုံ မဖြစ်စေသင့်။ ယခင်ဆောင်ရွက်ခဲ့သည့် အစည်းအဝေးမှတ်တမ်းပါ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ပြီး/မပြီး ပြန်လည်တင်ပြစေရမည်။ မပြီးပြတ်သေးပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို အဆုံးအဖြတ်ပေးမည့်သူထံ ကြောင်းကျိုးခိုင်လုံစွာ တင်ပြကြရမည်။ တာဝန်ရှိသူက လိုအပ်သည်များကို အချိန်မီ ပံ့ပိုးကူညီနိုင်ပြီး ရုံးလုပ်ငန်းများမှာ ပိုမိုလျင်မြန်ချောမွေ့လာမည်ဖြစ်သည်။ နိုင်ငံတော်အဆင့် ပြုလုပ်သော အစည်းအဝေး၊ အခမ်းအနားများအဖို့မူ ပို၍ အရေးကြီးပါသည်။ ငွေကြေးသုံးစွဲမှု ကြီးမားသည်နှင့်အမျှ ရလဒ်လည်း ကြီးကြီးမားမားဖြစ်ဖို့ လိုပါသည်။ စာရေးသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အားလျော်စွာ အစည်းအဝေးများစွာကို တက်ရောက်ခဲ့ဖူးပါသည်။ ရုံးချုပ်၌ဖြစ်စေ၊ နယ်စပ်ဒေသ၌ ဖြစ်စေ နိုင်ငံခြားသားများနှင့်ပါ အစည်းအဝေးများတွင် ပါဝင်ခဲ့ဖူးသည်။ ၎င်းတို့ထံမှ အတုယူဖွယ် အကြောင်းအချက်အချို့ကိုလည်း ရရှိခဲ့ပါ၏။

ပြုပြင်သင့်သည့်အချက်များ

အစည်းအဝေး တက်ရောက်သူများသည် အဆုံးအဖြတ်ပေးနိုင်သူများ သို့မဟုတ် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်နေ၏။ ဘယ်သူမအားလို့ ဘယ်သူ့ကိုယ်စား တက်ရောက်သည်ဆိုတာမျိုး နိုင်ငံခြားသားများဆီမှ သိပ်မကြားရ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည်လို့ ဆိုချင်ဆို။ ကျွန်တော်တို့နိုင်ငံရှိ အစည်းအဝေးအများစုတွင် ‘ဆရာက အခြားအစည်းအဝေးတစ်ခုရှိလို့ ဆရာ့ကိုယ်စား တက်တာပါ’ ဆိုသည့်အသံမျိုး၊ ‘ကျွန်တော့်ဆရာကို ပြန်တင်ပြလိုက်ပါ့မယ်’’ဆိုတာမျိုး၊ ‘မကြာခင်မှာ အကြောင်းပြန်ပေးပါ့မယ်’ ဆိုတာမျိုးများနှင့် ချာလပတ်ရမ်းနေပြီး တစ်ထိုင်တည်း မပြီးပြတ်သည့်ကိစ္စများက ဒုနှင့်ဒေး။ အစည်းအဝေးများတွင် ကိုယ်စားတက်ရောက်ခြင်း၊ အဆုံးအဖြတ်ပေးနိုင်သူကိုယ်တိုင် မတက်ရောက်နိုင်ခြင်း စသည့်အချက်များကို ပြုပြင်ကြရန် လိုအပ်ပါသည်။ ဌာနတစ်ခုနှင့်တစ်ခု ယခုထက်ပိုပြီး ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းဖို့ လိုအပ်မည်ထင်ပါသည်။

မိသားစုကြားမှစ၍ နိုင်ငံတော်အဆင့်ထိ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို နေ့စဉ်နှင့်အမျှ ဖြေရှင်းနေကြရ၏။ အချို့ပြဿနာများသည် အများပြည်သူနှင့်ဆိုင်၏။ ဌာန၊ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မှုရနိုင်၏။ ထိုအခါ အစည်းအဝေးသည် မဖြစ်မနေပြုလုပ်ရန် လိုအပ်လာ၏။ တိုင်းပြည်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဖြည်းဖြည်းနှင့်မှန်မှန် လျှောက်လှမ်းနေ၏။ ရှေ့သို့ မြန်မြန် ရောက်ရန်လည်း လို၏။ အိမ်နီးနားချင်းများကို အမီလိုက်နိုင်ရန် အားလုံးက တက်ညီလက်ညီ ကြိုးစားကြရမည့် အချိန်အခါကောင်းဖြစ်၏။ မဖြစ်မနေလုပ်ရမည့် အစည်းအဝေးများကို ထိရောက်ပြီး အကျိုးရှိအောင် စီမံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

“ဘယ်သူမအားလို့ ဘယ်သူ့ကိုယ်စား တက်ရောက်သည်ဆိုတာမျိုး နိုင်ငံခြားသားများဆီမှ သိပ်မကြားရ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည်လို့ ဆိုချင်ဆို။ ကျွန်တော်တို့နိုင်ငံရှိ အစည်းအဝေးအများစုတွင် ‘ဆရာက အခြားအစည်းအဝေးတစ်ခုရှိလို့ ဆရာ့ကိုယ်စား တက်တာပါ’ ဆိုသည့် အသံမျိုး၊ ‘ကျွန်တော့်ဆရာကို ပြန်တင်ပြလိုက်ပါ့မယ်’ ဆိုတာမျိုး၊ ‘မကြာခင်မှာ အကြောင်းပြန်ပေးပါ့မယ်’ ဆိုတာမျိုးများနှင့် ချာလပတ်ရမ်းနေပြီး တစ်ထိုင်တည်း မပြီးပြတ်သည့်ကိစ္စများက ဒုနှင့်ဒေး။ အစည်းအဝေးများတွင် ကိုယ်စားတက်ရောက်ခြင်း၊ အဆုံးအဖြတ်ပေးနိုင်သူကိုယ်တိုင် မတက်ရောက်နိုင်ခြင်း စသည့်အချက်များကို ပြုပြင်ကြရန် လိုအပ်ပါသည်”

၂၀၂၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ သောက်သုံးရေ ၉၀ ရာခိုင်နှုန်းအထိ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လက်ရှိ သောက်သုံးရေပေးဝေမှု လွှမ်းခြုံပေးနိုင်သည့် ပမာဏမှာ ၄၅ ရာခိုင်နှုန်းခန့်သာ ရှိနေပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း၏ ပြောကြားချက်အရ သိရသည်။

“လက်ရှိ ရန်ကုန်မြို့မှာ ရေပေးဝေမှု လွှမ်းခြုံနိုင်မှု ပမာဏက ၄၅ ရာခိုင်နှုန်းပဲ ရှိပါသေးတယ်၊ ၄၅ ရာခိုင်နှုန်းကနေ လာမယ့် ၂၀၂၅ မှာ ၉၀ ရာခိုင်နှုန်းအထိ ရေလွှမ်းခြုံပေးနိုင်အောင် ကျွန်တော်တို့ ရေပေးဝေရေး လုပ်ငန်းအသစ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်”ဟု တွဲဖက်အတွင်းရေးမှူးက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့အတွက် ငမိုးရိပ်၊ ဖူးကြီးနှင့် ဂျိုးဖြူရေလှောင်ကန်တို့မှ သောက်သုံးရေများ ဖြန့်ဖြူးပေးနေပြီး ရေပေးဝေမှုတိုးမြှင့်ပေးနိုင်ရန် လဂွန်းပြင် ရေပေးဝေရေး စီမံကိန်းနှင့် ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းတို့ကို တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းမှာ ၂၀၂၅ တွင် ပြီးစီးမည်ဖြစ်ပြီး လိုအပ်သည့် သောက်သုံးရေများကို အပြည့်အဝပေးနိုင်ရေး ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

